www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဗိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃

ချစ်မျှားရှင်
အောင်သွယ်တော်နတ်မိမယ်/ချစ်မျှားရှင်၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၂။
(၁၆၀)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ
(၁) အောင်သွယ်တော်နတ်မိမယ်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

စတွေ့သည့်နေ့လေးက မေ့မရနိုင်စွာ မှတ်မှတ်ရရဖြစ်လောက်အောင်ပင် ဘတ်စ်ကားက ချောင်နေသည်။ ဘောလုံးအသင်း ခြေစစ်ပွဲတွေရှိနေသောကြောင့် တီဗွီရှေ့ ရောက်ကုန်ကြသဖြင့် လိုင်းကားပေါ်တွင် မြင်နေကျ မျက်နှာများ ကြွက်ပျောက် ငှက်ပျောက် ပျောက်နေကြသည်။ ပျောက်စေဆရာနှင့် မန်းထားသလား အောက်မေ့ရချိန်ဝယ် သူကတော့ ကားပေါ်ရောက်နေခဲ့သည်။

မြင်သာဈေးမှတ်တိုင်တွင် ယောဂီရောင်ဝတ်စုံနှင့် ဘိုးတော်တစ်ပါး တက်လာသည်။ တင်းနစ်ဘောလုံးအရွယ်အစား ပမာဏမျှရှိသော ပုတီးလုံးများကို သီကုံးထားသည့် ပုတီးကြီးတစ်ကုံးကို လည်မှာဆွဲ၍ ဆင်မြန်းထားသည်။ ညိုညစ်ညစ် နဂါးခေါင်းသဏ္ဌာန် ဝါးပင်အမြစ်နှင့် ဘာဂလိုတိုတို တောင်ဝှေးပိန်တစ်ချောင်းကို ကိုင်ဆောင်ထား၏။ ဘိုးတော်၏ ရှည်လျားလှသော မုတ်ဆိတ်မွေးများက ကျိုးတိုးကျဲတဲ။ လူတိုင်းကို မျက်မှောင်ကျုံ့ပြီး လိုက်ကြည့်သည်။ ဘိုးတော်ကြီး မပဟာမြိုင်မှာ ဂန္ဓာရီခရီး လှည့်လည်ပြီး မြတ်သောအကျင့်ကို ကျင့်ကာ သိဒ္ဓိပေါက်သွားပြီလောဟုပင် တွေးမိစေသည်။

ဘိုးတော်က လင်းဇော်ထက်တို့ ဘေးခုံတွင် ဝင်ထိုင်သည်။ သူနှင့် ဘိုးတော် လူသွားလမ်းသာ ခြား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ဘေးတွင် မျက်နှာစူပုပ်ပုပ်နှင့် မိန်းမကြီးတစ်ယောက်ရှိသ မျက်နှာတစ်ပြင်လုံး ဖြူဖွေးနေပြီး နှုတ်ခမ်းထူ ကြီးတစ်စုံသာ နီရဲတောက်ေ သည်။ လက်ထဲတွင်လည်း အပင်ငယ်အစည်းလိုက် ကိုင်ထားသည်။

ဘိုးတော်က မျက်လုံးစုံမှိတ်၍ ပါးစပ်ကို ပွစိ ပွစိလှုပ်ကာ ဂါထာမ တွေ ရွတ်နေသည်။ ကပ်လျှက် အောင့်အီးအောင့်သက် ထိုင်နေရသူ မိန်းမပျို က မျက်လုံးပြူးကြီးများ စွေစောင်းကာ အကဲခတ်သည်။ စိတ်ကူးထဲကအဝ ဂူဂျွန်ဖြိုးနှင့် တစ်ခုံတည်းအတူထိုင်ရတာ မဟုတ်သဖြင့် စိတ်လက်တစ်ေ လောက် ညစ်ရှာပေမပေ့ါ။

ထိုရောအချိန်အခါဝယ် သူနှင့်ဘေးချင်းကပ်မှ ကောင်မလေးကေ ကြိုက်မရှက် ငိုက်မရှက် စကားနှင့်အညီ ထိုင်ငိုက်နေသည်။

ကောင်မလေး ငိုက်တာကြည့်ပြီး ဝမ်းတွင်းရှူးပီပီ လင်းဖော်ထ တစ်ယောက် အသံတိတ် ကြိတ်ပြီး ရေရွတ်မိသည်။

"ငိုက်တာလေးကိုက ချစ်စရာကောင်းလိုက်တာ"

မော်တော်ဘုတ် ခုတ်သလို ဟောက်သံပေးပြီး အာပုပ်ရည်တွေပါ ကျလာရင်တောင် ချစ်စရာကောင်းသည်ဟု လင်းဖော်ထက် တစ်ယောက် ေ မိနိုင်ဦးမလား။ ထိုအချိန်မှာပင် ...

"ဟဲ့ ...ပေးစမ်း ကောင်မ"

အသံပြဲကြီးတစ်ခုက လင်းဖော်ထက် အတွေးကို ဖျက်ဆီးဖုံးလွှမ်းသ သည်။ ဘယ်သူ့အသံပြဲကြီး ဖြစ်ရမလဲ။ ဘေးက ဘိုးတော်ကြီးပဲပေါ့။ သူ့လ ထဲမှာလည်း နံဘေးရှိ မိန်းမကြီးထံမှ အပင်တွေကို ဆွဲလုယူကာ ကိုင်ထားသ

"ဒါ ...နင်နဲ့မတန်ဘူး၊ သိဒ္ဓိ၊ မဟိဒ္ဓိပြီးမြောက်တဲ့ ဘိုးတော်စိ အပေါင်းမှ ကိုင်ခွင့်ရှိတာ၊ ဘာမှတ်လဲ ...အာသာဝတီနွယ်နီနတ်ပန်း"

ဘိုးတော်ကြီးပြောပုံအရဆိုလျှင် ထိုပန်းသည် ပုထုဇဉ်လူသား လားလားမှ မသက်ဆိုင်၊ မထိုက်တန်သည့် ပန်းဖြစ်နေသည်။ ယခုမှ ဘိုးတ



www.burmeseclassic.com

www.burmeseclassic.com



အနေအထားကို အသေအချာ အကဲခတ်မိသည်။ ဦးနှောက်အခန်းပျက်ပြီး ရှာသာကြီး ခရီး လှည့်လည်ရာမှ ပြန်လာပုံရလေသည်။

"ဟာ ...ဒီအရူးကလဲတမျောင့်၊ ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မအပင်တွေ ပြန်ပေး၊ အခုပေး ...ပေး ..."

"အံမာ ...ငါလိုဝိဇ္ဇာတစ်ယောက်ကိုများ"

"ဝိဇ္ဇာတွေ ပြိတ္တာတွေ လုပ်မနေနဲ့၊ ပေးဆိုပေးပဲ"

မပေးပေးပေး၊ ပေးပေးပေးရအောင်ယူဖို့ ဝန်မလေး၊ ကျွန်မအသက် (၁၃)နှစ် ခစ်ဟူ၍ ထပြီး ဒစွကို ဒန့်မလား အောက်မေ့ရသည်။ အဆီပိုအသား တွေ တဆတ်ဆတ် တုန်လို့ပါပဲ။

"ရင့်သီး ရိုင်းပြလှတဲ့စကားတွေ သုံးတယ်၊ ငါမန်းထည့်လိုက်ရ သေ တော့မယ်၊ ငါ ဥုံလိုက်မယ် ...ဘာမှတ်လဲ"

ဝိဇ္ဇာရူး ဘိုးတော်လည်း တောင်ဝှေးလေးစောင်းကာ တရွယ်ရွယ်နှင့် ဥုံမယ် တကဲကဲ လုပ်နေတော့သည်။ သူ့နဂါးခေါင်းကြီးက မိန်းမကြီးမျက်နှာ ရှေ့ ဝဲဝဲလာတိုင်း ရှုံ့မဲ့တွန့်လိမ်သွားရသည်။

"ဟောဒီနတ်ပန်းဟာ ဟိမဝန္တာမှာ ပေါက်တဲ့ပန်း။ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ တွေ ဆေးအဖြစ်သုံးတာ၊ ငါ့ကိုစော်ကားရင် လင်မရဘဲ မြေမျိုသွားမယ်၊ ဘာ မှတ်လဲ ...ငါဟဲ့ ဘိုးတော် ..."

ချက်ကောင်းထိ၍ အညာကိုင်လှုပ် ခံလိုက်ရသူအလား မိန်းမကြီးမှာ ဈွေ့ဈွေ့ခုန် ဒေါ်ပွသွားသည်။

"အရူးကြီး ...မြေမျိုမျို လင်မရရ ရှင့်အပူလား"

လက်စသတ်တော့ အကြောင်းတိုက်ဆိုင်နေသဖြင့် အထိနာသွားရရှာ သော ဒုက္ခသည်များဆိုင်ရာ မဟာအပျိုကြီးဖြစ်လို့နေမှကိုး။ ဘေးကလူတွေနှင့် စပါယ်ယာတို့ ပြုံးစိစိတွေဖြစ်သွားကြသည်။ အပျိုကြီး လင်မရ လန်ဒန်မြေပဲ့ယို နှင့် ဝိဇ္ဇာရူး အူမြူးဘိုးတော် ပက်ပင်းဆုံသည့်အခြေအနေက သဘောတကျ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လောက်သည်။

အလွန်အကျွံမဖြစ်ကြစေရန် စပါယ်ယာက ဝင်ရောက်ဖြန်ဖြေ ထိန်းသိမ်းရသည်။ ပြောလေကဲလေ မန်းလေ ပြဲလေ နှစ်ယောက်သားကတော့ ဆတ်ဆတ်ကြဲနှင့် ထပ်ထပ်ကဲမို့ အတောမသတ်နိုင်ပေ။

"ဟဲ့ ...လင်တရူးမ၊ နင် ...ငါ့လို ဝိဇ္ဇာကို အာခံရင် ပြာပြန်ဖြစ်သွားမယ်နော်၊ ငါလို ဘိုးတော်ကိုများ အားစမ်းချင်သေးတယ်၊ ဒါ စကားနဘန်း စင်မြင့်မဟုတ်ဘူးဟဲ့ ...ဘတ်စ်ကန်း ...အဲ ...ဘတ်စ်ကား၊ လိုင်းကား တိုးစီးရတဲ့ကား ...သိရဲ့လား ..."

"ဘိုးတော်ရူး၊ ဘိုးတော်စုတ် ...ရှင့်ကို ကျွန်မရဲတိုင်မယ်"

တစ်ခွန်းမခံ အပြန်အလှန်ပြောရင်း ဘိုးတော်ဝိဇ္ဇာနှင့် အပျိုကြီးမမ နတ်ပန်းဆိုတာကြီးကို လုကြသည်။ သူဆီရောက်လိုက် ပြန်ဆွဲလုလိုက်၊ ကိုယ်ဆီရောက်လိုက်ပြန်ယူလိုက်ဖြင့် ပန်းစည်းက လက်ပြောင်းလက်လွှဲ မြန်နေသည်။ ဟိုဘက် ဒီဘက် ရုန်းရင်းဆန်ခတ် ဆွဲလုဆုပ်ကိုင်နေသဖြင့် ခဏအကြာတွင် အစည်းဖြေကာ တစ်စစီဖြစ်သွားသည်။

လင်းဇော်ထက်ကတော့ ထိုပန်းစည်းဆိုသည့် ဒီအပင်ကို ဘာပင်မှန်းမသိ။ နံနံပင်လိုလို၊ မြင်းခွာရွက်လိုလိုကြီး။ ဘာမဟုတ်တာနှင့် ဖက်ပြိုင်လုနေသည်မှာ စိတ်ရှုပ်စရာပင် ကောင်းတော့သည်၊ ထို့ကြောင့် နှုတ်ကပင် ယောင်ရမ်း၍ အသံထွက်ကာ ပြစ်တင်ရေရွတ်မိသည်။

"ဟိုမိန်းမကြီး ...တန်ဘိုးမရှိတဲ့ အပင်ကိုမက်ပြီး အရူးနဲ့ရန်ဖြစ်နေလိုက်တာ"

ရုန်းရင်းဆန်ခတ်ဖြစ်ကာ အသံများကြောင့်ထင်သည်။ ဘေးက ကောင်မလေးလည်း နိုးလာပြီး သူပြောစကားကို ကြားသွားသည်။

"ရှင် ဘာနားလည်လို့လဲ၊ အဲဒီအပင်က သူ့အတွက် တန်ဖိုးရှိတယ်၊ ဘာအပင်လဲ ရှင်သိလို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး ..."

ဘေးက ကောင်မလေးအမေးစကားကို သူပြန်ဖြေလိုက်သည်။ သွက်လက်စွာ ဘူးတစ်လုံး ဆောင်လိုက်တာပေါ့။ ဘာရမလဲ။ အဲဒီလို ဒက်ခနဲဖြေနိုင်လိုက်တာကိုပဲ ဂုဏ်ယူဟန်နဲ့ မော်ကြွားကာ မာန်ချိုးပြုံးလိုက်မိသေးသည်။ သူမက လင်းဇော်ထက်ကို ရယ်ကျဲကျဲနှင့် တုန့်ပြန်ပါတော့သည်။

"ရှင်ကလဲ တော်တော်ပိန်းတာပဲ ... ခြောက်လစာနဲ့ သွားတိုက်လေဗျာ၊ အဲဒါ ကြောင်ဆေးပင်လို့ခေါ်တယ်"

"ဘာ ... ကြောင်တဲ့ ဆေးပင်"

လင်းဇော်ထက် ကြောင်ဆေးပင်ဆို၍ ကြောင်တော်တောင်ဖြစ်သွားသည်။ ပညတ်သွားရာ ခါတ်သက်ပါပြီလား မသိပေ။

"အဲဒါ အပျိုကြီးတွေအတွက် ရတနာဆေးပင်ပဲ"

"ဘာ ..."

အပျိုကြီး၏ ဒေါသမီးလျှံ မျက်ဝန်းများက သူ့ထံ့ဘက်မြှားဦး လှည့်လာသည်။ ကောင်မလေးက အသံငေါက်ဆတ်ဆတ်နှင့် အားပါပါပင် သူ့ကို ပြောပြလေရာ မဆိုစလောက် ကျယ်သွားတော့သည်။ ထို့ကြောင့် အပျိုကြီးက ကြားဖြစ်အောင် ကြားကာ ပြန်လည်ဟိန်းဟောက်သည်။ ပေါက်ကွဲသံစဉ်တွေကတော့ လေပုပ်ထုတ်ဆေး မစားဘဲ ထွက်ကုန်ပြီ။ ကျိုင်တက်ပြီပေါ့။

"ဟိုကောင်မလေး ... ခုနက ဘာပြောလိုက်တာလဲ"

"အတင်းပြောလိုက်တာလေ"

နှုတ်ကဖွင့်ဟ လွှတ်ခနဲ ထွက်ချက်ကတော့ မြန်သပ။ ပွင့်လင်းမြင်သာတဲ့ ခေတ်ကြီးမှာ နောက်ကျောပြောင် ဖက်ရှင်ကောင်မလေးနှင့် အပျိုကြီးတို့ တွေ့ကြလေပြီ။ ဖြောင်နောင်နောင် ပေပေဂျိုဟု စည်းချက်လိုက်ကာ အော် ပေးရမလို ဖြစ်နေပြီ။

အပျိုကြီးက မျက်နှာကြောတင်းတင်း အသံမာမာဆိုတော့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးကလဲ လျှာကြောတင်းတင်း နှုတ်သီးခပ်စွာစွာဖြင့်ပင်။

"သေသွားမယ်နော်၊ ဟော့ ...မသောင်းပွင့်တဲ့ တစ်ပွင့်တည်းရှိတယ်၊ နှစ်ပွင့်ရှိရင် ဂေါ်ဇီလာနဲ့ အိပ်ခိုင်းလိုက်မယ် ဘာမှတ်လဲ"

"ဘာမှမမှတ်ပါဘူး ...ခဲတံနဲ့စာအုပ်လည်း မရှိဘူး"

"နေစမ်းပါဦး ...နင်နဲ့ဘာဆိုင်လို့ ဝင်ပြောရတာလဲ"

အပျိုကြီးက ခြေဆောင့်၍ ရင်မောက်ကာ လက်ဝါးပက်လက် ထပ်ရိုက်ပြီး မာန်ပါပါ ကက်ကက်လန် ရန်တွေ့သည်။

"ကြောင်ဆေးပင်မို့ ကြောင်ဆေးပင်လို့ပြောတာ ဘာဖြစ်လဲ၊ ရှင့်အိမ်မှာရှိတဲ့ ကြောင်ထီးနေမကောင်းလို့ ရှင့်အတွက် ရတနာဆေးပင်လို့ပြောတာ ဘာများလို့လဲနော့ ...အပျိုကြီးကြိုက်တဲ့ ကြောင်ဆေးပင်လေ"

သူမက သူ့ဘာက်ကိုပါ မေးဋ္ဌေါ်တိုင်ပင်ဟန်ဖြင့် သေဖော်သေဖက် လာညှိသေးသည်။ တကယ်တော့ ရတနာဆေးပင်က ဘာမှပြဿနာမရှိ။ ရှိတာက အပျိုကြီးကိစ္စ။ လူသိရှင်ကြား အပျိုကြီးပါလို့ အထုပ်ဖြေသလို ဖြစ်နေတာက တကယ့်ပြဿနာပင်။

"ငါ ...ငါနော်၊ ငါ့ကိုများ ...ဟင်း ဟင်း ..."

အပျိုကြီး ဒေါ်သူပုန်ထကာ ဖွတ်တရွတ် ချက်ချင်းထရပ်တော့သည်။ မောင်းနေသည့်ကားပေါ်မှာမို့ စကားနဲ့သာ အနိုင်လုကြတာ။ ရပ်ကွက်ထဲမှာဆိုရင်းကွက်နင်းပြီး လျှပ်စီးတွေ လက်ကုန်လောက်ပြီ။ ပွဲကတော့ ဘာကြမ်းသလဲမေးနဲ့။ အရေးထဲ ဘိုးတော်ဝိဇ္ဇာက တစ်စခန်း ထလိုက်သေး၏။

"အမယ်မယ် ...အငယ်က အကြီးကိုပြန်မပက်နဲ့"

"တော်ကြပါတော့ဗျာ ...တောင်းပန်တယ်ဗျာ၊ တစ်ကားလုံးကိုပြောင်းဆန်နေတာပဲ"

စပါယ်ယာ ဝင်ဟောက်ပြီးတားမှ မကျေမချမ်း မျက်နှာလွှဲသွားကြသည်။ အပျိုကြီးကတော့ ဗျစ်တောက် ဗျစ်တောက်ပင်။ ကားပေါ်မှ ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com


များက ပြုံးစိစိ။ ကျောင်းလမ်းမှတ်တိုင်တွင် ရှက်ရှက်နှင့်ရမ်းပြီး ကသောကမျော ဆင်းသွားသည်။ မသောင်းပွင့်ဆီ အာရုံမရောက်တော့သော ဘိုးတော်လည်း ဂါထာ ဆက်ရွတ်နေ၏။

ကောင်မလေးက မသောင်းပွင့်အပျိုကြီးကို ကလိလိုက်ရသဖြင့် အောင်ပွဲရ သရော်ပြုံးကလေးဝင့်လို့နေသည်။ ကောင်မလေးပြုံးတာ လှလွန်းသဖြင့် ခွဲမက်ပြီး ကြည့်မိရာက သတိလက်လွတ်ဖြစ်သွားရသူက လင်းဇော်ထက်ပင်။ အားမနာလျှာမကျိုး စိုက်ကြည့်ငေးမော လေနှင်ရာလွင့်မျှောကာ စိတ်ကူးယဉ်နေမိသည်။

စိတ်ကူးထဲမှာ ကောင်မလေးက မျက်လုံးမှိတ်ပြတော့ မျက်ခွံပေါ်မှာ အသည်းပုံစတစ်ကာ နီနီလေး ကပ်ထားသည်ကိုမြင်နေရသည်။ ဖီလင်တွေတက်ကာ ပြုံးဖြီးဖြီး ဖြစ်သွားရ၏။

သူ အဲဒီလိုစိုက်ကြည့်နေမိတာကို ကောင်မလေး သတိပြုမိသွားပြီး မျက်နှာတည်သွားသည်။ သူကတော့ မသိ။ အကြည့်မလွဲသေးဘဲ အရသာခံပြီး မျောနေတုန်းပင်။ ငေးနေတုန်းပင်။ ပြုံးနေတုန်းပင်။

"စစ်တောင်းပါလား"

"ပါတယ် ... ပါတယ်"

ကောင်မလေး အသံစွာစွာနဲ့ ဆူဆူအောင့်အောင့် အော်သည်။ မျက်နှာကတော့ နီရဲပြီး ရှစ်ခေါက်ချိုးနေပြီ။

လင်းဇော်ထက် ဒူးကိုဝင်တိုက်ကာ ခြေထောက်ကို ဒေါက်ဖိနပ်ချွန်ချွန်ဖြင့် နင်း၍ဆင်းမည့်အပေါက်သို့ ထွက်တော့ သည်။

"အောင်မလေး ... သေပါပြီဗျ"

ကားရပ်တော့ လင်းဇော်ထက်ကို တစ်ချက်လှမ်းကြည့်ပြီး ဘောက်ဆတ် ဘောက်ဆတ်နှင့်ဆင်းသွားသည်။ သူမ အမှတ်တရယူသွားရန် လည်ပြန်တစ်ချက် အကြည့်မှာ မချိမဆန့် ပြုံးလေး တစ်ချက်ကို လင်းဇော်ထက် မြင်ပေ

---

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"ဘယ်လိုကောင်မလေးမှန်းကို မသိဘူး" ဟု စိတ်ထဲမှ ရေရွတ်မိသည်။ အဖြစ်သနစ်ကို ပြန်လည်စဉ်းစားရင်း တစ်ယောက်တည်း သဘောကျကာ ပြုံးမိပြန်တော့သည်။

"သားတော် ...ပီယဆေးလိုနေပြီလား၊ ဘကြီးတော်ပေးမယ်လေ တောင်းလိုက်နော် ...အားမနာနဲ့ ...ကြုံကြိုက်တုန်းမှ ထိုက်လို့ရတာ မှတ်ကွဲ့"

လူကဲခတ် ညံ့ပုံမရသော ဘိုးတော်ဝိဇ္ဇာရှူးက ပါးစပ်ကြီးရွဲ့ပြီး လှမ်းမေးသည်။ အရှူးပါးပေပဲ။ လင်းဇော်ထက် ဆတ်ခနဲ တွန့်သွားသည်။ ဘိုးတော်ရှူးမနေသာအာရုံက ရမ်းဖြီးထုတ်ပြီး သိသွားပုံရသည်။ အချစ်နဲ့ချောင်းဆိုးတာက ဟန်ဆောင်လို့မရဘူးဆိုတာကို ဘိုးတော်ရှူး နောကျေနေပုံရသည်။

"ဟာ ...မလိုချင်ပါဘူး။ ရပါတယ် ...ဟဲဟဲ"

"ဝိဇ္ဇာမ,ရင် မြေလျှိုးမိုးပျံ ထက်အောက်လှန်နိုင်တယ်"

အလာကြီးပါလား။ ဘိုးတော်ကလဲ။ သိဒ္ဓိမျိုးစုံနှင့် စီရင်ထားသည့် ပီယဆေးများရှိလေသလားဟုပင် စိတ်ဝင်စားမိစေသည်။ မဟာမြိုင် ဟိမဝန္တာ တိဗက်တစ်ခွင်က အစွမ်းထက်ပန်းပေါင်းစုံရန့်နှင့် စီမံထားလေရော့လားဟု ထင်မှတ်မှားဖွယ်ရာ ကောင်းလေစွ။ ကြောင်ဆေးပင်ကို မုန်လာဥလုပ်ပြီး အာသာဝတီနွယ်နီနတ်ပန်းလုပ်ပုံများ ယုံချင်ဖွယ်ရာ။

လျှပ်တပြက် ဖျတ်ခနဲအရောင် လက်မိသွားသည့် လင်းဇော်ထက်မျက်ဝန်းကိုမြင်ဖြစ်အောင် မြင်မိသွားသည့် ဘိုးတော်ရှူးက ...

"ဟီဟီ ...လူတွေဟာ အလိုရမ္မက်သိပ်ကြီးကြပါတကား ..."

လင်းဇော်ထက် မျက်နှာကြီး လပေတ်ဖမ်းခံလိုက်ရသလို ရှုံ့မဲ့ကာ အောင့်သီးအောင့်သက် ဖြစ်သွားရတော့သည်။ ရိုးရိုးတန်းတန်း မပြောဘဲ သူ ဘက်လှည့်ကာပြောရုံမက လက်ညှိုးကြီးပါ ဝေ့ဝဲညွှန်းထိုးနေလေသည်။ "အဒီ



www.burmeseclassic.com

www.burmeseclassic.com


လက်သည်းကြီး ပုပ်ပါစေ'' ဟုသာ ကျိန်ပစ်မိတော့သည်။

အဲဒီလက်ညှိုးကြီး အင်္ဂုလိမာလက လာဖြတ်သွားဖို့ကောင်းသည်။ ကားပေါ်ရှိလူတွေရှေ့တွင် သူ အရှက်ကွဲလှပြီ။ စိတ်ထဲမှာ တနုံ့နုံ့နှင့် အရှုံးကို ခံရဲအကြီးခံပြီး နားပန်းအုပ်ချင်လာသည်။

ကားပေါ်မှဆင်းလာမှပင် နေရထိုင်ရ အသက်ရှူရတာ ချောင်လည် တော့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ချစ်စရာကောင်းလှသော ကောင်မလေး၏ ပုံရိပ် များကတော့ လင်းဖော်ထက် မနှေးမှာ ငြိတွယ်ခိုကပ်နေခဲ့ပြီ။

သူမသည် သူ့ကို တွယ်ကပ်နေသည့် မျှော့မလေးတစ်ကောင်၊ ပက်ကျိ လေးတစ်ကျိ။ ဒါမှမဟုတ် ကျွတ်ကလေး တစ်ကျွတ်ပဲလား။ ကြွေရုပ်အလှပဂေး ပုံရိပ်ကို မြင်ယောင်ရင်း ကြွေသွားသည်။ ထိုည ကြယ်ကြွေတော့ သူမကို မြင်ယောင်ဆုတောင်းမိသည်။

✣ ✣ ✣


www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

ကောင်မလေး တစ်ဦးအား ကိုရီးယား မင်းသမီးတစ်ဦးနဲ့ ခွဲမရအောင် တူကြောင်းပြောလျှင် "ဘာလာကြောင်တာလဲ" ဟု ပြန်ရန်တွေ့ဖို့ နေနေသာသာ ပြုံးသွားတတ်လေသည်။

"ဩော် ... ဘယ်သူများလဲမှတ်တယ် လီဟိုရီပဲကိုး ... "

သေချာတာပေါ့။ သူမ နှုတ်ခမ်းဖိစေ့ကာ ပြုံးယောင်သန်း ကျေနပ်လို့ သွားသည်။

"မြန်မာပြည်ကို ဘယ်တုန်းကရောက်လာတာလဲဗျာ၊ အဝေးကြည့် ကြည့် အနီးကြည့်ကြည့် ကြည့်လို့ကောင်းတယ် ... တကယ်တူတာ၊ အဟုတ်"

ခပ်တည်တည်ပဲ အမေရိကန် ဗွီးရှင်းမျက်မှန်ကောက်တပ်လိုက်တော့ လည်း သဘောကျသွားတာပါပဲ။ နှုတ်၏စောင်မခြင်းဖြစ်သော မြှောက်ပင့်စကား ကြောင့် ပီတိဖြာ ဖီလင်တက်ကျေနပ်လေတော့၏။

သူမကိုယ်သူမ ကိုရီးယား မင်းသမီးလေးနှင့်တူသည်ဟူသော ဘဝင်စွဲ ဟပ်ကာ ရည်းစားရွေးချယ်ရေးစနစ် ကို စတင်ကျင့်သုံးမည်။ ကိုရီးယား မင်းသား ရုပ်ရည်မျိုးရှိသော ကောင်လေးကို (ဥပမာ–စာရေးဆရာ ချစ်များရှင်လို ရုပ်ကော မျိုး) ဦးစားပေးအဆင့်ဖြင့် ရွေးချယ်မည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးယားရောဂါထပြီး ရှူးနေသော ဂန်းနမ်းစတိုင်လ်ဟု ခံယူထားသူ မင်းမင်းအောင်တစ်ယောက်၊ ကိုရီးယားစကားပြော သင်တန်းတက်သည်။ မင်းမင်းအောင်သည်၅ မိဘနှစ်ပါး၏ လုပ်ငန်းအဆင်တပြေ ရှိမှုကြောင့် ကြောင့်ကြမှုကင်းစွာ ကြီးပြင်းလာခဲ့သော ဘဝကို ပိုင်ဆိုင်သည်။

သင်တန်းရောက်စတွင် စာရေးမက သူ့ကိုစိတ်ဝင်စားစွာဖြင့် စပ်စုမေးမြန်း စုံစမ်းသေးပါသည်။

"ကိုမင်းအောင် ... ခင်ဗျားကြီးအဖေက ဘယ်ဇာတိလဲ"

"နွားထိုးကြီး" ဟု အားပါးတရပြောကာ လက်နှစ်ချောင်းထောင်ချိုစောင်းမှာ ကပ်ပြလိုက်သေးသည်။

"ဒါဖြင့်ရင် ဘာအလုပ်တွေ ကျွမ်းကျင်လဲ"

"ကြိမ်ထိုးတဲ့အလုပ်"

"အမျိုးတွေကော ဘာတွေလုပ်"

"မန္တလေးမှာ ထိုးမုန့်ဆိုင်ဖွင့်ထားတယ်လေ"

လျှပ်တပြက်လူပျက်လုပ်ကာ ပြောင်ပြနေပြန်သေးသည်။ စာရေးမလဲမရဲတရဲလေသံနဲ့ ထပ်မေးပါသည်။

"အဖိုးတွေကော ဘာလုပ်လဲ"

"အမ် ... ဘကြီးတစ်ယောက်တော့ ဗိုထိုးတယ်၊ ယောက်ဖက ပွဲကျောင်းသားကလပ်မှာ လက်ဝှေ့ထိုးတယ်၊ ကျွန်တော်က ဘီလီယက်ထိုး၊ အမေက ဖရုံယိုထိုး၊ ညီမလေးက ... "

"ဟိုး ... ဟိုး ... ဟိုးထား ဆရာကြီး၊ ထိုးလဲထိုးတဲ့အမျိုးတွေပါလား"

မင်းမင်းအောင် ဆက်တိုက်ကြီး ထိုးပြလိုက်ရာ စာရေးမ လန့်ကြောက်ပြီး အသည်းအသန် ဘရိတ်နင်းရရှာသည်။ ဒါတောင် သင်တန်းချိန်ပြီးတော့ စာရေးမက လှမ်းနောက်သဖြင့် သူ ရယ်ကျဲကျဲတုန့်ပြန်ခဲ့ရသေးသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စာရေးမက "ကိုမင်းအောင် ငယ်ငယ်က ခွေးစားစား ကြိုးထိုးထို ခံထားခံခဲ့ရမှာပေါ့" တဲ့လေ။ ဘယ်ရမလဲ ပြန်ပြောခဲ့ပါသေးတယ်။ "ဘတ်စ်ကား စီးရင် စပါယ်ယာ ကတော့ ချောင်ထဲထိုးသိပ်ထည့်ပါတယ်ဗျ" ဟူ၍သာ။

မင်းမင်းအောင်မှာ ထူးထူးခြားခြား အပြုံးဆွဲဆောင်မှုရှိသည်။ သို့သော်လည်း ... သူ့သွားများကတော့ ဆွဲဆောင်မှု မရှိရှာပါ။ သူပြုံးလိုက်တိုင်း သွားတန်းကြီးက နှာခေါင်းနဲ့မေးစေ့ကြား ရထားလမ်းဖောက်ထားသလိုကြီး ဖြစ်နေသည်။

ထို့ကြောင့်ပင် သူပြုံးပြချင်သည့်အခါတိုင်း အထူးသတိထား၍ နှုတ်ခမ်းနှစ်လွှာကို စေ့ပိတ်ကာ ပြုံးပြရသည်။

သူ့ သင်တန်းတက်ရင်း မိတ်ဆွေဖြစ်သွားသည့် သူငယ်ချင်းတစ်ယောက်ရှိသည်။ သောင်းကျော်တည်းဟူသော သူ့ဘော်ဒါ၏ ဉပဓိရုပ်ရည်ကတော့ ဖဲပြားတုံးကို လေးထောင့်လှီးပြီး ထန်းလျက်ရည် ဆမ်းထားသလိုမျိုး။ အသားညိုပြီး ခန္ဓာကိုယ်တောင့်တင်းသည်။

ထူးထူးကဲကဲ သာမန်လူထက် ပိုပြီး ပိုင်ဆိုင်ထားသော အလှအပအစ လျှို့ဝှက်ချက်ကတော့ သွားတုသုံးချောင်းပင် ဖြစ်သည်။ သောင်းကျော် သွားတုစိုက်ရခြင်းမှာ အရက်မူးပြီး စက်ဘီးနင်းကာ မှောက်၍ သွားသုံးချောင်း ကျွတ်ထွက်သောကြောင့်ပင်။ အမေမွေးတုန်းက အကောင်းလေးဟာ အမူးလွန်ပြီး ဟာငါ ဒက်စဘီးအနင်းကောင်းလို့ သွားကျွတ်ကာ ပါးစပ်ဟောက်ပက် သွားဒုက္ခိတ ဖြစ်ရရှာသည်။ ဒီတော့ သောင်းကျော်တစ်ယောက် သွားတုသုံးချောင်း ပိုင်ဆိုင်လေရော။

မင်းမင်းအောင်၏ သူငယ်ချင်းဖြစ်သူ သောင်းကျော်က မိန်းကလေးတွေကို မကြောက်ပါ။ မိန်းကလေးအပေါင်းကလည်း သူ့ကို မရှောင်ကြပါ။

မင်းမင်းအောင်က လှတပတ အလန်းဇယားလေးများ မြင်တိုင်း ကြောက်ချင်သော လူကြီးမင်းတစ်ဦးဖြစ်ပေမဲ့ သောင်းကျော်ခမျာ တော်မင်းလို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်၍ ကိုယ့်နားကိုယ်ပင် ပြန်ကြားအောင် မပြောရဲသူ ဖြစ်ပေသည်။

တစ်နေ့ သင်တန်းအပြီး လက်ဖက်ရည်ဆိုင်ထိုင်ကြသောအခါ မင်းမင်းအောင်က ဂုဏ်ယူဝင့်ကြွားသည့် အမူအရာနဲ့ သောင်းကျော်ကို ပြောလာသည်။

"သောင်းကျော် ... ငါစွဲတော့မယ်ကွ မင်းသိလား ... "

"ငါက ဘာကို သိရမှာလဲ"

သောင်းကျော်က ဘုသမားပီသလွန်းစွာ ဘုတောပစ်သည်။ နားခါးဒဏ်ကို တုံ့ပြန်ဖို့တော့ အဆင်သင့်ဖြစ်နေခဲ့ပြီ။

"ဒီသင်တန်းက အလန်းလေးသုံးယောက်က ငါ့ကိုစိုက်ကြည့်နေပြီနော်"

မင်းမင်းအောင် ကြွားဝါသံ လေပေးဖြင့်ပြောလိုက်ပြီး တစ်သျှူးပေပါစဖြင့် မျက်နှာပြင်တစ်ခွင်လုံး ဖိပွတ်လေ၏။

"ငါသင်တန်းကဟာတွေ တစ်ယောက်မှကြည့်မရဘူး၊ အားလုံး အရုပ်ထုပ်တွေချည်းပဲ"

"မင်းကလဲကွာ ... မှိုချိုးမျှစ်ချိုး ဇရစ်ချိုးတွေ မပြောချင်စမ်းပါနဲ့၊ ခံစားတတ်စမ်းပါ"

စပျစ်သီး မမီတော့ ချဉ်သောမြေခွေးနှင့် မီတော့ အမြဲတမ်းပဲ ချိုသည့် မြေခွေးနှစ်ကောင် တွေ့ကြလေပြီ။

"တွေ့သမျှ မိန်းကလေးတိုင်း လိုက်ကြောင်ရတာ အောက်ကျပါတယ်ကွာ"

အပြစ်တင်လိုဟန်ဖြင့် သောင်းကျော်က မဲ့ကာရွဲ့ကာ ပြောလိုက်သည်။ မင်းမင်းအောင်က ဣန္ဒြေဆည်လိုဟန်ဖြင့် ဖေးမဖာထေးကာ ကိုယ့်ကိုယ်ကို ပြန်လည်အဖတ်ဆည်ရသည်။

"အလွန်အမင်းတော့ ဘယ်ဟုတ်မလဲ ... တော်ရိရော်ရိလေးပဲဟာ"

"တော်တန်ရုံပဲကောင်းတယ်၊ ဝါးလုံးရှည်နဲ့ ပတ်မရမ်းနဲ့လေကွာ"

မင်းမင်းအောင် လိုတာထက် ပိုအပြောခံရပြီး၊ သာသာနဲ့နာနာနဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်စွဲခံနေရ၍ မခံချိမခံသာ ရှင်းပြရသည်။

"ဟိုနေ့က ငါနဲ့အတူ ထမင်းစားတဲ့တစ်ယောက်ကိုသိလား"

"အေး ... ပလုပ်ပလောင်း တရှူးရှူးနဲ့စားပြီး လက်ကိုတပြွတ်ပြွတ်နဲ့ စုပ်တဲ့တစ်ယောက်လား"

"ဟာကွာ ... မနှောက်ပါနဲ့၊ မင်း ... ကိုယ့်ထက်သာမနာလိုတဲ့ကောင်၊ ငါ့အောင်မြင်မှုကို မုဒိတာ ပွားစမ်းပါကွ၊ အပုပ်ချဖို့ပဲ အာရုံမများစမ်းပါနဲ့"

"ဘာအောင်မြင်မှုလဲ ... ကြီးကြီးကျယ်ကျယ်၊ ဒီစကားနဲ့မင်းပါးစပ်ဘယ်လိုမှ မလိုက်ဖက်ဘူး၊ ငါအပုပ်ချစရာမလိုဘူး၊ မင်းက မသေခင်တည်းကပုပ်ပြီးသား"

မင်းမင်းအောင် သောင်းကျော်ရဲ့စကားနာထိုးခြင်းကို အဖက်လုပ်အရေးစိုက်မနေတော့ဘဲ လိုရင်းရောက်အောင် ပြောရတော့သည်။

"အဲဒီကောင်မလေးက ငါ့ကိုစိတ်ဝင်စားနေတာကွ"

"ဘာလဲ ... မင်းပါးကို သူ့လက်ဝါးက စိတ်ဝင်စားတာလား"

"ကောင်မလေးနာမည်က စန္ဒီထွေး၊ ဟိုတစ်နေ့က ငါ့လိပ်စာမေးတယ်အပေးပေး ... "

မင်းမင်းအောင် သွားဖြီးကြီးနဲ့ သဘောကျကာ စိတ်ကူးနှင့်သိပ်ရှုသွားရှာပြီ။ သောင်းကျော် သူ့ကိုကြည့်ပြီး မသက်မသာ မျက်နှာဖြင့် ခေါင်းခါသည်။

"ဒီတော့ ... မင်းခွေးကတက်လေးမှာ အဖီဆွဲအိပ်တဲ့ လိပ်စာပြောလိုက်ရတယ် ဆိုပါတော့"

"ဟာ ... ပေ့ကောင် ... ငါအကောင်းပြောနေတာကွ၊ စားချင်တာစား ... ဦးနှောက်တော့ ဖောက်မစားနဲ့ကွာ"

ဖွယ်ဖွယ်ရာရာ အကျွေးအမွေးမပါဘဲ နားဒုက္ခခံပြီး မျှယူပေးရတာကိုယ့်အပူလဲ တစ်ခုမှမပါတော့ သောင်းကျော်က ဘူတာပေါ့။ ဒီလိုဗိုလ်တက်



www.burmeseclassic.com

www.burmeseclassic.com



ဦး ကြွားလုံးထုတ်ဖို့ ဘီယာလေးတော့ တိုက်သင့်တာပေါ့။ အခုဟာက လက်ဖက်ရည်တိုက်ပြီး မင်္ဂလာဆောင်ကာ လက်ဖွဲ့များများမျှော်လင့်နေတာမျိုး။

"ငါကတော့ သူ့ကို မကြိုက်ပါဘူးကွာ"

လုပ်လာပြန်ပြီ။ အဲဒါတွေကြောင့် သူ့ကို သောင်းကျော်က ဝါးလုံးရှည်နဲ့ ပတ်ရမ်းတယ်လို့ပြောတာ။

"မကြိုက်တာများ အရေးတယူလုပ်လို့ ပါးစပ်အရသာလေကုန်ခံပြီး ပြောမနေပါနဲ့ ... ငမင်းရာ ... "

"မဟုတ်ဘူး ... ငါပြောချင်တာက စန္ဒီထွေး မဟုတ်တဲ့ နောက်တစ်ယောက်"

"လာပြန်ပြီ နောက်တစ်ယောက်၊ မင်းသင်တန်းရှိသမျှ ကောင်မလေးတွေ အကုန်ပြောမှာလား မိုးချုပ်သွားမယ်"

"မဟုတ်ပါဘူးကွ ... မင်းကလဲ၊ နောက်တစ်ယောက် ... အဲသူလေးကတော့ သင်တန်းတစ်ခုလုံးမှာ အချောအလှဆုံးပဲကွ"

"ဟာ ... နေဦး၊ ဒီမှာ အချောဆုံးကောင်မလေးက ငါ့ဖုန်းနံပါတ်နဲ့လိပ်စာတောင်းပြီး အိမ်လိုက်လာမယ် ပြောထားတယ်"

သောင်းကျော် သူ့ထက်ဦးအောင် အရသာခံပြီး ပိတ်ကြွားတော့သည်။

"နောက်ဘဝကျမှ ပေးပြီး အိမ်ခေါ်သွားလိုက်"

တစ်ယောက်အကျောတော့ တစ်ယောက်မခံကြချေ။ ဦးအောင်ပြောပြီး နှိပ်ကွပ်နေကြတော့သည်။

"အဲဒီကောင်မလေးက မင်းနဲ့ရှေ့သွားနောက်လိုက်ညီရဲ့လား"

"ငါတို့နှစ်ယောက်က ဂျေဒိုးနပ်နဲ့ ကော်ဖီတစ်ခွက်လို လိုက်ဖက်ပြီးသားကွ၊ သူ့နာမည်က ချစ်စရာလေးကွာ ... အိခြွေပွင့်တဲ့"

မင်းမင်းအောင်အကျင့်က ဒီလိုပဲ။ မျက်မှန်းတမ်းမိသော မိန်းကလေးတစ်ယောက်ကို တွေ့ပြီဆိုသည်နှင့် လျှာအရသာခံပြီး ပြောမဆုံးပေါင် ခတာသုံး



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ဖြစ်လို့နေတော့သည်။

"နာမည်ကြီးကလဲ အိန္ဒြေကပွင့်မှတော့၊ ဟာကွာ ... မတွေးဝံ့စရာကြီး။ အိုးပင်းဂေါက်သီးရိုက်သလို ဖြစ်နေမှာပေါ့၊ လေဒီဒလဟောကြီး"

သည်းခြေကြိုက်မဟုတ်သော အရာကို မှိုချိုးမျှစ်ချိုး သောင်းကျော်က ပြောပစ်လိုက်သည်။ မင်းအောင် မျက်နှာကြီး ရှုံ့မဲ့သွားရသည်။

"မင်း ... ဟောင်းလောင်းပေါက်ကြီးဖြစ်အောင်မပြောနဲ့၊ အိန္ဒြေရှိတဲ့ပန်းပွင့်ကလေးလို့ တင်စားစမ်းပါ၊ အိန္ဒြေလို့ ချစ်စနိုးနဲ့ခေါ်ရင်ပဲ လျှာကြောစိမ့်နေပြီ"

"ဟာ ... ငါတော့မခေါ်နိုင်ပါဘူး။ အိမ်ထဲနေကြီးလို့ပဲ ခေါ်လိုက်ချင်တယ်"

"မင်းကို ဘယ်သူခေါ်ခိုင်းလို့လဲ၊ အဲဒီအိမ်ထဲနေ ... အဲ ... မင်းပြောတာနဲ့ ငါပါယောင်ကုန်ပြီ၊ အိန္ဒြေကို ငါလူပ်ရှားမှ ဖြစ်တော့မယ်"

မင်းမင်းအောင်က မျက်ခုံးလေးတစ်ချက် ဆတ်ခနဲ ပင့်ပြီး သူ့စကားသူ သဘောကျ ကျေနပ်ကာ ကြည်ကြည်နူးနူး ပြုံးနေလိုက်သေးသည်။

"လှုပ်ရှားမှ မုန့်စားရမှာ၊ တိုက်စစ်ဖွင့်မယ်ကွာ၊ ဒီတစ်ပတ်အတွင်း အိန္ဒြေကို ရအောင် ကြံဆောင်မယ်"

မင်းမင်းအောင် လက်သီးတစ်ဖက်ကို လက်ဝါးတစ်ဖက်ဖြင့်အုပ်၍ အားပါးတရပင် ပြောလိုက်ခြင်းဖြစ်သည်။ အထင်နဲ့ကတော့ ဟုတ်မှ‌ပေ့၊ ညွှန့်မှ‌ပေ့ တက်ကြွတဲ့ ကြက်ဖကြီး ဖြစ်နေလေပြီ။

"ဘာပဲဖွင့်ဖွင့် အဲဒီကောင်မလေးနဲ့ အဆင်ပြေသွားရင် ငါ့ကိုဘီယာတိုက်"

"ဟင် ... ဘာဆိုင်လို့လဲ"

"နားထောင်ခ၊ နားငြီးခ၊ မျက်စိဆံပင်မွေးစူးခ၊ ကဲ ... ဆိုင်ပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျော် နားရွက်နှင့်မျက်လုံးဆီ လက်ထောက်ပြရုံမက ဆံပင်ကိုပါ ပွတ်ပြလိုက်သေးသည်။

"သာရင်တော့ ပေါင်းရမှာပဲ၊ သဒ္ဒါချင်စရာကောင်းတယ်၊ တစ်ခုတော့ ရှိတယ် သောင်းကျော် ... အဆင်မပြေရင်တော့ နိုးပဲ၊ ဒါပေမဲ့ ... ငါဘီယာဖိုးစုရတော့မှာကွ၊ ကောင်မလေးက ငါ့ကိုပြန်ကြိုက်မှာ အသေအချာမို့လေ၊ အဟီး ..."

"အပြောမကြီးနဲ့ အရင်ဆုံး အကဲစမ်းကြည့်လိုက်ဦး၊ ပွဲကြမ်းမှာတော့ မြင်ယောင်သေး ... မင်းပါးတွေ မယားဘူးလား"

သောင်းကျော်က သူ့ပါးသူပြန်ပွတ်ပြီး မအီမသာမျက်နှာထားဖြင့် လှောင်ကာ ရွဲ့ကာ စကားဆိုရှာသည်။

"ဘာလို့ယားရမှာလဲ ... မပိုင်ရင် ဝက်မမွေးဘူး၊ မင်းအောင်တို့ ရာဇဝင်မှာ မိန်းမတွေကို ဆားကစ်ပြားလေးတွေလို သဘောထားပြီး ကျင်ကျင်လည်လည် ကိုင်တွယ်ခဲ့တာချည်းပဲ"

"စောင့်ကြည့်ရတာပေါ့ကွာ"

သောင်းကျော်က ခနဲ့ပြုံးလေးတစ်စနှင့် ပြောလိုက်သည်။ မကြာခင် အဖြေပေါ်လာလိမ့်မည်။ ဘီယာတိုက်ရမလား၊ ပါးရိုက်ခံရမလား။

ဘာပဲဖြစ်ဖြစ် ပါးရိုက်ခံရလျှင်လည်း သူမနာပေ။ မင်းမင်းအောင်ပင် နာရမည်ဖြစ်သည်။ အရိုက်မခံရဘဲ အိုကေလာလို့ ဘီယာတိုက်လျှင်လည်း သူ့ပိုက်ဆံမကုန်ဘဲ သောက်ရချေလိမ့်မည်။

အလှအပကို ခုံမင်စွာ လေကြွားခြင်း၏ အကျိုးဆက်ကတော့ ဘီယာ တစ်ပိုင်းနှင့် ဈေးဆိုင်ထားသည်။

ပတ်ဝန်းကျင်လေ့လာမှုအား လျော့နည်းကာ စကားကို မေ့လွယ်တတ်သော မင်းအောင်ကိုမှ ဝမ်းတေဘဲလ် ဘီယာနဲ့ တေးမှတ်ထားမိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျောင်းသားဘဝတုန်းက မေးခွန်းတစ်ခု ပုစ္ဆာတစ်ပုဒ် မေးတိုင်း အဖြေတစ်ခု ပြန်ဖြေရသည်။ ဆရာမကို ကြောက်ကြောက်နှင့်ဖြေလိုက်မိတာ မှန်တာတွေမှား၊ မှားတာတွေမှန် ဖြစ်ခဲ့ရဖူးသည်။

ကြီးလာသောအခါ ကိုယ့်ကိုယ်ကို မေးခွန်းတွေ ပြန်မေးရသည်။ ဘက်ပေါင်းစုံက အမြဲမေး၍ အမြဲဖြေနေရသည်။ အခုလည်း မေးခွန်းတွေနှင့် ရင်ဆိုင်ရပေတော့မည်။

အင်တာဗျူး။ ယနေ့ခေတ်လူငယ် တော်တော်များများ ရင်ဆိုင်ကြရသည့် လုပ်ငန်းခွင်ဝင်သည့်အခါ ကြုံရသော ကိစ္စတစ်ခုပင်။ လုပ်ငန်းခွင်တွင် မရှိမဖြစ် လိုအပ်သော အရာတချို့အတွက် မိမိမှာမရှိသည့် စေ့စပ်သေချာမှု၊ ဦးဆောင်မှု၊ ဝန်ဆောင်မှုကောင်းခြင်း၊ ဖျတ်လတ်ခြင်း စသော အရည်အသွေးများကို အခိုင်အမာဖုံးကွယ်ကာ အင်တာဗျူးကြသည်။

အင်တာဗျူးကို သူ့အမြင် အသိဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပေးရသော် အလုပ်တစ်နေရာကိုရဖို့ တစ်ယောက်ယောက်က မေးသောမေးခွန်းတွေကို တစ်ထိုင်တည်းဖြေရခြင်းပင်။

အင်တာဗျူး မေးမည့် ပုဂ္ဂိုလ်သည် ယောက္ခမနှင့်မိန်းမကြားညှပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နေလာရသမျှ ကုမ္ပဏီရောက်တော့ အညှိုးနဲ့ ဟိုဒင်းမနိုင် ဟိုဟာမဲဆိုသလို လိုမ့်ကျုပ်သူနဲ့တွေ့လို့ကတော့ သေပြီသာမှတ်။

လင်းဇော်ထက် အိမ်ကထွက်လာကတည်းက ဘုရားစာရွတ်လာသည်။ အမေဖြစ်သူက သက်သက်လွတ် အဓိဋ္ဌာန်ဝင်ခိုင်းသည်။ နဂိုကမှ အလွဲလွဲအချော်ချော် ဖြစ်လေ့ဖြစ်ထရှိသည့်သူ။ တစ်စုံတစ်ရာ ချွတ်ချော်မှုမဖြစ်ဖို့ ပြင်ဆင်နေရပြီ။

သတ်မှတ်ချိန်ထက် စောပြီးရောက်အောင် ကြိုသွားသည်။ ဝီရိယဆိုတာ ပိုတယ်လို့မှ မရှိဘဲ။ ဝီရိယအကျိုး စောစောနိုးမှ သူနိုးတုတ်နဲ့ရိုက်လတ္တံ့ ဖြစ်ဦးမယ်ဆိုရင်လဲ မတတ်နိုင်။

ရွှေဂုံတိုင်မှာ ကားပိတ်သည်။ မြို့ထဲရောက်တော့ ကုန်းတံတားပေါ်တက် မျဉ်းကြားမှဖြတ်၍ ကုမ္ပဏီရုံးခန်းကိုသွားရသည်။ သူရောက်သွားတော့ အင်တာဗျူး ဖြေမည့်သူစုံနေပြီ။

လင်းဇော်ထက်လည်း ဣန္ဒြေရရ သတ်မှတ်ထားသော ခုံတွင် ဝင်ထိုင်သည်။ သူ့ဘေးရှိ လူနှစ်ယောက်က ပွစိပွစိ စကားပြောနေကြသည်။

"အစ်ကိုတို့က ဘယ်ကလာတာလဲ"

လင်းဇော်ထက် အရွယ်တူတွေမှန်းသိပေမယ့် ယဉ်ကျေးမှုအရ အစ်ကို တပ်ခေါ်လိုက်သည်။ အသက်ငယ်လိုသူတွေအတွက်တော့ မယဉ်ကျေးမှု ဖြစ်နိုင်ပါသည်။ ယဉ်ကျေးမှုအဖြစ် အသိအမှတ်ပြုကာ တစ်ဖက်မှ ပြန်ပြောလေသည်။

"ကိုယ်တို့က မင်္ဂလာဒုံကပါ"

"ဟာ ... အတူတူပဲပေါ့၊ ကျွန်တော်က မြောက်ဒဂုံက"

"ဟမ် ... "

အားတက်သရော လင်းဇော်ထက် ပြန်ပြောလိုက်သောစကားကြောင့် ဟိုနှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

"ဩော် ... ကျွန်တော်ပြောတာက မဟာရန်ကုန်သားချင်း အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုး

"ဟုတ် ... ဟုတ်ကဲ့ အတူတူပါပဲ"

အလောတကြီး ပြောလိုက်ပြီးကာမှ မှားသွားသောစကားကို နားလည်ဘောပေါက်သွားဟန်ဖြင့် လက်ခံလိုက်ကြသည်။ စကားစပ်မိကာ အင်တာဗျူးဖြေရသူချင်းမို့ ရင်းနှီးလွယ်စွာ မိတ်ဖွဲ့မိကြသည်။

"ကိုယ့်နာမည် မင်းမင်းအောင်ပါ၊ တီဗွီကက်ဆက်ပြင်တယ်၊ မက္ကင်းနစ်ဆရာတစ်ယောက် ဆိုပါတော့"

"အတိုအစ မတောက်တခေါက်ပါဗျာ၊ အီလက်ထရောနစ်ဆားကစ်များကိုကြည့်လိုက် ... စာအုပ်ပြန်လှန်လိုက်နဲ့ အောက်စက်တစ်လုံးကို တစ်နှစ်လောက်ကြာတယ်"

မျက်လုံးပြူးပြူး၊ မျက်နှာဖွေးဖွေး၊ အပြုံးချိုချိုနဲ့ ကိုမင်းအောင်ကြီးရှေ့က ဒိကာပြောသမျှ နောက်မှ ဒန်သွားတုန့်လူက လိုက်ဖွပြီး အထုပ်ဖြေတော့သည်။

လူပျော်တွေလား၊ လူပြောင်တွေလား၊ လူပျက်တွေလားဟု တွေးရင်း လင်းဖော်ထက်ကလည်း သူ၏ကိုယ်ပိုင်အရည်အသွေးများကို ထုတ်ဖော်၍ မိတ်ဆက်သည်။

"ကျွန်တော့်နာမည် လင်းဖော်ထက်ပါ၊ ကိုယ်ပိုင်အလုပ်ကတော့ အပန်းဖြေအိပ်စက်ခြင်းနဲ့ အရသာခံ စားသောက်ခြင်းပါပဲ"

"ကိုယ့်နာမည်က သောင်းကျော် ... ကျောက်အရောင်းအဝယ်လုပ်ပါတယ်"

သောင်းကျော်က မရယ်မပြုံး ခပ်တည်တည်ပင် ပြောလိုက်ပြီး ဂုဏ်သူဝင့်ကြွား မာန်ထောင်လိုဟန်ပန်ဖြင့် ဆံပင်ကို ဖွဖွလေး သပ်တင်လိုက်သည်။

"ဟာ ... ဟုတ်တယ်၊ သူက အုတ်သဲကျောက် အဝယ်ဒိုင်စာရေးဆ"



www.burmeseclassic.com

www.burmeseclassic.com



လင်းဇော်ထက် မျက်လုံးထဲတွင် သောင်းကျော်ကို ထက်ထက်မိုးဦးနှင့်တွဲလျှက် ရတနာစိန်ကျောက် ဖယ်တောက်တမ်း ကစားနေသည့်ပုံရိပ်ကိုမြင်ရာမှ ကျောက်စရစ်ပုံကြီးခွရပ်နေသည့် ပုံရိပ်အဖြစ် ပြောင်းသွားသည်။

သူတို့ နှစ်ယော(ေ)က ပျော်ရွှင်တတ်ပုံရသည်။ ရယ်ရယ်မောမောနှင့် တစ်ပြန်တစ်လှည့် အရွှန်းဖောက်နေကြသည်။ ဘေးမှာ သူတို့နှင့်အတူ အင်တာဗျူးဖြေမည့် ကောင်မလေးနှစ်ယောက်ကလည်း သူတို့ကို ကြည့်နေကြသည်။

ထိုစဉ် ကောင်မလေးတစ်ယောက် ဝင်လာသည်။ နတ်မိမယ်တမျှ ကြွရွလှပသူလေးကို လင်းဇော်ထက် မြင်လိုက်ရတော့ ရင်တစ်ခုလုံး ဖိုထဲမှ နံပြားတစ်ချပ်လိုပင် ဖောင်းကားပွတက်သွားသည်။

သူ ရင်းနှီးမြင်ဖူးထားသော အသည်းပန်း မိန်းမလှလေး။ လိုင်းကားပေါ်တွင် အမှတ်မထင် တိတိကျကျကြီး ဆုံခဲ့ရသော မျက်ဝန်းအလှရှင် သခင်မလေး။ လင်းဇော်ထက် စကြာဝဠာနယ်ပယ် လွှင်ပြင်ကျယ်ထဲ ဝဲလွှင့်မျောသွားသလို ခံစားလိုက်ရသည်။

ပတ်ဝန်းကျင်ကို အနည်းငယ် အကဲခတ်ကြည့်ရာ ဘေးမှဆရာသမားနှစ်ယောက်ကလည်း ကောင်မလေးကို အငမ်းမရ ငေးမောကြည့်ရှုနေကြသည်။ မိန်းမလှလေး၏ ညို့ငင်ဆွဲဆောင်မှုကြောင့် အားလုံးခေတ္တတဒင်္ဂ မိန်းမောကြရပြီ။

သို့သော် ... ကြာကြာတော့ မိန်းမောခွင့်မရလိုက်ကြ။ မျက်လုံးဖြင့် စွဲမက်တိမ်းမူးဖွယ်အလှကို ငေးမောလို့ မဝသေးခင်မှာပင် အင်တာဗျူးစလေပြီ။

သောင်းကျော်က အရင်ဆုံးဖြေခွင့်ရသည်။ ဈေးဦးပေါက်သောင်းကျော် ပုဆိုးပြင်ဝတ်ကာ ကမူးရှူးထိုး ဝင်သွားသည်။

သောင်းကျော် အထဲရောက်တော့ အင်တာဗျူးမေးမည့်ပုဂ္ဂိုလ်ကို တွေ့ရသည်။ အံရပ်ပုပု၊ ဝဝဖိုင့်ဖိုင့် အသားညိုညို၊ ဆံပင်တိုတို။ မျက်နှာကတော့



www.burmeseclassic.com

www.burmeseclassic.com



ချင်ခေါက်ချိုးမက ဆယ့်ခြောက်ခေါက်ချိုးလောက်ကို ရှိသည်။ သောင်းကျော်ကို အစ်ချက်ပြုံးပြုံး ဆီးကြိုသည်။

"ညီလေး ... ထိုင်၊ နာမည်က သောင်းကျော်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"ညက မန်ယူနဲ့အာဆင်နယ် ဘယ်လိုပြီးသွားလဲ"

"ခင်ဗျာ"

ရုတ်တရက် မျှော်လင့်မထားသော အမေးကြောင့် အူကြောင်ကြောင် ဖြစ်သွားမိသည်။

"ညက မကြည့်ဖြစ်ဘူးလား၊ အစ်ကိုက ဝါသနာတူတွေဖြစ်နေမလား လို့မေးတာ"

"ဟုတ် ... တူပါတယ် ... ကြည့်ဖြစ်ပါတယ်"

သူဆွဲခေါ်သည့်လမ်းကြောင်းထဲ အလိုက်သင့်ဝင်မျှောပစ်လိုက်သည်။ အလူဆန်၊ ငစိန်ဆန်၊ ညှော်မထဆန်မှသည် မောင်ရင်ညို၊ အဲရစ်ဆင်၊ အာဖရိက ဆင် အစရှိသည်ဖြင့် လျှောက်ဖွီးလိုက်သည်။

"ထားပါတော့လေ .. ညီလေး အရင်က ဘာလုပ်ဖူးလဲ"

ရုတ်တရက်ကြီး ဘောလုံးအကြောင်း ရွှန်းရွှန်းဝေနေစဉ်မှာပင် အဝိုက် အမ်းခံလိုက်ရသည်။

"ပိုက်ဘောဖမ်းတဲ့ အလုပ်၊ အဲ့ ... မလုပ်ဖူးပါဘူး၊ ဟို ... ရက် တော့ရင့်တစ်ခုမှာ ဝိတ်တာလုပ်ဖူးတယ်ခင်ဗျ"

"ဒါဆို ညီလေးအကြိုက်ဆုံးဟင်းလျာသုံးမျိုးလောက် ရွတ်ပြပါလား"

ဘာမဆိုင် ညာမဆိုင် ဗျူးချင်ရာဗျူးနေသမို့ ဘုတောချင်ပေမယ့် ကောင်းတတ်၍ ပြန်ဖြေပေးလိုက်ပါသည်။

"ငါးကင်၊ နံရိုးကြော်မဆိုင်၊ ဝက်စတူးကြော်"

"ဝိတ်တာ ဘာဖြစ်လို့ ဆက်မလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အားလပ်ချိန်သိပ်မရှိလို့၊ နောက်ပြီး ... သင်တန်းတွေလည်း တက်ရသေးလို့"

တစ်စစနှင့် အရည်အချင်းစူးစမ်းသည့်မေးခွန်းတွေဘက် ရောက်လာသည်။ အမှန်ကတော့ သောင်းကျော်ဝိတ်တာ မလုပ်ဖြစ်တာ စက်ဘီးမှောက်ခြင်းကြောင့်သာ ဖြစ်သည်။

"ညီလေး ... သွားနိုင်ပြီ၊ အလုပ်ဆင်းဖို့ ဖုန်းဆက်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ၊ ခွင့်ပြုပါဦးဆရာ"

✣ ✣ ✣

သောင်းကျော်အလှည့်ပြီးတော့ မင်းမင်းအောင်ရဲ့အလှည့် ရောက်လာသည်။ ကြောင်စီစီဖြင့်ပင် အခန်းထဲဝင်သွားသည်။ ထုံးစံအတိုင်း တောရောက်တောင်ရောက်တွေ လျှောက်မေးသည်။ မန်နေဂျာက သူ့မိသားစုမျိုးရိုးကိုတော့ မမေးပါ။ အမျိုးအကုန်လုံးထိုးကြွတာကို သိ၍လားဟုပင် တွေးမိစေသည်။

မင်္ဂလာဒုံရှိ တန်ခိုးကြီးဘုရားများကိုမေးပြီး ပြန်ခွင့်ပြုလိုက်သည်။

လင်းဇော်ထက်အလှည့်ကျတော့ ဗဟုသုတကြွယ်ဝပုံရသော၊ လျှင်မြန်ဖျတ်လတ်ပုံလည်းရသော မန်နေဂျာက မဟာသက္ကရာဇ် (၁၆)ခုနှစ်ကို ခေါ်သွားသည်။ ပွဲကြမ်းကြမ်းနဲ့ အကဲစမ်းခြင်းဖြစ်သည်။

"သရေခေတ္တရာ ပြည်ကြီးပျက်တော့ လူမျိုးစုကွဲသွားတယ်လို့ သိရတယ် အဲဒါ ဘာတွေလဲ ... "

"ပျူတစ်စု၊ ကမ်းယံတစ်စု၊ သက်တစ်စုပါခင်ဗျ"

တည်တည်ငြိမ်ငြိမ်ပဲ သူဖြေလိုက်ပါသည်။ သူ့ကိုလည်း မန်နေဂျာကြီးက ဖုန်းဆက်အကြောင်းပြန်ပါ့မည်ဟု ပြောပြီး ပြန်ခွင့်ပြုလိုက်သည်။

ထိုနေ့က သူတို့သုံးယောက် အင်တာဗျူးလာဖြေသူအားလုံးထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အသန်းဆုံးကောင်မလေး၏ အမည်နာမကို သိခွင့်ရလိုက်ကြသည်။ ဝန်ထမ်းလေးတစ်ယောက်အော်ခေါ်သဖြင့် ကြားသိခွင့်ရခဲ့သော အမည်။

သူမနာမည်က ကြည်ပြာဖြိုးတဲ့လေ။ သောင်းကျော်က ကြိုးပြာဖြည်သင် နောက်လိုက်သေး၏။

ဘတ်စ်ကားပေါ်တွင် သူနှံဘေးကပ် ထိုင်ခဲ့ဖူးသည့် အသည်းညှာလေး။ သူတင်မက နာမည်လေးကပါ ဂန္ဓဝင်မြောက်အောင် ကဗျာဆန်နေပါရောလား။ ဆော်ရှိုင်းသော အလှတရားတွေဖြင့် အဓိပ္ပာယ်ပြည့်စုံစွာ ဝင့်ထည်နေသော အလှရှင်မလေး။ အသည်းပန်းပွင့် နုနုထွတ်တင် ထိပ်ထားလေး။

သူမ အင်္ဂါတာ ဖူးဖြေတာ အဆင်ပြေပါစေဟု လင်းဖော်ထက် ကြိတ်ပြီး ညီကာ ဆုတောင်းပေးလိုက်သည်။

အပြန်လမ်းတွင် လမ်းလျှောက်လာရင်း ပီတိတွေဖြာနေသည်။ စိတ်ထဲမှာ ကျေနပ်လာသော အသိကြောင့် ရေရွတ်မိလိုက်ပြန်သည်။

"ငါသာ ပန်းချီဆရာဖြစ်သွားရင် အဲဒီကြည်ပြာဖြိုးပုံတူကိုဆွဲပြီး ပဲရစ်မျှော်စင်မှာ တက်ချိတ်ထားလိုက်မိမှာ သေချာတယ်"

သူမ အလှအပ ခန္ဓာဗေဒတွေက သူ့အလှမ်းမမီတဲ့ မျှော်စင်ကြီးကို ပွတ်သပ်ကာ သာယာသွားရင်တော့ဒုက္ခ။ အတွေးနှင့်ထိတ်လန့်ရင်မောရင်း ယောဇဉ်ပွားများကြီးထွားရသည်မှာ မလွယ်ပါလား။ တပ်မက်စွာ နှစ်လိုခင်ဖွယ်မြတ်နိုးမိတာကတော့ အမှန်ပဲဟု သူဝန်ခံရချေမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

ဒိန်းဆို လိုင်းကားတစ်စီး ထိုးဆိုက်လာလျှင် မှတ်တိုင်ရှိလူတချို့ အတင်းအလုအယက် တက်သွားကြသည်။ ထိုစဉ် သင်တန်းလွှတ်လိုက်ရာ ကောင်လေးတွေ၊ ကောင်မလေးတွေ မှတ်တိုင်တွင် ပုံသွားသည်။ ထိုပုံသွားသော လူအုပ်ထဲတွင် အိန္ဒြေပွင့် ပါဝင်လေ၏။

မလှမ်းမကမ်းတွင် ဖွဲနုပဲကြီးစွာ ငမ်းရဲသူကြီး မင်းမင်းအောင် ရှိနေသည်။ သူနှင့်ထက်ကြပ်မကွာတွင် မြေနိမ့်ရာ လှံစိုက်ပြီး ခနဲ့ရမည့်အပေါက်ကို စောင့်မလပ်ချောင်းကာ မျက်မှောင်ကျုံ့လျှက် ကြည့်နေသော သောင်းကျော်နိုင်လေ၏။

မင်းမင်းအောင်က အစဉ်အမြဲ မိန်းမဆန်ဆန် ကျော့ကျော့ကလေးနှင့် လှပသပ်ရပ်နေသူပီပီ မျက်နှာပြင်ကတော့ ဆလိုက်မီး ထိုးထားသလို ဖြူဖွေးနေသည်။

ညက တီးထားသော ဝီစကီအရှိန်မကင်းသေးတာကြောင့် မျက်ဝန်းတွေက ရီဝေဝေ။ မသိရင်ဘဲ လွှမ်းငွေ့ဝေဝေ လွှမ်းမိုးစွဲနေသယောင်။

ရင်ဖိုလှုပ်ရှားသည့် ဇောအရှိန်ကြောင့် စိုနေသည့် ချွေးတွေက တစ်သျှူးဆပါ နှစ်ထပ်ကို ဂင်းနှစ်စ်ချိန်တင်လောက်အောင် အမြန်ကုန်စေသည်။ စင်္ကြံ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားတော့မည်မို့ ရုပ်အင်္ကျီအဖြူအောက်အနားစကို ခပ်ဖွဖွ ဆွဲဆန့်လိုက်သည်။

အိမ်ခြေပွင့်က နာမည်နှင့်လိုက်အောင် ကျက်သရေမင်္ဂလာ ရှိလွန်းလှသည်။ ခေတ်ဆန်သော်လည်း အလှတွင် အယဉ်ဆင့်သော မိန်းမသားတစ်ဦးဖြစ်ကြောင်း ခြေလှမ်းအစိပ်အကျဲက ဖော်ပြညွှန်းဆိုနေ၏။

မင်းမင်းအောင် ကွတကွတနှင့် ချဉ်းကပ်လေပြီ။ သူမက ပါတိတ်ဝမ်းဆက် ဝတ်ထားသည်။ ပါတိတ် လုံချည်မှာ ထဘီစကတ်ပုံစံ ဒီဇိုင်းအဆန်းဖြင့် တင်းရင်းကျပ်ထုပ်နေသည်။

သို့သော်လည်း ... အရက်တရားအလုံးစုံ လုံခြုံစိတ်ချစွာ ဖုံးလွှမ်းထားမှုတို့ဖြင့် လှပယဉ်ကျေးကျော့ရှင်းနေသူလေးပင်။ မှတ်တိုင်မှာဆိုပေမယ့် ကားမှတ်တိုင်၏ အရိပ်အောက်တွင် နေရောင်မထိုးသည့် အသားရည်ဖြူနုနုဖွေးလွှလွှလေးတွေကို သက်သာရာရစေဖို့ ကွန်းခိုလို့နေသည်။

မင်းမင်းအောင်က သူမ နှင့်အကြည့်ချင်းဆုံ ရင်ခုန်ဖို့ရာ တာစူစိုင်းပြင်နေသည်။

ထိုစဉ် မထင်မှတ်သော ဖြစ်ရပ်တစ်ခုက လှစ်ခနဲ ဝင်လာသည်။ မင်းမင်းအောင်အဖို့ရာမှာတော့ ထိုဒီလှစ်ခနဲဆိုတာကြီးက ရင်ဝ ဝင်မွှကာ တွန်းထိုးလှုပ်ခတ်သွားစေသော ဟာရီကိန်းမုန်တိုင်းလိုပင်။

ရပ်စောင့်နေသော သူမ ရှေ့သို့ (Saloon) ကားလေးတစ်စီး ထိုးဆိုက်လာသည်။

ကားပြတင်းမှ လူငယ်တစ်ယောက် ခေါင်းပြူထွက်လာပြီး သူမကို နှုတ်ဆက်လေသည်။

ကားပေါ်မှလူငယ်ကို မြင်မြင်ချင်းဆိုသလို အံ့အားသင့်လှစွာ သူမှတ်မိလိုက်သည်။ အခြားသူမဟုတ်ပါရိုးလား။ သူတို့နှင့်အတူ သစ္စာထရေးဒင်းကုမ္ပဏီမှာ အလုပ်လာလျှောက်သော လူငယ်ပင်။ အင်တာဗျူး ဖြေရင်း မိတ်ဆွေဖြစ်သော လင်းဇော်ထက်ဆိုသော ငတိ။



www.burmeseclassic.com

www.burmeseclassic.com



လင်းဇော်ထက်က သူမကိုလာကြို့နေခြင်းပင်။ ကားတံခါးဆီရှေ့မှ ပတ်လျှောက်သွား၍ဖွင့်ကာ သူမဝင်ထိုင်သည်။ ပြုံးချိုရွှင်ပြသော နှုတ်ခမ်းနှင့်မျက်နှာအပေါ်အဟပ်တည့်လှပပုံက ကျေနပ်ကြည်နူးမှု ရာနှုန်းပြည့်။

လင်းဇော်ထက် က သူမကိုတင်ဆောင်ကာ ဂူးခနဲ မောင်းထွက်သွားသည်။ ကားမောင်းသူနှင့် ထပ်တူမျှ ကားလေးကပါ ချို(ဂျို)ထနေသည်ဟုပင် ထင်မြင်မိတော့သည်။

တစ်မိနစ် စာမျှပင် စိတ်ကူးပုံဖော်ခွင့်မရလိုက်ပါဘဲ သူ့ငုတ်တုတ်မေ့ကာ ကျန်ရစ်ခဲ့တော့သည်။ စကတည်းက ယဉ်သကိုး ဆိုသလိုပင် ခနဲ့လှောင်ပြောင်ချင်သော သောင်းကျော်အတွက် အခွင့်အခါကောင်း ကြုံကြိုက်သွားလေပြီ။

"ဟား ဟား ... စစ်မျက်နှာတောင် မဖွင့်ရသေးဘူး၊ အဏုမြူ ဗုံးကြောင့် အသည်းနှလုံး တစ်စစီ ဖြစ်သွားပြီလားကွ ... မင်းအောင်ရ"

အမြင်ကတ်ဖွယ်ရာ ကောင်းလောက်အောင် လက်ညှိုးထိုးပြီး ပျက်ရယ်ပြုတော့သည်။ ကိုယ့်ဒေါသနှင့်ကိုယ်မို့ ကျွဲမြီးတိုလို့သာ နေရတော့သည်။

"ဟား ဟား ... တီဗွီတစ်လုံးမှာ ခဲတံ့ထားတဲ့ ငုတ်ကလေးတွေများ အလို လောကမှာ မိန်းမတွေ မရှားပါဘူး ... အေးဆေးပါကွာ"

"အင်း ... မင်းအဖြစ်ကလည်း အကြမ်းဖက်ဖို့ ပုဆိုးခြုံထဲက ထက်သီးပြနေတဲ့ ဘင်လာဒင်လို သေနတ်တစ်ချက်မှ မဖောက်လိုက်ရဘဲ မရိန်းအသားပစ်သတ်တာ ခံလိုက်ရတာနဲ့ တူနေပါလားကွ"

သောင်းကျော် စကားနာထိုးချက်က အထိနာလှသည်။ ငါးတန်းနှင့် ဘယ်သူနိုင် အစီအစဉ်မှ ဆရာကောင်းထက်ဇော်၏ လေသံအကျော်ကြီး ဟာလိနေသည်။

"သိမ်းငှက်စားမဲ့ သားကောင်ကို ကျီးကန်းသုတ်သွားတယ်လို့ပဲ အောက်မေ့ထားလိုက်ပေါ့ သောင်းကျော်ရာ"

ဘာမှမရှိဘဲ အဖြူထည်သက်သက် ကောင်းကင်တိမ်စိုင်များကို ငေးရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆွဲငင်ငင် ဆွေးဆွေးမြေ့မြေ့ အောက်မေးလေသံကြီးဖြင့် သူပြော မိသည်။

"မင်းမင်းအောင် ... မင်းနောက်တစ်ယောက်ပြောင်းချိန်ဖို့ မှတ်ဉာဏ်ထဲသွင်းထားပြီးပြီ ထင်တယ်"

ဒါက သူ့အကျင့်ပဲ။ တွေ့သမျှ အကုန်လိုက်ကြိုက်သည်။ ကောင်မလေးတွေအားလုံး သူ့ကို ပြန်မကြိုက်ရင်သာရှိမည်။ သူကတော့ အမှတ်မရှိ ဒေါက်ဖြုတ်ခံ နှာခေါင်းရှုံ့ခံပြီး လိုက်ကြိုက်ဦးမည်သာ။

"အစစ်ပေါ့ကွာ ... ကြိုက်တယ်ဆိုတာ အင်တာဗျူး ဖြေသလို အရှုံးမှမရှိဘဲ အောင်ရင်အလုပ်ဝင်မယ် ... ဟော ... ရှုံးရင် အတွေ့အကြုံရတယ်"

သောင်းကျော် သူ့ကိုကြည့်ကာ လှောင်သလိုလို စပ်ဖြီးဖြီး မျက်နှာဖြင့်ပင် ရယ်ကျဲကျဲလုပ်လိုက်သေး၏။

"ကိုယ်လိုချင်တဲ့ အလုပ်ကို မျှော်လင့်ထားပြီးမှ မရရင် အဲဒီအင်တာဗျူးဟာ မဖြတ်တဲ့အပြင် အရှုံးပေါ်တာပေါ့ကွ၊ အချိန်ကုန်လူကုန် နှမြောစရာကွာ"

"မင်းလိုသာ စိုးထိတ်နေရင် ကမ္ဘာပေါ်မှာ လူဦးရေတိုးပွားဖို့ လမ်းမမြင်ဘူး သူငယ်ချင်း"

သူပြောတာလည်း ဟုတ်သလိုလိုပင် ရှိနေပြန်၏။ ကမ္ဘာမှာ ငိုတတ်ရယ်တတ် စကားပြောတတ်သလောက် ဆင်ခြေဆင်လက် အများဆုံးသတ္တဝါဟာ လူပဲ မဟုတ်လား။

"မင်းကတော့ ကတ္တားကြီးဖြစ်နေပြီ"

"ဘာလဲကွ ... ကတ္တား"

"ကတ္တားဆိုတာ ချိန်တွယ်ဖို့သက်သက်ပဲလေကွာ၊ ချိန်လိုက်ဝယ်သူ လက်ထဲပါသွားလိုက်၊ ဟား ဟား ... ချိန်ကတ္တားကြီး"

သောင်းကျော် ဥပမာပြုလှောင်ပြောင်သောကြောင့် သူ အူလည်းလည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရလေသည်။ စပ်ဖျင်းဖျင်း ခံရခက်သော နှလုံးသား ထိရှပွန်းပဲ့နာပင်။

"စိတ်ဝင်စားစရာကောင်းတဲ့ ကိုရီးယားကားတောင်မှ အဆက်ကို သင့်အတွက် မနက်ဖြန်မှာ မျှော်ရသေးတာပဲ ... စောင့်ကြည့်ပေါ့ ... "

"ဇာတ်သိမ်းက အလွမ်းနာကွဲခန်း မျက်ရည်ဗူးသီးလုံးလောက်ကျ သွားမီးယား၊ ကင်ဆာပဒေသာ ပေါင်းချုပ် ... ဒါပါပဲ"

"ဒါပါပဲ မလုပ်နဲ့ ... ဆံတစ်ပင် ပြတ်ရုံနဲ့ ကတုံးမဖြစ်ဘူးကွ၊ ဟင်း ... မင်းလင်းဇော်ထက် ငါ့ဂွင်(ခွင်)ထဲဝင်လာရင် သိရောပေါ့"

"ဘာရယ် ... လင်းဇော်ထက် ဟုတ်လား၊ မင်းက လင်းဇော်ထက် ထဲရောက်နေတဲ့ မုန့်ဆီကြော်ကို လက်နဲ့ပုတ်ချမလို့လား"

ဆင်ခြေကောင်းကောင်းဖြင့် ဟန်ဆောင်ရယ်ကာ ကြုံးဝါးသော သူ့ကို ... ၍ သောင်းကျော်က နာသာခံခက်ဖြစ်အောင် ရိလိုက်သေးသည်။ နှစ် ... ကာ်သား ပြိုင်တူရယ်လိုက်မိသည့်အသံကား အသက်မပါသော လုပ်သံကြီး ... ။

"ကဲ ... ဘာပဲဖြစ်ဖြစ် အခုလောလောဆယ် ငါ့ကိုအမြည်းတိုက် ... ဟုတ်ပေါင်၊ ဝီစကီတိုက်၊ ရှုံးနိမ့်မှု အထိမ်းအမှတ်လေးပေါ့ကွာ"

"ရပါတယ်ကွာ၊ ငါအောင်မြင်ရင်လည်း မင်းရဲ့ဒွါရကိုးပေါက်ထဲကို ... တွေ နေရာလပ်မရှိ နင်းကန်လောင်းထည့်ဦးမှာပါ ... လောလောဆယ် ... အမြည်းဘိုးစိုက် ... "

"အင် ... "

နှစ်ယောက်သား လိမ်ဖယ် လိမ်ဖယ်နှင့် ဘုံဆိုင်သို့ ချီတက်ကြလေ ... ။ အိမ်ခြေပွင့်လေးကတော့ လိမ်ကျစ်လိမ်ကျစ်ဖြင့် ဆလွန်းကားပေါ် ပါသွား ... ပြီ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းလက်ဆောင်ဆိုသည့် ရောဂါဆန်းကို စတင်အတတ်ဆန်းသူက လင်းဇော်ထက်ပင်။ ပန်းလှလှလေးများနှင့် ပါကင်ထုပ်ထားသော ပန်းခရမ်းပြာအစည်းလေးကို ယူလာ၍ အလုပ်စားပွဲပေါ်တင်ထားသည်။

တစ်ရုံးထဲတွင် အတူတူ အလုပ်ရသော မင်းမင်းအောင်နှင့်သောင်းကျော်တို့က မနေနိုင် စပ်စုကြသည်။

"လင်းဇော် ... အဲဒီပန်းစည်းက ဘာလုပ်ဖို့လဲ"

မင်းမင်းအောင်၏အမေးကို လင်းဇော်ထက်က ပြုံးစစ ရှက်ဖြဲဖြဲဖြင့် ပြန်ဖြေလေသည်။

"ဒီလိုပါပဲ ... မနက်ဖြန်ကျရင် ချစ်ရသူလေးကို ချစ်သက်ဝင်လက်ဆောင်အဖြစ် ပေးမလားလို့"

သူ့စကားကြောင့် သောင်းကျော်၏ မျက်ဝန်းထဲတွင် ခါးသေးရင်ချီလှမဒီ အိန္ဒြေပွင့်၏ ဟန်ပန်အနုအရွ စလိုးမိုးရှင်း ပြေးလွှားနေပုံကို မြင်မိသည်။ မင်းမင်းအောင် မျက်ဝန်းထဲမှာ ပန်းသီးကိုက်ပြီး နှုတ်ခမ်းစူပြနေသော ပုံရိပ်စူးစူးလေးကို မြင်ကာ အသည်းနာနေလောက်ပြီဟုလည်း တွေးမိသည်။

လင်းဇော်ထက် စားပွဲပေါ်တွင် လတ်ဆတ်စိုပြေပန်းတွေက ဝေဆာဖူးပွင့် လှိုင်နေသည်။

လင်းဇော်ထက် နှလုံးသားကတော့ စိုင်ကော်လို့ အသည်းဘုံပေါ်ရောက်တော့မည်။ မင်းမင်းအောင်နှင့်သောင်းကျော်တို့ မျက်ဝန်းထဲ အိန္ဒြေပွင့်က ချာရဟတ်လို တရွေ့ရွေ့ တစ်အိအိ ရွေ့လျားနေသလောက် လင်းဇော်ထက် မျက်ဝန်းထဲမှာ ကြည်ပြာဖြိုးကသော ပတ်ချာလည် ဝန်းရံလှည့်ပတ် စီးမျောနေသည်။

သူ အရှုံးထကာ ယူလာသော ပန်းစည်းကြောင့် ဟိုနှစ်ယောက်လည်း အဆန်းထွင်ချင်စိတ် ရုတ်ချည်းပေါ်လာကြတော့သည်။

တိုင်ပင်မထားဘဲ နှစ်ယောက်သား ခြေလှမ်းညီညီဖြင့် လှည့်ကာ ပန်းဆိုင်သို့ သုတ်ခြေတင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမြို့တော်ရဲ့ ယဉ်ကျေးမှုစတင်ထွန်းကားနေလေပြီ။ ပန်းဘုရင်မလေးသည် ထိုက်တန်သော သူ့ပန်းကိုသာ ပန်ဆင်ပါလိမ့်မည်။ သူတို့နှစ်ဦးလုံး ရင်းလှုပ်ရှားတက်ကြွမှု၊ ကျေနပ်ပီတိဖြစ်မှု၊ မျှော်လင့်မှုတွေနှင့် လန်းဆန်းပြုံးမြူးလို့နေကြသည်။

"နေပါဦး ... မင်းက ငါ့နောက်ဘာလို့ လိုက်ပြေးနေရတာလဲ"

"မသိဘူးလေ၊ မင်းပြေးတော့ ငါလိုက်ပြေးတာပေါ့"

နှစ်ယောက်သား နောက်မကျကြေး ပြေးနေသော မင်းမင်းအောင်နှင့် သောင်းကျော်တို့မှာ မီးဘေးလွတ်ရာ အူယားဖားယား ပြေးလာကြသည့်နှယ်။ နောက်ကျတဲ့ခြေထောက်ကို မိကျောင်းဆွဲမည့်အတိုင်းပင်။

"ငါ့ခွီးမှပဲ ... ငါပြေးတဲ့ဘက် လိုက်ပြေးရအောင် နွားမနဲ့နွားထီး လိုက်ပြေးနေတယ်လို့ ထင်ကုန်ဦးမယ်"

"ထင်ပါစေကွာ ... ငါကနောက်ကပဲ"

ခြေလှမ်းကျဲ မင်းမင်းအောင်ကို မမီတမီ ဟောဟဲဆိုက်ကာ လိုက်နေသော သောင်းကျော်က ပြန်ပြောခြင်းဖြစ်လေသည်။

"မင်း ဘယ်ကိုပြေးတာလဲ"

"ပန်းဆိုင်ကွာ ... မွှေးမှပဲ ပြေးရတာ မောရတဲ့အထဲ"

နှစ်ယောက်သား ခေါင်းထဲမှာ အလုပ်မရှိတော့ဘဲ ပန်းစည်းတွေသာ မြင်ယောင်ရင်း အာရုံများကြသည်။

"ဒါဆို အတူတူပေါ့ ... ငါလည်း ပန်းစည်းဝယ်မလို့"

"ဘာအရူး ထတာလဲ ... မင်းက ဘယ်သူ့သွားပြီး လွမ်းသူပန်းခွေ ချမလို့လဲ"

"နင့်ကြီးဒေါ်ကြီး ... ဟောဟဲ ... မပြောနဲ့ကွာမောတယ်၊ ဘယ်သူ့ ပေးပေးပေါ့ ငါပေးချင်ရာပေးမှာပဲ"

နှစ်ယောက်လုံး အမောဒဏ်မခံနိုင်ဘဲ ဝီစကီချွေးများ စိမ့်ယိုထွက်စီး



www.burmeseclassic.com

www.burmeseclassic.com


ကျလာသဖြင့် ရင်ဘတ်ဖိသူဖိ၊ ဗိုက်နှိပ်သူနှိပ်ကာ အပြေးရပ်တန့်မိကြသည်။ အရှိန်လျော့သည်ဆိုသော်ငြား ခြေလှမ်းသွက်သွက်ဖြင့်ပင် အမြန်လျှောက်နေမိကြသည်။

ပန်းဆွတ်ပွဲတွင် ပန်းဝင်ဖို့အရေး မောပန်းနွမ်းနယ်မှုကို လစ်လျူရှုကာ ကိုယ်စီကိုယ်ငှ ဖင်ကလေးတွေ လိမ်ကျစ် လိမ်ကျစ်နှင့် စိတ်အားထက်သန်မှုကို မီးစာမြှင့်နေကြသည်။ အောင်ပွဲရရန် မသေချာသေးသော်လည်း ခန္ဓာကိုယ်အနှံ့အပြားမှာတော့ ပီတိတွေ ဖုံးလွှမ်းနေကြပြီ။

တိုက်ပွဲဝင် စစ်သူကြီးများ၏ သွေးအေးရက်စက်မှုညာဏ်နှင့် တွေဝေခြင်းကင်းမဲ့မှုတို့ကို ရင်ဝယ်ပိုက်လျက် ချစ်သူအတွက် ပန်းဆိုင်သို့ ချီတက်ခဲ့ကြလေသည်။

မင်းမင်းအောင်က နွားရေကူးသလို တရှူးရှူး တဖူးဖူးနှာမှုတ်လျက်။ သောင်းကျော်က ကျွဲရေကူးသလို မော့တော့ မော့တော့ဖြင့်ပင်။ တစ်ယောက်ကိုတစ်ယောက် အော်တိုမစ်တစ် အမြင်ကတ်ပြီးသား ဖြစ်ကြရာ ပိုမိုထူးကဲစွာ အာရုံစိုက်၍ ပေစောင်းစောင်း ပုံစံပေါက်အောင် အားစိုက်စရာမလိုပေ။ ဒီကြားထဲ စကားနာက လှည့်ထိုးနေသေး၏။

"မင်းရဲ့ ကမူးရှူးထိုးလျှောက်ပုံကလည်းကွာ၊ နွားရေနစ်တဲ့အတိုင်းပဲ လူလိုသူလို လစ်စမ်းပါ"

"အောင်မာ ... ရာရာစစ ရှဉ့်မီးဖုတ် ဒန်သွားပြူးနေတဲ့ရုပ်နဲ့များ လာပြောနေရသေးတယ်၊ အတူတူနဲ့ အနူနူပဲ ဟော့ကောင်"

ပန်းဆိုင်သို့ရောက်သောအခါ ပန်းမျက်ဝန်းလေးတွေ ပိုမိုဝိုင်းစက်နေသယောင် ပန်းမျိုးစုံ ဥယျာဉ်တောမှာ ပန်းရနံ့ကြိုင်လှိုင် အလှပေါင်းစုကာ စုံလင်နေသည်။ ပန်းရဲ့ပွင့်လွှာနှုတ်ခမ်းသားလေးတွေက ပါးလျ။ နှုတ်ခမ်းဖူးလေးတွေလည်း ထူအမ်းထွေးအိနေ၏။

✣ ✣ ✣

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

မန်နေဂျာ ဦးတင်မောင်သန်းတစ်ယောက် လက်ညှိုးတစ်ချောင်းဖြင့် ပါးကိုတဆတ်ဆတ် လှုပ်ထောက်ပြီး သူတို့စားပွဲပေါ်မှ ပန်းစည်းများကို ကြည့်နေသည်။ အထူးအဆန်း တအံ့တဩ မျက်နှာဟန်ပန်နှင့် သူတို့မျက်လုံးများထဲမှ အရိပ်အယောင်ကို အကဲခတ်လိုက်သေးသည်။

"ကိုယ့်လူတို့ သိပ်မရိုးတော့ပါလား"

"ဗျာ ... ရိုးပါတယ် ဦးဗျ၊ မျိုးနဲ့ရိုးနဲ့ကို ရိုးတာပါ"

မန်နေဂျာက လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စများတွင် မသက်သာပြီမှတ်သဖြင့် သောင်းကျော် အထင်လွဲမခံ။ ပြာပြာသလဲ ပြန်ပြောလေသည်။

"အမေရိုးလား ... အဖေရိုးလား"

"အဲဒါ အဖေ့ကိစ္စနဲ့ အမေ့ကိစ္စ၊ သူတို့ချင်းပဲသိမှာ"

ပြောရင်း ... အူကြောင်ကြောင်ဖြစ်ကာ ဒန်သွားကလေးဖြဲပြီး ခေါင်းကို ကုပ်တော့သည်။

မန်နေဂျာသည် လူငယ်ဝန်ထမ်းအသစ်တွေ လုပ်ငန်းခွင်ဝင်စဉ်က နေသာခိုစိတ်ခါတ်မရှိဘဲ ကြိုးစားမှု ခွန်အားပြည့်ဝစေဖို့ တိုက်တွန်း ကူညီခဲ့ရှိသည်။ ထို့အတူ လူငယ်တွေပျော်တာ၊ တက်ကြွရွှင်လန်းတာကို မြင်လိုလှသူ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်သည်။ အလျှော့ပေးအလိုလိုက်ပြီး စည်းကမ်းတကျ လိုရာ ပုံသွင်းနိုင်သူ ဖြစ်လေ၏။

"ကိုယ်ပြောတဲ့ ဂိုးဘူးဆိုတာက ဟောဟိုက ပန်းစည်းတွေကိစ္စပဲ၊ မှန်မှန်ပြော ... ဘယ်ငှောင်မလေးကို ပေးဖို့လဲ"

ချက်ဆို နားခွက်က မီးတောက်သော မန်နေဂျာ ဦးတင်မောင်သန်းက မရမ်းတလင်းခြံမှ ဆရာကြီး ခအေလား ဒက်ခန် ပြောချလိုက်သည်။

မန်နေဂျာ၏အမေးကြောင့် သုံးယောက်သား ရက်ကိုးရက်ကန်း ရက်တစ်ဆယ် ရက်မကြားတွေဖြစ်ကာ မျက်နှာကျက်ကို လက်ညှိုးထိုးသူထိုး စားပွဲကိုကြောင်လက်သည်း ကုပ်သူကုပ်ဖြင့် ဗရုတ်ဗရက် သရုပ်ပျက်ကုန်ကြသည်။

"ဝတ်မှုန်ရွှေရည် ... အဲ ... သူမှ လက်မခံရင် အိချောပို၊ သူကမှ ကိုကိုရယ် မယူချင်ပါဘူးဆိုရင်လည်း၊ ဒီပန်းတွေ ပြုတ်ပြီးသုပ်စားမလို့ ဆရာရေ ... "

လင်းဇော် ပါးစပ်ထဲရှိရာ လျှောက်ပြောလာသဖြင့် မန်နေဂျာ ပြုံးမလိုလိုဖြစ်မိသွားရာမှ မနည်းချုပ်တီးအောင့်အီးကာ ချက်ချင်းမျက်နှာထား ပြန်တည်လိုက်သည်။

မင်းမင်းအောင်ကတော့ မကြားသလို မသိသလို အရှုံးကွက်နင်းကာ မျက်နှာလွှဲ၍ ဟိုမျှော် ဒီငေးလုပ်နေသည်။

သူတို့သုံးယောက်ထဲတွင် ချောလွယ်ခြောက်လွယ် အညာလွယ်ပုံရသော သောင်းကျော်ကို လက်ယပ်ခေါ်လိုက်သည်။ ခေါ်ပုံမှာ ဘရုစလီစိမ်ခေါ်သည့် ဟန်မျိုး လက်ဝါးပက်လက်ဖြန့် တလှုပ်လှုပ်ယပ်၍ ခေါ်ခြင်းဖြစ်ပေသည်။

ထို့နောက် ... ရုံးခန်းထဲဝင်သွားရာ သောင်းကျော်လည်း ဒူးတဂတ်ဂတ် ရိုက်လျက် လိုက်သွားရလေ၏။

"ကဲ ... မောင်သောင်းကျော် ... အစ်ကိုကလဲ ငယ်ရာကကြီးလာတဲ့ လူပျိုကြီးပါပဲကွာ ... သူတို့အဲဒီပန်းစည်းကို ဘာလုပ်တာလဲ ... အဲ



www.burmeseclassic.com

www.burmeseclassic.com



...အရှုးထတာလဲ"

"မပြောပါရစေနဲ့ဗျာ ... အဲဒီနှာဗူးကျပြီး အရူးထတဲ့အထဲမှာ ကျွန်တော်လည်းပါနေလို့ မပြောချင်ပါဘူး"

သောင်းကျော် မျက်လုံးမျက်ဆန်ပြူး၍ သူ့ပါးစပ်သူ လက်ဝါးဖြင့် ...ကာ ခေါင်းနပန်းကြီးသွားသည်။ မပြောပါဘူးဆိုမှ ပြောမိနေတာကိုး။

"မပြောချင်လဲ ရပါတယ် ... ဒါက ကိုယ်ရေးကိုယ်တာပဲ လွတ်လပ်...မှုရှိရမှာပေါ့။ ကိုယ်က ညီအစ်ကိုအရင်းလို ခင်မင်မှုဖော်ဆောင်ပြီး မေးတာ...ပါ"

မန်နေဂျာက ဒီလိုအချုပ်ဇယားခင်းမှတော့ ပါးရည်နပ်ရည်ရှိမလိုလို ...နှင့် အကွက်လျော်တတ်သော သောင်းကျော်က အိုးမလုံ အုံပွင့်တော့သည်။

မေးတာမှ မဖြေရင်ဘဲ မန်နေဂျာအပေါ် ညီအစ်ကိုအရင်းလို ခင်မင်...မှုတွေးမှု မရှိရာရောက်ရပေတော့မည်ဟု သောက်တလွဲ သောင်းကျော် အတွေး...ကာ မြောင်းဖော်လေတော့သည်။

"ဒီလိုရှိတယ်ဆရာ ... သင်တန်းက ကောင်မလေးတစ်ယောက်ကို ...မင်းအောင်က ကြိုက်တယ်၊ ဒါပေမဲ့ ... ကောင်မလေးက လင်းဇော်ထက်...ကို ကြိုက်နေတယ်၊ အဲဒါ ... လင်းဇော်ထက်က ပန်းပေးမယ်ကြံတော့"

မင်းမင်းအောင်က လင်းဇော်ထက်အရင် ဦးအောင်ပန်းပေး၍ အမှတ်...ကာ အချစ်လုလိမ့်မည်ဟု သူ့ထင်မြင်တွေးဆချက်ကို စိတ်လိုက်မာန်ပါ အမှ...ဖြင့် ပြောတော့သည်။

သူတို့စားပွဲအသီးသီးပေါ်တွင် ပန်းတစ်စည်းစီရှိလေရာ သုံးယောက်...ပြီး ကြိတ်ကြံကြပြီကို ဦးတင်မောင်သန်း ရိပ်မိလိုက်လေ၏။

ထို့ကြောင့် ... ကိုယ့်ကိုယ်ကို ထိန်းချုပ်ထားပြီး သူများအကြောင်းကို ...ကာက်ပြောကာ ဖွနေသော သူ့အကြောင်းကို မန်နေဂျာက ဆက်မေးသည်။

"ဟို ... ဒါကတော့ ဒီလိုရှိပါတယ် ဆရာ၊ ကျွန်တော်က ပန်းဆိုင်က ...တစ်ယောက်ကို လက်ဆောင်ပေးချင်လို့ပါ၊ သူတို့တွေရဲ့ အရှုံးဇယားနဲ့ကင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''ဘယ်ပန်းဆိုင်ကလဲ''

''လမ်းသစ်ထဲကလေ ဆရာရဲ့ ... ပန်းဆိုင်မှာ ပန်းရောင်းနေတဲ့ သူ့ကိုပေးချင်လို့ သူဆိုတဲ့ ဈေးကိုမဆစ်ဘဲ ဝယ်လာခဲ့တာ''

''ဟာ ... သောင်းကျော် ... မင်းကွာ၊ ခွိခွိခစ်ခစ်ခွီးခွီး''

ဟန်ပင်မဆောင်နိုင်တော့ဘဲ သဘောတကျ ရယ်တော့သည်။ ဦးတင်မောင်သန်း ရယ်မည်ဆိုလဲ ရယ်စရာပင်။ သူပါးစပ်ထဲရှိကရာ၊ တွေ့ကရာ ကောက်ပြောလိုက်ပုံမှာ ပြောင်သလို နောက်သလိုလို အတွေးချော်နေတော့၏။

သူ့အဖြစ်က ပန်းဆိုင်မှ ပန်းသည်မကို ပန်းစည်းလက်ဆောင်ပေးဖို့ ထိုဆိုင်မှပင် မျက်နှာလိုမျက်နှာရ ပန်းစည်းဝယ်သည်ဆိုသောကြောင့် သူ့ဟာကြီး သူ့ကို ငွေကုန်ခံပြီး ဝယ်ပေးသည့်အဖြစ်။

''နေစမ်းပါဦး ... အခု မင်းတို့နဲ့တစ်သုတ်ထဲဝင်လာတဲ့ ကောင်မလေးတစ်ယောက်ကွာ၊ အချောဆုံးအလှဆုံးပဲလေ ... အဲဒါ ဒီရုံးမှာ ဘယ်သူနဲ့လိုက်ဖက်ဆုံး ဖြစ်မယ်လို့ မင်းထင်သလဲကွ''

မန်နေဂျာ မေးပုံက ဆန်းသည်။ အခရာကျသည်။ သူကလေးကို သုံးယောက်သား ပြိုင်တူငေးမိကြရသည်မှာအမှန်။ မန်နေဂျာအနေနှင့်လည်း ငေးယူရလောက်အောင် လှတာအမှန်။ သူတို့လောက် အရေးမပါ အရာမရောက် ဥပဓိ မခန့်ညားသော အခြားဝန်ထမ်းများဆိုလျှင် ပိုဆိုးဝါးစွာ ငုတ်တုတ်မေ့ ငေးမျောသွားကြရလိမ့်မည်။

ဒီတော့ ဘယ်ရမလဲ။ သောင်းကျော်ပဲလေ သူ့ဗိုင်ကြောင်နှင့်သူ အချပ်ဖယားမိအောင် ပြန်ပြောလိုက်တာပေါ့။

ညီအစ်ကိုအရင်းလို နွေးထွေးသော လုပ်ဖော်ကိုင်ဖက်တွေပင် မဟုတ်ပါလား။

''ကျော့အထင်ပြောရရင်တော့ ကျော်ကလွဲပြီး ဘယ်သူမှမပြိုင်မိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှာ အဲဒီကောင်မလေးနဲ့ တကယ်လိုက်တာ ကျော်ပဲ ... ”

သာသာထိုးထိုးနှင့် အငမ်းမရ အသားယူပြောနေလေတော့ရာ ကျွန်တော်ဟု သုံးသော နာမ်စားစကားလုံးပင် မပီတော့ဘဲ ကျော့ဖြစ်လိုက် ကျော်ဖြစ်လိုက်နဲ့ မပီချင်တိုင်းကို မပီဘဲ ချွဲချင်တိုင်းသာ လွဲနေလေတော့သည်။ သူ့အပြောကြောင့် မန်နေဂျာ ဗိုလ်၍ အူမြူးသွားသည်မှာ ဝက်ရူးပြန်သလို တခွီးခွီး ခင်ခင် ဖြစ်နေတော့၏။

✣ ✣ ✣

သောင်းကျော်ထွက်သွားသည်နှင့် ငါးစ်ပြိုင်နက် စားပွဲခုံကို လက်ဖြင့် အတောက်တောက်မြည်အောင် ခေါက်ကာ ကြံဆသည်။

ထို့နောက် ... လက်ဖျောက်တီးကာ ရန်ကုန်လမ်းညွှန်ကို အဆော အလျှင် လှန်လိုက်သည်။ ပြီးနောက် ပန်းဆိုင်သို့ ဖုန်းကောက်ခေါ်လိုက်တော့ သေး၏။

“ကျွန်တော် ... ပန်းတစ်စည်းလောက် မှာချင်လို့ပါ၊ ပါဆယ်ဝန် ဆောင်မှုရှိလား မသိဘူး”

“ဟုတ် ... ရှိပါတယ်၊ ဘယ်ကိုပို့ပေးရမလဲ”

“သစ္စာထရေးဒင်း ကုမ္ပဏီလီမိတက်ပါ”

သူ့စကားနှင့်သူ ပြန်ထိလေပြီဟုပင် တွေးမိကာ ပြုံးမိသေး၏။ ဒီ အတိုင်းဆို ပန်းစည်းနဲ့အမွှားထသည့် အထဲ သူလည်းအပါအဝင် ကြီးမိုက်ကြီး ဖြစ်ရချေပြီပေါ့လေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



အကြံတူလျှင် ဦးသူသာစမြဲဆိုပါက မင်းမင်းအောင်နှင့်သောင်းကျော် တို့နှစ်ယောက်ကို အမှတ်ပေးရလိမ့်မည်။

ဒါမျိုးဆို နှာတစ်ဖျားသာတတ်သော မင်းအောင်က အလုပ်ကို အစော ကြီးရောက်သည်။ တက်ကြွနေသော သူ့ကို မပြောသာသဖြင့် သောင်းကျော် မနည်းအမီလိုက်ပါမှ ပုလင်းထောင်တဲ့ မင်းအောင်တစ်ယောက် ဖလက်ပြပြီး အလုပ်စားပွဲမှာ တခူးခူး ဟောက်နေသည်ကို တွေ့ရသည်။ တစ်ညလုံးမအိပ်ဘဲ အလုပ်ကို ရောက်နေသလားအောက်မေ့ရသည်။

ပြာထကာ နှာပွနေသော သူတို့ကို ကမ္ဘာလောကကြီးက မည်သို့မျှ အပစ်မတင်သာတော့ပေ။ အရှိန်နှင့်လွှတ်ပေးခြင်းကသာ သူစရိတ်နဲ့သူ ညောင်း ပြီး သူ့ကြမ္မာဂြိုဟ် သူစီးရန် အသင့်တင့်ဆုံး ဖြစ်ပေလိမ့်မည်။

လင်းဇော်ထက်လည်း ကြည်ပြာဖြိုးလေးကို သူများထက် ဦးဦးဖျားဖျား တွေ့ချင်နေသည်။ ခန့်မှန်းစိတ်ကူးပုံဖော်ထားတာထက် ပို၍လှလာလိမ့်မည်ဟု ယုံကြည်သည်။

သူမကို ကြင်နာယုယလိုလားဟန် အပြည့်အဝနှင့် ရင်ခုန်လှိုက် မောစွာ ပန်းစည်းပေးရမည်။ ထိုအဖြစ်ကို တွေးကြည့်လျှင် ပို၍သာ၍ ကလိ ကလိ ဖြစ်ရသည်။ ကလိချင်စရာလည်းကောင်းတာ (အဲလေ ယောင်လို့) ကလိ ကလိ ဖြစ်ချင်လောက်အောင် မချောလေးက အပြတ်မိလှသကိုး။

သူ ကုမ္ပဏီသို့ရောက်သောအခါ ထင်မထားစရာ အံ့သြရတော့သည်။ ဟိုနှစ်ယောက်ကပါ သူ့စိတ်ကူးတိုင်းလိုက်ပြီး ပန်းစည်း အရှုံးထနေကြသည်။

ရုံးခန်းဝင်ပေါက်ကို ဣန္ဒြေမဆည်နိုင်ဘဲ တကြည့်ကြည့်လုပ်နေကြရာ လင်းဇော်ထက်လည်း သူတို့နဲ့အတူထိုင်၍ ငေးနေမျှော်နေမိသည်မှာ လည်ပင်း ညောင်းရေအိုးပမာ ဖြစ်ရတော့သည်။

"လင်းဇော် ... မင်း ပန်းစည်းကို သွားမပေးသေးဘူးလား"

အာချောင်သော သောင်းကျော်က သူ့ထင်မြင်တွက်ကိန်းဖြင့် သွမ်း



www.burmeseclassic.com

www.burmeseclassic.com



...သည်။ သောင်းကျော် စိတ်အထင် မနေ့ညနေကတည်းက အိမ်ခြေပွင့်ကို ကြိုရှင်း ပေးပြီးလောက်ပြီဟု မှတ်ထင်ထားသည်။

အခုတော့ ... စားပွဲပေါ်မှာ လင်းဖော်ထက်၏ ပန်းစည်းက အရာ ...မပျောင်း နေရာပင် မရွေ့သေး။

“သွားပေးစရာ မလိုပါဘူးဗျာ၊ သူလာတဲ့အခါ ပေးလိုက်ရုံပေါ့”

“ဘာရယ် ... မင်းကောင်မလေး ဒီကိုလာမယ်ပေါ့”

“ရဲ့စ် ... ဒါအမှန်ပဲ၊ သူမ ရောက်လာလိမ့်မယ် မလွဲဘူး”

ခန္ဓာကိုယ်ကို လှုပ်လှုပ်ရွရွယိမ်းပြီး သူဖျတ်လတ်စွာ ပြန်ပြောလိုက်သည်။ သောင်းကျော် သူ့အတွေးနှင့်သူပေါက်ပြီး ပါးနှစ်ဖက်ဖောင်းအောင် နှုတ်ခမ်းပိတ် ရယ်သည်။

ထိန်းမရတော့ ရယ်သံက ဘုံဘိုင်ပိုက်ခေါင်းမှ လေနဲ့ ရေရောထွက်သလို ကန်ထွက်လာသည်။

“ဖူး ဖရှူး ... ဖူးဖူးဖူး”

သောင်းကျော် သူ့အတွေးနှင့်သူ မြင်ယောင်ကြည့်လိုက်သည်။

အိမ်ခြေပွင့်က လင်းဖော် ရုံးကိုလိုက်လာ။ အဲဒီမှာ မင်းအောင်နဲ့တွေ့။ မင်းအောင်က လင်းဖော်ထက်ဦးအောင် ပန်းစည်းကို ပေး။ လင်းဖော်ကလည်း ...အယက် လိုက်ပေး။ အဲဒီမှာ နှစ်ကောင်ထသတ်။ မန်နေဂျာကဝင်ဖြန်ဖြေ။ ...လုံး တိုင်ပတ်။

တွေးရင်းနဲ့ကို သူများဒုက္ခရောက်တာ ကိုယ့်အတွက် ပျော်စရာ ဖြစ်နေ...သည်။

သူတို့ ရှုပ်ထွေးမှုတွေနဲ့ ပူလောင်ပျာယာခတ်နေစဉ်မှာ သောင်းကျော်က ...လေး ကြည်ပြာဖြိုးကို ပန်းစည်းသွားပေးလိုက်ရုံပဲ။ အိုစကေမှာ စိုပြေလို့ ...ရောလား။

“ဒါနဲ့စကားမစပ် ခင်ဗျားတို့ကရော ဒီပန်းစည်းတွေ ဘယ်သူ့...ပေး



www.burmeseclassic.com

www.burmeseclassic.com



ကြမလို့လဲ ...”

လင်းဇော်က ပြန်မေးသည်။

“မပြောပြဘူး အသေခံလိုက်မယ် ... သတ်ချင်သတ်လိုက်”

နွဲ့တဲ့တဲ့လေသံဖြင့် မာဆတ်ဆတ်လေးပင်။ မင်းအောင်က ပြောလိုက်ရာ လင်းဇော် ရွံ့ရှာစိတ်ပျက်သွားရသည်။

ပိုဆိုးသည်က ရွှေပြည်နန်းကုမ္ပဏီ ရောင်းအားမြင့်တက်အောင် ပင်တိုင်အားပေးထားဟန် မျက်နှာကြီးဖွေးစွတ် ထူရဗျစ်ပါးကွက်ကြီးနဲ့မို့ ယုန်ထင် ကြောင်ထင် သံသယပင် ဝင်မိသေးသည်။

သောင်းကျော်ကတော့ သူ့အတွေးနှင့်သူ ငြိမြိဟု တွေးကာ ကြိတ်ပြုံး လေးတစ်ချက် ပြုံးပြီး ပြန်ဖြေသည်။ ဖြီးဖြန်း လိုးလွှဲပြီး ပြောသပေါ့လေ။

“ကိုယ်ကတော့ ပန်းဆိုင်က မမကိုပေးရမှာပဲ ... အင်ဂျလီနာဂျိုလီ သော်ဒေဝီကင်မရွှန်းဒီရိုက်စ် ရွှေထိုက်ဖွေးဝတ်မှုံရွှေရည်အိချောသန္တာဗိုလ်”

ဝါးလုံးရှည်နှင့်ရိုသမျှ ပတ်ရမ်းလိုက်သဖြင့် လင်းဇော်နှင့်မင်းအောင် စိတ်ပျက်လက်ပျက် မျက်နှာကြီးများ ရှုံ့မဲ့သွားကြရသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မျှော်ငေးစောင့်စားရသည့် စိတ်အလောတကြီးဖြင့် သောင်းကျော် လွှတ်ခဲ့ ခရွတ်မိလိုက်သည်။

"ဟိုဟာမလေးလဲ အခုထိ မလာသေးပါလားကွ"

"မလာဆို ပြောင်းဖူးရိုး၊ အဲ ... ဂျင်းနဲ့ထန်းလျက်၊ ဟာ ... ပျောက်ပါဘူး၊ ငါ့ကို သူ့အလှအပလေးတွေ ပြချင်လို့ တမင်နောက်ကျပြီးမှ ကောင်းဖြစ်ရမှာပေါ့"

မင်းမင်းအောင် အသားလွှတ်မြောက်ကြွကြွဖြင့် အသားယူပြောသည်။ သူ့စကားကို ဘယ်သူမှနားဝင်ချိုစရာ စကားလုံးအဖြစ် အသိအမှတ်မပြုဘဲ ခေါင်းရှုံ့ပြခြင်းဖြင့် ပယ်ချကြရာ ဖီလင်အောက်သွားရသည်။

ထိုသို့ ဆောက်တည်ရာမရ လှုပ်လှုပ်ရွရွဖြစ်နေကြစဉ်မှာပင် ဘူးသီး ထနေသောင်းမြွေသီးလို ပုပိုင်းဝိုင်း ဝန်ထမ်းမနှင့် ရှည်မျော့မျော့ ဝန်ထမ်း မိန်းကလေး ကြားမှာ အကြင်နာယောင် လက်ခနဲ ထသွားသည်။

သူယောင်မယ် သီးကလေး ဘွားခနဲပေါ်လာ သောကြောင့်ပင်ဖြစ်သည်။ သူချောပြီ။ ရင်ခုန်ခြင်းကို ကြွမြေမရအောင် ညှို့ငင် ကိုင်လှုပ်ပစ်သော အဝ သူချောင်မလေး။ နတ်သမီးလေး။ ဖေဖော်ဂျီ ဆေးကြိုဘ်တွဲ တောင်က သူ



www.burmeseclassic.com

www.burmeseclassic.com



သီးလေး။

သုံးယောက်သား ဆုံပြီး ပန်းပေးရန် အလုအယက်သွားကြသည်။ အပြောနှင့်အလုပ်၊ အတွေးအထင်နှင့်အသွေးအမြင်က တခြားစီ။

သုံးယောက် သားလုံးဆုံပြီး ပန်းစည်းအလုအယက်ပေးမိကြသည်။ ဦးတည်ရာက တစ်ယောက်တည်းသော ကြည်ပြာဖြိုးဆီသို့သာ။

သူတို့သုံးယောက်တင် ဘယ်ကမလဲ။ သူတို့ နှင့်မရှေးမနှောင်း ရုံးခန်းထဲကထွက်လာပြီး ဦးတင်မောင်သန်းလည်း ကြည်ပြာကို ပန်းလာပေးသည်။

ကြည်ပြာက ပြုံးဝေရွှင်ပျစွာ ပန်းစည်းများကိုလက်ခံပြီး မနိုင်မနင်း ပွေ့ပိုက်ထားလိုက်သည်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ၊ အားလုံးကို ကျေးဇူးပါပဲ၊ ကျွန်မကို အလုပ်ကိစ္စတွေမှာလည်း အခုလိုအသိအမှတ်ပြုပါ၊ လုပ်ငန်းဆောင်တာနဲ့ပတ်သက်တဲ့ လက်ဆောင်မွန်တွေပေးပါရှင့်"

ကြည်ပြာက သူ့အလုပ်ကောင်တာကို သူဆက်လျှောက်သွားသည်။ မျက်နှာပွင့်လန်းသူ အလှပဂေးမလေး၏ စိတ်နှလုံးကျေနပ်ပီတိဖုံးလွှမ်းပြည့်လျှံလျှက်။ အလုပ်ထဲမှာ နွေးထွေးစွာ အရေးပေးခံရတော့ စိတ်ကြည်လင်ချမ်းသာလို့ ပျော်ရွှင်ရတာပေါ့။

ရက်အမ်းထူပူ ခေါင်းခြောက်ကာ မျက်နှာအထားရခက်ပြီး အူလည်လည်ကြီး လေးယောက်သား ဆိုင်မိတာက သူတို့သုံးယောက်နှင့် မန်နေဂျာ။

မင်းမင်းအောင် လင်းဇော်ကို အထင်တသေးကြည့်သည်။ သူ့မျက်ဝန်းထဲမှာ လင်းဇော်ကို ငါးရုံ့နှစ်ကောင် တစ်ပြိုင်တည်းဖမ်းတဲ့ ယောက်ျားတန်မဲ့ မျက်နှာများသော လူအဖြစ်၊ ကူလီကူမာ ပွေလီသူအဖြစ်မြင်သည်။

"လင်းဇော် လင်းဇော် ... မင်းက လူရှုပ်ပဲကွ"

"ကျွန်တော်က ဘာရှုပ်လို့လဲ ... ခင်ဗျားတို့ ဝင်လာလို့ ရှုပ်ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လင်းဇော်စိတ်ထဲမှာ သူ့ငါးစာလေးကို ဝင်ဟပ်သွားသည့် ငါးပုတင်းကောင်အဖြစ် မင်းအောင်ကို မြင်သွားသည်။ မေးတုန်းက မပြောပြဘူး အသေခံလိုက်မယ်ဆိုပြီး ဝေ့လည်ကြောင်ပတ်လုပ်နေသည်။ အခုမှ ဘွားခနဲပေါ်တော့တာပဲ။ အကြိုက်ချင်းတူလို့ အကြံတူလာလေပြီ။

"တကယ်ဆို မင်း ... ကြည်ပြာနဲ့ငါနဲ့ကြားမှာ မနှောင့်ယှက်သင့်တော့ဘူး၊ မင်း ... များနေပြီနော်"

"ဘာများတာလဲ၊ ခင်ဗျားတို့ကြားလို့ ပြောရအောင် ဘာပတ်သက်လို့လဲ ပြီးတော့ ... ကြည်ပြာကို ခင်ဗျားရော ကျွန်တော်ပါ ပန်းစည်းပေးပိုင်ခွင့်ရှိတယ်"

တစ်ဖက်မှာလည်း မန်နေဂျာ ဦးတင်မောင်သန်းနှင့်သောင်းကျော်တို့မှာ တိုးရှမ်းတန်း ဖြစ်နေကြသည်။

"ညီလေးရာ ... မင်းပြောတော့ ပန်းဆိုင်က ဗန်းကိုင်ဆို"

"အဟီး ... ဟုတ်ပါတယ် ဆရာ၊ ဟိုလေ ... ကိုယ့်ကုမ္ပဏီက ကောင်မလေးကို ကိုယ်ကကြောင်ရင် ဆရာ မကြိုက်မှာစိုးလို့ ... အဟီး"

သောင်းကျော် ခေါင်းကိုကုပ်ဖွရင်း စပ်ဖြီးဖြီး ပြောလိုက်သောအခါ မန်နေဂျာလည်း သူ့နဖူး သူရိုက်ကာ ညည်းတွားတော့သည်။

"ဟာကွာ ... သေလိုက်ပါတော့"

လင်းဇော်နှင့်မင်းအောင်တို့မှာ မန်နေဂျာနှင့်တော့ ဒီပြဿနာကို မပြောခဲ့ကြသဖြင့် ထိုကိစ္စကို နောက်မှဆုံးဖြတ်ရန် တေးထားကာ နှစ်ယောက်သား ပွဲတွင်သွားထိုင်၍ အခြေအတင်ပြောကြသည်။

"မင်းအကြောင်း ငါမသိဘူးများမှတ်နေလား၊ ဒီမယ် လင်းဇော်၊ ဒီတစ်သက် မင်း ... ကြည်ပြာကို မရစေရဘူး"

"ကျွန်တော်ကလဲ ကြည်ပြာကို ခင်ဗျားလက်ထဲ အပါမခံနိုင်ပါဘူး ကြည်ပြာကို ရအောင်ယူပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သာဆိုင် မပိုင်တဲ့ပန်းအဖြစ်မို့ ဤအပျိုစင် မိန်းကလေးတစ်ယောက်ကို လူပျိုနှစ်ယောက် ဖြစ်ပေထသော သူတို့နှစ်ယောက်လုံးမှာ ကြိုက်ခွင့်၊ ချစ်ခွင့်၊ နှစ်သက်ပိုင်ခွင့်ကတော့ ရှိလေသည်။

"ကောင်းပြီလေ၊ မင်းက ဒီလိုဆင်ကြဲကြဲတာကို၊ မင်း ... ငါရှိနေသရွေ့ သူ့အချစ်ကို ဘယ်တော့မှ မရဘူးလို့ မှတ်လိုက်ပါ"

သူ့အချစ်ကို ပထမအဖြစ်လို နောက်ကောက်အကျမခံနိုင်တော့ပါ။ သူကြံရွယ်လိုက်တိုင်း ဖြတ်ဖြတ်လုနေသော လင်းဇော်ကိုလည်း စိတ်နာကာ အမုန်းကြိတ်ပစ်ချင်လာမိသည်။

"ကျွန်တော်ကလည်း ကြည်ပြာနဲ့ပတ်သက်လာရင် ဘယ်တော့မှ အလျှော့ပေးမှာ မဟုတ်ဘူး"

အလိုလိုနေရင်း ပြိုင်ပွဲမစခင် ပြိုင်ဘက်တွေ ပေါ်နေသော အခြေအနေသို့ ဆိုက်ရောက်လေပြီ။ မန်နေဂျာနှင့်သောင်းကျော်တို့မှာတော့ ကြွေရရ ငြိမ်းမှုဖြင့် ပြေလည်မှုရကြသည်။

"ရပါတယ် ညီလေးရာ၊ အစ်ကို နားလည်ပါတယ် ... သူကလုတော့ မင်းမပြောနဲ့ မြင်သူတိုင်းက နှစ်သက်မှာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ၊ အဲဒါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားဖို့ပါပဲ၊ သူရွေးချယ်တဲ့သူကသာလျှင် သူ့ပိုင်ရှင်ဖြစ်ရမှာပေါ့"

"ဒါပဲပေါ့ကွာ ... တို့ ဒီလိုနည်းနဲ့ ယှဉ်ပြိုင်ကြရမှာအမှန်ပဲ၊ ဒါ အားလုံးအတွက် တရားမျှတတဲ့ အချစ်ပဲ၊ ကဲ ... ကြိုးစားကွာ"

ကျေကျေလည်လည် သဘောထားကြီးစွာပြောပြီး မန်နေဂျာလည်း ရုံးခန်းထဲသို့ ပြန်ဝင်သွားလေသည်။

သချာသည်ကတော့ လေးယောက်သား မျက်နှာချင်းပင် မဆိုင်ဝံ့တော့ဘဲ ခေါင်းခဲနေကြသည်။ လေးယောက်တစ်ယောက်ဆိုတော့ ဝေပုံက ဘယ်လိုမှမမျှ။ ခုတ်ထစ်ပိုင်းဖြတ်ရမည်ဆိုလျှင်တောင် အလယ်ပိုင်း နှစ်ပိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသည်။

ရင်လေးစရာတွေတော့ ဖြစ်ကုန်လေပြီ။

တဖြည်းဖြည်း အချိန်ယူကာ ပြေလည်အောင် ညှိနှိုင်းရဦးမည်။ လုပ်ဆော်ကိုင်ဖက်၊ သူငယ်ချင်းအရင်းခေါက်ခေါက်တွေ ဖြစ်လို့နေကြပြီ မဟုတ်ပါလား။

အခုဆို . . . သူတို့သုံးယောက်က သောက်ဖော်စားဖက်တောင်ဖြစ်နေမှ ဒီအဝေမတည့်မှုက ပေါ်ပေါက်လာသည်။ ဒီတော့လည်း အဝေမတည့်ခြင်းမှာ သောက်အိုးကြီးသူ ဦးတင်မောင်သန်းပါ ပူးပေါင်းလာပြန်တာပေါ့။ ဘယ်လိုနေနှံသွားပြီး ဘယ်ကိုမြန်းရမည်မသိသေးပေမယ့် ကိုယ်စီစိတ်ကူးထဲမှာတော့ ကြည်ပြာဖြိုးကို လက်ထပ်ကြသည်။

ပြီးလျှင် ကျန်သုံးယောက်ထံမှ မသဒ္ဓါရေစာ လက်ဖွဲ့တောင်းသည်။ ထိုအတွေးက လေးယောက်လုံးမှာ ရှိကြ၏။

✣ ✣ ✣

မင်းမင်းအောင်နှင့်သောင်းကျော်က အကြောင်းမရှိအကြောင်းရှာပြီး ကြည်ပြာဖြိုးကို အတင်းဝင်ရောကြသည်။ လူတကာ အမြင်ကတ်စရာကောင်းလောက်ဖွယ် အချိုးမပြေလှစွာပင်။

ကြည်ပြာဘက်မှ ပြုံးပြုံးချိုချို တုန့်ပြန်စကား ဆိုတာကိုပင် ကျေနပ်ကာထယူဝင့်ကြွားဟန်ဖြင့် လင်းဇော်ရှေ့မှာ ကြွားကြသည်။ မြင်ရတွေ့ရသမျှလင်းဇော်အဖို့ စိတ်ပျက်ညစ်ညူးရတော့သည်။

မင်းအောင်တစ်ယောက် လစ်ခနဲ ပျောက်သွားသဖြင့် မသင်္ကာဖြစ်ကာ ကြည်ပြာရှိရာ (HR) ရုံးခန်းဘက် သူလှည့်ထွက်လာခဲ့သည်။

ထင်ထားသည့်အတိုင်း မယောင်မလည် လိုက်ကြည့်တော့ ရုံးခန်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရေတမာပင် ပတ်လည်ခြောက်ထောင့်ကပ် ရိုက်ထားသော ခုံတန်းတွင် ကြည်ပြာနှင့်တော်ကီ များနေသည်ကို တွေ့ရလေတော့သည်။

"ကိုမင်းက တီဗွီတွေ ပြင်တတ်တယ်ဆိုတော့ ဘယ်ဆိုးလို့လဲ"

"အဲဒီပညာ မရှိတော့ရင် ကိုယ့်ဘဝက အထင်ကရ အသက်မဲ့သလိုဖြစ်သွားမှာ၊ တီဗွီတစ်လုံးမှာ စက်ကိရိယာ၊ ပစ္စည်းလေးတွေက ပြုတစ်ပြုတစ်နဲ့ တစ်ထွေးကြီးပါတာ"

တီဗွီမှာ ဘာပျက်သလဲ၊ ဘာဖြစ်သလဲ အသေးစိတ်ရှာဖွေထောက်ပြီး စစ်ကာ တိတိကျကျ အပြစ်ရှာပြင်ပေးရပုံများကို မျက်နှာအမူအရာ လက်ဟန်ခြေဟန်ဖြင့် မမောမပန်း မရပ်မနား ပြောပြနေလေသည်။

"မိုက်တယ်နော် ... တီဗွီပြင်ခကလဲ ဈေးမြောက်တယ်၊ ဦးလေးအိမ်က တီဗွီပြင်တာ ခဏပဲကောင်းတယ်၊ ငွေတစ်သောင်း လာထားပဲ ... အခုတီဗွီက လှိုင်းပြန်ထနေပြီ"

"ဟောဗျာ ... အဲဒါ ပြီးစလွယ်ပြင်သွားတာ၊ အလကားပဲ ကိုမင်းတို့ဆို တကယ့်ဆားဗစ်ပညာရှင်ဆန်ဆန် အလုပ်လုပ်တယ်၊ ပညာတန်ဖိုးထားတယ်၊ အလုပ်အပ်တဲ့လူစိတ်ချမ်းသာမှုကို ဦးစားပေးပြီး နာမည်ထိန်းတယ်"

ရေရှည်ရပ်တည်မှုအတွက် အသက်မွေးပညာစည်းစောင့်ပုံများကို ကြည်ပြာ အထင်ကြီးလေးစားရာရောက်အောင် စိတ်ထဲမှာ လိုက်နာမိသည့်အတိုင်း ပြောတော့သည်။

"ဒါထက် ဦးလေးအိမ်က တီဗွီပြန်မကောင်းသေးဘူးပေါ့ ဟုတ်လား"

မင်းမင်းအောင်က ဖိုးကျိုင်းတုတ်ဖြစ်ပြီး စကားလမ်းကြောင်းကို ကွန်ကရစ်ခင်းလေပြီ။

"ဟုတ်တယ် ... မကောင်းသေးဘူး"

"ဒါဆို ကိုမင်း တစ်ရက်လောက် လိုက်ကြည့်ပေးမယ်လေ"

"ဟင် ... တကယ်လား၊ အတော်ပဲ ကြည်ပြာလဲ ဦးလေးအိမ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာနဲ့ တစ်ရက်လောက် အတူဆုံပြီး သွားကြည့်ရအောင်လေ"

"ရပါတယ် ... ကြည်ပြာ့အတွက်ပဲ ကူညီရမှာပေါ့"

ဒါမျိုးဆို မင်းအောင်တို့က ရေငတ်တုန်း ဘီယာဆိုင်ရှေ့ရောက်ဆို သလို ကွက်တိဟု ထင်မှတ်လေသည်။

စိတ်ကူးထဲမှာ ရေရေလည်လည် ကြိတ်ပျော်ပြီး ဂန်းနမ်းစတိုင်လ်ပင် ချင်လာသည်။ အစွမ်းအစတွေ ပြရတော့မည်။

"ကြည်ပြာနဲ့ကိုယ့်အတွက် အမှတ်တရ ဖြစ်သွားအောင် ကူညီပါ့မယ်"

ဖွေ့ဖွေ့ခုန်မတတ် အူမြူးနေပုံကို နောက်မှချောင်းနားထောင်သူ ၏ဖော်က ဖနောင့်ဖြင့် တက်ပေါက်ချင်လာသည်။ သူ့ထက် နှာတစ်ဖျား တိုမစ်တစ် သာသည်ထက်သာသွားကာ နှာခေါင်းရောင်နေချေပြီ။

ကြည်ပြာကတော့ နှမျော့ဖွယ်ရာ ထင်ထားတာထက် ပိုချစ်ရာကောင်း အောင် ပြုံးရွှင်နေသည်။

✣ ✣ ✣

သောင်းကျော်၏ ခန္ဓာကိုယ် တောင့်တင်းပုံကိုကြည့်ကာ ကြည်ပြာက ဘုံမြှောက် စိတ်ကျေနပ်စေမည့် စကားတစ်ခွန်း ဆိုလိုက်သည်။

"ကိုသောင်းကျော်က အားကစား ဝါသနာပါတယ်ထင်တယ်"

တကယ်တော့ သူ့ဘော်ဒီက ဆိပ်ကမ်းဘော်ဒီကြီး။ သူများ မသဒ္ဒါ အမြည်းတွေ သွပ်ထားတာမဟုတ်လား။ မင်းမင်းအောင်ထက်စာလျှင် ောင်းကျော်ခန္ဓာကိုယ်က ကျွဲပေါက်တစ်ကောင်ပမာ မည်းပြောင်၍ တောင့် င်းသည်။

"ကိုယ် ငယ်ငယ်က ဝိတ်မတယ်၊ ဘောလုံးကန်တယ်၊ ခြင်းခတ်တယ် အခုတော့ ... အားကစားခန်းမတွေကို တစ်ပတ်မှာ တစ်ရက်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖြစ်တယ်''

''ဩော် ... ဟုတ်လား၊ ဒါကြောင့်မို့လဲ သန်မာတာပေါ့''

ကြည်ပြာက ရှက်ပြုံးကလေးဖြင့် မရဲတရဲ့ပြောသည်။ သောင်းကျော်ရင်ထဲ ဖီလင်တွေတက်ကာ ငလျင်ကြောတွေ ရွေ့ဆိုင်းသွားသည်။

''ကြည်ပြာကတော့ အားကစားကို ဝါသနာပါတယ်၊ ဒါပေမဲ့ ... လုပ်ရမှာပျင်းနေလို့ အဟီး ... အားမှပဲ ကစားဖြစ်တယ်''

''ဒီလိုပဲပေါ့ ကြည်ပြာရယ် ... ဝါသနာပါချင်းတူပေမယ့် အဖော်ရှိမှ လေ့ကျင့်ဖြစ်တာ၊ ကျွမ်းကျင်အဆင့်မဟုတ်တောင် တတ်မြောက်သင့်တာက တော့ အမှန်ပဲ''

''ကြည်ပြာက ရေကူးတော့ ဝါသနာပါတယ်၊ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ ကုက္ကိုင်းမှာ ရေသွားကူးတယ်''

သောင်းကျော် ကြည်ပြာ့ကို ရေကူးဝတ်စုံလေးနှင့် မြင်ယောင်ကြည့်ရင်း သက်ပြင်းသဲ့သဲ့ ခိုးဖွက်ချသော်လည်း ''ဂလု''ခနဲ တံတွေးမျိုချမိသံ နောက်ဆက်တွဲကတော့ ပေါ်လာသည်။

တော်သေးတာပေါ့။ စက်ဘီးဝါသနာပါ တယ်မပြောလို့။ စက်ဘီးသာဆိုရင် တိုင်ပတ်ပြီ။ ဒန်သွားသုံးချောင်း အဖတ် တင်ထားသော စက်ဘီးဆိုသူက စိတ်အနာကြီးနာခဲ့ပြီ။

''ကိုယ်လည်း ရေကူးအရမ်းဝါသနာပါတာပေါ့၊ တိုက်ဆိုင်တာပဲ၊ အဟုတ် ... တကယ့်ကို ဝါသနာပါတယ်၊ အကြောအခြင်ပြေတယ်လေ၊ ဘော်ဒီလည်း လှစေတယ်''

ရေကို ခွေးကူးလောက်သာ ကူးတတ်သော်လည်း အလကားသက်သက်မဲ့ လျှောက်ဖြီးပစ်လိုက်သည်။

သူမနဲ့အတူ ကူးရရင် အအေးပတ်ပါစေ၊ ကန်ထဲက မတက်ဘဲ ကူးလိုက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို အတော်ပဲ ကြည်ပြာ့ကို လာမဲ့ ဆန်းဒေးမှာ ရေကူးကန်မှာ စောင့်နေပါလား”

“ဗျာ ... ဟာ ... စောင့်မယ် ... စောင့်မယ်”

အားရဝမ်းသာကြီးဆိုသလို စဉ်းစားမနေဘဲ သဘောတူကြည်ဖြူစွာ အားတက်သရော ပြောတော့သည်။

ရင်ထဲက ဥယျာဉ်ကြီး ချက်ချင်းလက်ငင်းပင် ဝေဝေဆာဆာ ဖူးပွင့်လာသည်။ အဲဒီညနေက ကောင်းကင်ကြီးတစ်ခုလုံး သာယာနေတော့သည်။

ကြည်ပြာလေးရဲ့ နှုတ်ခမ်းလွှာက ခုလိုချိုသာရည်မွန် ယဉ်ကျေးပျူငှာသော ပိယဝါစာ စကားလုံးလေးတွေကို ထာဝရ ကြားနေရရင် မုချအမှန် ရာပေါက် ဘဝဟာ ပြီးပြည့်စုံပြီ။

ကံကြမ္မာအိမ်ရာကို စီမံကိန်း ရေးဆွဲတဲ့ သမ္မာဒေဝ နတ်ကောင်း မြွတ်တွေကို ပူဇော်ပသရတော့မည်။

“ကိုသောင်းကျော် ... အားကော အားရဲ့လား”

“အား အား အား ... အားပါတယ်၊ သိပ်ကိုအားတာပေါ့၊ ကြည်ပြာအတွက်ပဲ ... ဟဲဟဲ ... ”

ခွေးဝမ်းသာအောင် လေလည်ပြနေမှတော့ သောင်းကျော် အသံတွေ ဆောတလျှင် ဟိန်းထွက်ထစ်ငေါ့လို့ နေပြီပေါ့။

ရုံးအဆင်းမှာ အိမ်ကိုတန်းမပြန်သေးဘဲ ရေကူးဘောင်းဘီနှင့်ရေကူး နည်းလမ်းညွှန်စာအုပ် ဝင်ဝယ်ရသေးသည်။ လိုင်းပေါ်တက်ပြီး ရေကူးခြင်းနဲ့ ပတ်သက်သမျှ အချက်အလက်ဒေတာတွေ ရှာရသည်။

ဆယ်တန်းစာမေးပွဲ ဖြေတုန်းကပင် ဒီလောက် မကြိုးစားခဲ့ဘူးပေ။ မှုထခြင်းနဲ့ ရောဂါပြင်းတာ ပေါင်းစပ်လို့နေပြီ။

ဘာပဲဖြစ်ဖြစ် ဒီအတိုင်းဆို ဟိုလူတွေထက် သူကသာသွားခဲ့ပြီ။ အများကြီးသာ၍ အပုံကြီးပါလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

ရုံးပိတ်ရက်ဖြစ်သော အားလပ်ရပ်တွင် ဟိုဟိုဒီဒီ စိတ်ပြေလက်ပျောက် လျှောက်သွားချင်တာက လူ့အကျင့်။ ရုံးဖွင့်၍ အလုပ်များလျှင်တောင်မှ တာဝန်ပစ်ကာ ဂျေဒိုးနတ်နဲ့မုန့်ပြစ်စလက်စားပြီး တရုတ်ဘုရင်နဲ့ ရုပ်ရှင်ကြည့်ချင်သေးသည်။

လင်းဇော်ထက် ပျင်းလျှင် ပန်းခြံထဲလျှောက်သွားခြင်း (သို့မဟုတ်) မြို့ရှင်သွားပေးခြင်း တစ်ခုခုတော့ ပြုတတ်စမြဲပင်။ ယခုလည်း လင်းဇော်ထက် ဥယျာဉ်စင်ကျွန်းမှ ကန်တော်ကြီးရဲ့ ပသာဒအလှတွေကို ကြည့်ရှုခံစားပေးမောနေသည်။

သရုပ်ပျက်စေသော အတွဲများ၏ လျှပ်ပေါ်လော်လီနိုင်သော ရာဂထကြွနေသည့် အပြုအမူတွေကိုလည်း အသွားအနှောင့်မလွတ် မတွေ့ချင်မှအဆုံး။ ကိုယ်ကိုယ်တိုင် ချစ်သူမရှိသော ဘဝ၌ ကိုယ့်ကိုယ်ကို ပြန်ပြီး ညာတာစာနာနေနားမိပေမယ့် သူနဲ့ကြည်ပြာလေးသာ ချစ်သူတွေဖြစ်သွားကြပါက ထိုသို့ပြုမိမည်မထင်ပေ။

ယိုသူမရှက် မြင်သူရှက် နှစ်ဦးနှစ်ဖက် ဤကြည်ညိုသိက္ခာမဲ့စွာ အရှက်မဲ့တဲ့ ပုံစံမျိုးတွေ လုပ်ဖြစ်မည်မဟုတ်ပေ။ ကွယ်ရာမှာတော့ "ဟိုထားဆရာ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ရှုံးပိတ်ရက်ဖြစ်သော အားလပ်ရပ်တွင် ဟိုဟိုဒီဒီ စိတ်ပြေလက်ပျောက် ...ာက်သွားချင်တာက လူ့အကျင့်။ ရုံးဖွင့်၍ အလုပ်များလျှင်တောင်မှ တာဝန် ...ပစ်ကာ ဂျေဒိုးနတ်နဲ့မှန်ပြစ်စလက်စားပြီး တရုတ်ဘုရင်နဲ့ ရုပ်ရှင်ကြည့်ချင် ...သေးသည်။

လင်းဇော်ထက် ပျင်းလျှင် ပန်းခြံထဲလျှောက်သွားခြင်း (သို့မဟုတ်) ...ရှင်သွားငေးခြင်း တစ်ခုခုတော့ ပြုတတ်စမြဲပင်။ ယခုလည်း လင်းဇော်ထက် ...ာင်ကျွန်းမှ ကန်တော်ကြီးရဲ့ ပသာဒအလှတွေကို ကြည့်ရှုခံစားငေးမောနေ ...ည်။

သရုပ်ပျက်စေသော အတွဲများ၏ လျှပ်ပေါ်လော်လီနိုင်သော ရာဂထကြွ ...သည့် အပြုအမူတွေကိုလည်း အသွားအနှောင့်မလွတ် မတွေ့ချင်မှအဆုံး။ ...ယ်ကိုယ်တိုင် ချစ်သူမရှိသော ဘဝ၌ ကိုယ့်ကိုယ်ကို ပြန်ပြီး ညှာတာစာနာ ...နားမိပေမယ့် သူနဲ့ကြည်ပြာလေးသာ ချစ်သူတွေဖြစ်သွားကြပါက ထိုသို့ပြုမိ ...ည်မထင်ပေ။

ယိုသူမရှက် မြင်သူရှက် နှစ်ဦးနှစ်ဖက် ဣန္ဒြေသိက္ခာမဲ့စွာ အရှက် ...တဲ့ ပုံစံမျိုးတွေ လုပ်ဖြစ်မည်မဟုတ်ပေ။ ကွယ်ရာမှာတော့ "ဟိုထ...ရာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုးဟိုး''ဟု ဆိုလာရင်တောင်မှ အကြင်နာတွေပေးမိလိမ့်ဦးမည်။

ခေတ်အခါ အခြေအနေအရ လူရှေ့သူရှေ့ ဖြောင်တွဲကာ အများကို ကြွားဝါခြင်းဖြင့် ဂုဏ်လုပ် ကြသည့် လူ့စရိုက်တွေ ဖွံ့ဖြိုးနေလေသည်။

ဒါတောင် ပန်းခြံထဲမှာပဲ အမြင်နဲ့ အနည်းစုလောက်ရှိခြင်းပင်။ အချို့ဆို လက်မထပ်ရသေးဘဲ ရည်းစားမက လင်မယားကျကာ ဟိုတယ်ကင်မရာ လက်ချက်ဖြင့် အွန်လိုင်းပေါ်ရောက်ရသေး သည်။

သမီးလေးတော်လှ တော်လှနဲ့ ယောင်းမမြင်းလုပ်ပြီး ခိုးစီးတာ ဘူးပေါ် သလို ပေါ်လေမှ မိဘတွေအဖို့ ရင်ကျိုးစရာ။ လင်းဇော်ထက်ကတော့ ခပ်တည် တည် စာချိုးလေးတစ်ခု ချိုးထားပါသည်။

''သမီးတစ်ယောက် အရွယ်ရောက် ကျူရှင်ကျောင်းကိုရောက်၊
ကျူရှင်ကအပြန်၊ လေညှင်းခံ၊ လင်နောက်လိုက်ဖို့ကြံ''

လင်းဇော် ကန်စပ်အရောက်တွင် ပန်းချီဆွဲနေသော ပန်းချီဆရာ တစ်ဦးကို တွေ့ရသည်။ ကန်တော်ကြီး အလှအပတွေကို ခံစား၍ သရုပ်ဖော် နေခြင်းဖြစ်သည်။ အာရုံစူးစိုက်ရေးခြစ်နေသော သူ့ဘေးတွင် ရပ်ကြည့်နေမိ သည်။ ပန်းချီကားက ဆီဆေးအမျိုးအစား။

သူရပ်ပြီး ငေးကြည့်နေသည်ကို သတိထားမိသွားသည့် ပန်းချီဆရာက လှည့်မေးသည်။

''ညီလေးက ပန်းချီဝါသနာပါသလား''

''ဟုတ်ကဲ့ ... ကျွန်တော် စိတ်ဝင်စားပါတယ်၊ ဆရာ့လိုပဲ ဆွဲတတ် ချင်လိုက်တာဗျာ၊ တကယ်အားကျတယ်''

ဘိုင်အိုဘာသာသင်စဥ်က ယုန်ရုပ်တောင်ဖြောင့်အောင် မဆွဲတတ်ခဲ့ သဖြင့် လွယ်လင့်တကူ မဟုတ်သော ပန်းချီပညာကို လေးစားစွာ ပြန်ဖြေမိ သည်။

''ဒီအတိုင်းဆို ပန်းချီကားတစ်ကားပြီးဖို့ တော်တော်လေး အဆင့်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပန်းခံရတာပဲနော် ဆရာ"

"အချိန်ယူရတာပေါ့၊ ဒီပုံဆိုပြီးဖို့ တော်တော်လိုဦးမယ်၊ ပန်းချီဆွဲတာ ဆော့ ငါ့ညီရာ ဒီလိုပဲ စိတ်ရှည်ပြီး စိတ်ငြိမ်ရတယ်"

လိုချင်သည့်ပုံကို ဈာန်ဝင်စားကာ အချိန်ယူကြည့်နေသည်။ ပုံကြမ်း ဆွဲရမည် အချောသတ်ဖို့ အခုဆွဲအခုပြီးသော လုပ်ငန်းမဟုတ်။ ပန်းချီ ဆရာက သူ့ပန်းချီကားကို ရည်ညွှန်းပြီး လက်ဟန်ခြေဟန်ဖြင့် အသေအချာ ပြောပြသည်။

"အကြမ်းပဲ လျာထားနိုင်သေးတယ်၊ ဖွဲသန်သန်နဲ့ စိတ်နှစ်ပြီး ထမင်း မမေ့ ဟင်းမေ့မေ့ ဆွဲမယ်ဆိုရင်တော့ ညနေ(၅)နာရီ ထိုးသွားမယ်၊ ဒါတောင် စိတ်တိုင်းကျဦးမှာ မဟုတ်သေးဘူး"

"စိတ်ရှည်ရှည်နဲ့ ခါးချိအောင် ထိုင်ဆွဲရမှာပေါ့နော်၊ ကျွန်တော်လည်း ညောင်းပို့နေတာမို့ ထိုင်ကြည့်ပါရစေဗျာ"

သူ့ကို ပန်းချီဆရာက ကြည်ဖြူခွင့်ပြုဟန် မပြူ။ တားလည်း မတားမြစ် ဘဲနှင့် ရေငုံနှုတ်ပိတ်ကာ တုံ့ပြန်သည်။ သူ့ကင်းဗတ်စပေါ်တွင်သာ သူအာရုံ စိုက်ထားသည်။ ဆေးသားနှင့်စုတ်တံများ ထင်ဟပ်လာသောပုံရိပ်များသာ သူ့ အတွက် တစ်ကမ္ဘာဖြစ်နေသည်။ ပန်းချီကားထဲ စိတ်နှစ်ကာ သူ့ကို ဖုတ်လေ ငါး ပိ ရှိတယ်လို့တောင် မထင်လေဟန် အဖက်မလုပ်တော့ပေ။

ငှက်ပျောသီး အခွံနွာစားသလိုမျိုးလောက်တော့ မလွယ်တာ သေချာ သည်။ ဒါနဲ့များ လင်းဇော်က ကြည်ပြာ့ပုံတူလေး ဆွဲချင်မိသေးသည်။

"ညီလေး ... ခဏကြည့်ပေးထားနော်၊ အစ်ကို အိမ်သာတက်ချင် လို့"

ပန်းချီဆရာက အီလည်လည်ရှုံ့မဲ့မဲ့ မျက်နှာဖြင့် မပြေမလည်ဖြစ်ကာ အသွားလွှန်ပြီး ငေးနေမိသော သူ့ကို အကူအညီတောင်းသည်။

"စိတ်ချ အစ်ကို ... ကျွန်တော်ရှိနေမှာပါ၊ စောင့်ကြည့်ပေးထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာ သုတ်သီးသုတ်ပြာဖြင့် သန့်စင်ခန်းဘက် လစ်သွား သည်။ လင်းဇော်ထက်လည်း စောင့်ရင်း ကျန်ခဲ့စဉ် မထင်မှတ်တာ တစ်ခုဖြစ်လာသည်။

တိုက်တိုက်ဆိုင်ဆိုင် ကြည်ပြာဖြိုးနှင့် သူငယ်ချင်းတစ်စု ရောက်ရှိလာကြသည်။ လင်းဇော်က သူတို့ကို ဦးစွာမြင်မိရာ အကြံတစ်ခုကောက်ခါ ငင်ခ ရလိုက်၏။

စုတ်တံတစ်ချောင်း ကောက်ကိုင်ပြီး ပန်းချီကားကို တွေတွေကလေး စိုက်ကြည့်ကာ ဂိုက်ပေးကြမ်းလိုက်သည်။

ကြည်ပြာတို့အုပ်စု သူ့အနား ရောက်လာသည်။ ထင်ထားသည့်အတိုင်း ကွက်တိပင်။ အံ့သြတကြီး ဖြစ်စေသည့် ပုံသဏ္ဌာန်ဖြင့် မြင်ရသဖြင့် သူ့ကို နှုတ်ဆက်ပါသည်။

"ဟာ ... ကိုလင်းဇော်ထက်ပါလား၊ ဒီမှာ ... ဒါက ပန်းချီလာဆွဲ နေတယ်ပေါ့"

"ဩော် ... ကြည်ပြာပါလား၊ ဟုတ်တယ် ... ဟောလီးဒေးမှာ ပျင်းလို့ ပန်းချီလာဆွဲနေတာ၊ ဘာရယ်ညာရယ်တော့ မဟုတ်ပါဘူး"

ရှက်သလိုလို ဘာလိုလို အမူအရာပိုပြီး မှင်မောင်းကောင်းကောင်း နှင့် ဖြီးဖြန်းကာ ပြန်ဖြေလိုက်သည်။ ကြည်ပြာကတော့ မျက်နက်ဝန်းလေးပြူး ကာ လက်ညှိုးထိုး၍နေသေးသည်။

"ဟယ် ... လုလိုက်တာနော်၊ ကိုလင်းဇော်က ဒါလဲရတာပဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းကာ ချီးမွမ်းထောပနာ ပြုကြသဖြင့် သူ့ခြေထောက်နှင့်မြေပြင် ထိသည်ဟုပင် မခံစားရတော့ပေ။

ပန်းချီကားဆီမှာ အကြည့်မခွာဘဲ သူ့ဘယ်ဆေးကို ထပ်တင်မလဲ စိတ်ဝင်စားနေကြသည်။

"ကြည်ပြာလည်း ပန်းချီဆွဲရတာ ဝါသနာပါတယ်၊ အသေးစိတ်အ စိတ် ဆွဲရမှာကိုတော့ ပျင်းလို့ စိတ်မရှည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုပါပဲ ကြည်ပြာရယ် ... ပညာရပ်တစ်ခုဆိုတာ ဝါသနာလည်းပါရမယ်၊ စိတ်လည်းရှည်ရမယ်၊ စေတနာလည်းပါရမယ်၊ ပတ်ဝန်းကျင်အမြင်ကဲ့ စူးရှရမယ်"

ဟုတ်တာ မဟုတ်တာ ခဏထားပြီး လျှောက်ဖြီးနေမိသည်။

"ကဲ ကဲ ... ကြည်ပြာတို့ လျှောက်လည်ကြတာဆိုလဲ၊ ကြို့တုန်းဆုံ ... ကင်န်တင်းမှာ တစ်ခုခုသွားသောက်ရအောင်"

"ဟင် ... ပန်းချီကားကြီးနဲ့ ဘယ်လိုလုပ်မလဲ"

"ရပါတယ် ... ကိုယ်ပန်းချီအစောင့်တစ်ယောက်ကို အပ်ထားခဲ့မှာ ... ခဏလေးနော် ... ကြည်ပြာတို့ ရှေ့ကသွားနှင့်ကြ၊ ကိုယ်နောက်က ... လိုက်လာခဲ့မယ်"

"လိုက်ခဲ့နော် ... သွားနှင့်မယ်"

ဆိုင်ရောက်တော့ သူ့ကိုနေရာပေးကာ တလေးတစား ကြို့ဆိုကြသည်။ ... သူကလည်း ကြည်ပြာရဲ့ အထင်ကြီးအရေးပေးမှုကို ရယူချင်ခဲ့သူပင်။

"ကိုလင်းဇော် ... ပန်းချီပဲဆွဲတာမဟုတ်ဘူး၊ အလကား ... ... ပန်းခံပြီး ရုံးမှာအလုပ်ဝင်နေသေးတယ်"

"အနုပညာတစ်ခုတည်းနဲ့ ရပ်တည်လို့မရဘူးလေ၊ ဝါသနာနဲ့အသက် ... မွေးဝမ်းကျောင်းပညာကို တွဲဖက်ပြီး လုပ်ကြရတာပဲ"

"ဟိုလေ ... ပန်းချီဆွဲတယ်ဆိုတော့ ပုံတူရော ဆွဲသလားဟင်"

"ဆွဲတာပေါ့ တစ်ခါတည်း ချွတ်စွတ်တူသွားအောင်၊ ချွတ်ပြီးတော့ ... အဲ အဟဲ ... ရေးပေးလို့ရတယ်"

နောက်နောက်ပြောင်ပြောင် ပြောတတ်သော ပါးစပ်က အငှားချင့်ပါကာ ... ကမ်းပျက်နေလေပြီ။ ကြည်ပြာ စူးစမ်းမေးမြန်းသမျှ လင်းဇော် မျက်စိ ... ဖွတ်ကြိတ်ပြီး ဖြီးလိုက်သည်။

အမှတ်မရှိတဲ့ စိတ်က သူမဓာတ်ပုံလေးကို ပုံတူဆွဲပြီးသိမ်းထားချင်း



www.burmeseclassic.com

www.burmeseclassic.com


အနှစ်ပဲဟု တွေးနေမိသည်။ သူမကတော့ သူငယ်ချင်း ကောင်မလေးဘက် လှည့်ကာ အားတက်သရော ပြောတော့သည်။

"ဟဲ့ ... ဒေစီ၊ နင် ... ဟိုတစ်ခါပြောတာနဲ့တော့ ကွက်တိပဲ"

"ဩော် ... ဟုတ်သားပဲ၊ ပုံတူဆွဲတယ်ဆိုတော့ ကြည်ပြာရုံးက အသိဖြစ်တဲ့ ဒီက ကိုလင်းဇော်ကို အကူအညီတောင်းရမယ်"

ဆံပင်ဂုတ်ဝဲနှင့် ကောင်မလေး မျက်နှာဝင်းပသွားကာ သူ့ကိုလှမ်း ပြောသဖြင့် စိတ်ထဲမှ ဘုရားတကာ မထိတ်သာမလန့်သာ ဖြစ်သွားသည်။ ပုံတူ တစ်ထိုင်တည်း ဆွဲနိုင်းရင်း သူပြေးပေါက်ပိတ်မှာလေ။

"ဟိုလေ ကိုလင်းဇော်၊ ဟိုဟာ ... ဒေစီ့အဘွားပုံတူကို ဆွဲပေးပါ့ လားလို့"

မျက်နှာချိုလေးသွေးပြီး၊ လက်ချောင်းထိပ်ချင်းထိကာ အပူကပ်တော့ သည်။ အဲဒါမှ ဂွပဲ။ သူ့ဆီမှာ စုတ်တံနှင့်တူတာ ဘာမှမရှိ၊ ဆေးဆိုလို့လဲ ထုံး တစ်ပုံးမျှပင် ပါမလာ။ ကိုယ်တိုင်ကိုယ်ကျ အိမ်လိုက်ဆွဲပါဆိုရင် ပြဿနာအကြီး ကြီးတက်မည်။

မလှုပ်သာ မလူးသာဘဲ အီလည်လည် မဲ့တပြုံးပြုံးဖြင့် ခေါင်းလဲ မညိတ် မိသလို ခေါင်းမခါဖြစ်ပါ။

"အဘွားက အိပ်ယာထဲကကို မထနိုင်တော့တာဆိုတော့ ဟိုဒင်း"

"ကျုပ်မိုင်ဥာ၊ မိုးနတ်မင်းကြီး မ,စသနားပါ၊ ကယ်ပါ"ဟု ရေရွတ်ကာ ခေါင်းနပန်းကြီး ထူပူသွားရသည်။

လိမ်တယ်ဆိုတာ ဘယ်အရာမှမကောင်း၊ ကိုယ့်ကိုယ်ကို ပြန်လိမ်တာ တောင် အသားနာလှသည်။ လိမ်တိုင်းလဲမကောင်း။ လိမ်တာများတဲ့ ဘောသမား တောင် နောက်တန်းက သောက်မြင်ကပ်ရင် ရိုက်ချိုးတာခံရတတ်သည်၊ ဂျောက်ကျမယ့်အပေါက်မရောက်အောင် ကြိုကာရတော့သည်။

"ဒါဆိုလဲ အဘွားဓာတ်ပုံပေးလိုက်လေ ... ကျွန်တော် ကြည့်ချက်


www.burmeseclassic.com

www.burmeseclassic.com



ဦး ဆွဲပေးမယ်"

"ဟုတ်ကဲ့ ... အဘွားက ကျန်းမာရေးမကောင်းတော့ ဆွဲလို့ကောင်း မလား မသိဘူးနော်"

လင်းဇော်ထက် မျက်လုံးပြူးကြောင်ကာ တုန်လှုပ်သွားရသည်။ သက် ငြိမ်မောလေး ဖြည်းချ၍ အမောပြေ စိတ်သက်သာရာ ရမယ်မှ မကြံသေးဘူး။ ဒေစီဆိုသော ကောင်မလေးပြောစကားကြောင့် အထိတ်တလန့် ဖြစ်ရတော့ သည်။

သူ့အမူအရာနှင့် ဒေစီ၏ စကားပြောပုံဆိုပေါက်ကြောင့် သူငယ်ချင်း တစ်စု အတွေးပေါက်ကာ ခပ်အုပ်အုပ်ကလေး ရှက်ရယ် ရယ်ကြလေသည်။

"ရောဂါဝေဒနာနဲ့ဆိုတော့ ပန်းချီဆွဲလို့ကောင်းပါမလားဆိုတဲ့ အယူရှိ ခင်နှံသလို၊ မရှိရင်လဲ ဘာမှမဖြစ်ပါဘူး"

သူကပဲ ဘာမှမသိလိုက်ဟန်ဖြင့် စကားလမ်းကြောင်း ဦးတည့်ပေး လိုက်ရတော့သည်။

"ဓာတ်ပုံရှိရင်ပေးလိုက်လေ ... ကျွန်တော် ပုံတူဆွဲပြီးတာနဲ့ ဓါတ်ပုံ ရော ပန်းချီကားပါ ပြန်ပေးမယ်လေ"

"အဲဒါပဲ ကောင်းပါတယ် ... ဒေစီ နင့်အဘွားဓာတ်ပုံပေးလိုက်"

အခုမှပဲ အပြုံးယဲ့ယဲ့ကလေးပြုံးကာ စိတ်သက်သာရာရတော့သည်။ အလိုက်မသိ ထွက်လာသည့် ချွေးစီးများကိုမူ ကြိတ်၍သုတ်လိုက်ရသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ချိန်းထားသည့်နေရာက ရေကူးကန်။ ဝါသနာ ဗန်းပြသည်က ရေကူး ကန်ဖြစ်သော်လည်း အတွင်းကျကျ ဝါသနာမှာ ဘစ်ကနီရောင်စုံများကို ငေး ရခြင်းဖြစ်သည်။

သောင်းကျော်တစ်ယောက် ရင်ခုန်စွာနှင့် ကုက္ကိုင်းရေကူးကန်ရှေ့ရှိ ထိုင်ခုံပေါ်တွင် ထိုင်စောင့်ရင်း စိတ်ကူးတွေ တစ်ပုံတပင်နှင့် နစ်မျောနေသည်။

သူ သိပ်ပြီးစိတ်ဝင်စားလှပါသော ကြည်ပြာလေး ဘယ်လို ရေကူးဝတ်စုံ နဲ့ ကူးပြပါ့မလဲ။ ဘယ်လို ဒရက်ဆင် ဘယ်လိုဒီဇိုင်းလေးနဲ့ ရောက်လာမလဲဆို တာ တွေးတောမိန်းမောမိသည်။

သူ့ရှေ့ရှိ ကော်ဖီခွက်ထဲတွင် အထင်းသား ခန္ဓာအလှဗေဒတွေနှင့် ထိုက်ဖက်စည်းချက်ညီစွာ ကူးခတ်နေပုံလေး မြင်ယောင်မိသည်။ ရှိုက်ဖိုကြီးငယ် သွယ်သွယ်ဖြင့် ရေစိုအလှက ရွှန်းရွှန်းစို ဖွေးလက်နေတော့မည်။ ရေကူးမည် ဆိုသည် သူကတော့ ရေကူးကန်ဆိုသည့် နေရာတွင် တစ်ခါဖူးမျှ မကူးဘူး သေးပါ။

ငယ်ငယ်က ချောင်းမြောင်းထဲ လျှောက်ကူးဖူးရုံလောက်သာ ရှိခဲ့သည် နေ့ ဘာပဲပြောပြော ဟန်ကိုယ့်ဖို့ မာန်ကိုယ့်ဖို့ပဲမို့ ကူးရချေတော့မည်။ ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အဆံနဲ့၊ လူမှာလည်း အကြံနဲ့ဆိုတာလို သောင်းကျော်မှာလဲ အကြံတွေနဲ့ပဲလေ။

ချိန်းထားသည့်အချိန်ထက် အနည်းငယ်သာနောက်ကျ၍ ကြည်ပြာရောက်လာသည်။ သူမနားထင်မှာ ပလာစတာကပ်လျှက်၊ သိုးမွေးဆွယ်တာပါးကလေး ဝတ်လျှက်၊ သူမလက်ထဲမှာ အထူးခြားဆုံးပါလာတာက နှာရှူဆေးဗူးတောင့်။

"ကိုသောင်းကျော် ... ကြည်ပြာ နေမကောင်းဘူးဖြစ်နေတယ်၊ ရေကူးဖို့ ဘယ်လိုမှ အင်အားမရှိတော့ဘူး"

ကြားရတာ နားမချမ်းသာဖွယ်ရာ။ မြင်ရတာ သနားဂရုဏာသက်ဖွယ်ရာ ဖေးမတွဲကူလို့သာ ထွေးပွေ့ထားချင်မိနေတော့သည်။

မတတ်နိုင်ဘူးလေ။ ဆရာဝန်လို ဆေးပေးမှမတတ်သာ။ ကိုယ်တတ်ကျွမ်းတဲ့ကုထုံးပဲ အသားယူပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းဆွဲသာအောင် ကုသပေးချင်မိတာပေါ့။

"အို ... ကြည်ပြာရယ်၊ ကျန်းမာရေးကို ဂရုစိုက်မှပေါ့"

ဂရုဏာသက် သနားညှာတာစွာ လွန်လွန်ကဲကဲ ချော့မော့ချွဲနွဲ့၍ နှစ်သိမ့်သည်။

"ချိန်းထားပြီးသားဖြစ်လို့ လာရတာ၊ အခုတော့ ရေကူးချင်ပေမယ့် နေကမကောင်း။ နေကောင်းပြန်ရင်လည်း တော်တော်နဲ့ရေပြန်ကူးနိုင်ဦးမှာ မဟုတ်ဘူးဆိုတော့ အာသာပြေသဘောမျိုး ကိုသောင်းကျော် ကူးတာပဲထိုင်ကြည့်တော့မယ်နော်"

"ဟာ ... အဲ ... ရပါတယ် ကြည်ပြာ၊ ကိုယ်ကူးတာပဲ ထိုင်ကြည့်ပေါ့"

ငြင်းဟန်ရှောင်လွှဲဟန်ပြုပြီးကာမှ ကိုယ်စွမ်းကိုယ်စပြချင်တာရော အားကျပါစေဆိုတဲ့ စေတနာလေး ထားမိတာရောကြောင့် ရေကူးဖို့ဆုံးဖြတ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်သည်။

သွားပြီ။ ဝေ်ပြီ။ "ရေစိုအလှ ဘစ်ကနီနှမကိုမြင်ခွင့်တော့ လွှင့်စင်ပြီ" ဟု မချိတင်ကဲ စိတ်ထဲမှရေရွတ်သည်။

မအိမလည် ရှုတင်တင်းဖြစ်နေသော သူ့အမူအရာကိုကြည့်ကာ ကြည်ပြာက ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ဖြစ်လို့နေသည်။

"အင်း ... ခုတော့လည်း ကြည်ပြာတို့ ဒီလိုပဲ သူများတကာရေကူး နေတာကို ထိုင်ငေးရတော့မှာပေါ့"

"ဟဲ့ ... မိကြည်ပြာပါလား"

ပခုံးပုတ်ပြီး လာရောက်နှုတ်ဆက်သူကို ကြည်ပြာလှည့်ကြည့်လိုက် သည်။ မြန်းဆို ပြုံးပြုံရောက်လာသူက မထင်မှတ်ဖွယ်ရာမို့ သောင်းကျော် နှင်လုံး ပြုံးအစ်အံ့ဩငေးမော ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"ဟယ် ... မမကေသွယ်၊ မတွေ့တာကြာပြီ ... ဒီမှာဆုံမယ်လို့ကို ထင်မထားဘူး"

အမှန်တော့ ကြည်ပြာက ဒီနေ့ ဒီရေကူးကန်ကို ကေသွယ်လာမယ်ဆို တာ သိပြီးသား။

အရင်ဆို ကြက်တောင်ပဲသွားသွားရိုက်နေတာ မဟုတ် လား ... ဘယ်လိုဖြစ်ပြီး ရေကူးကန်ဘက် ခြေဦးလှည့်လာရတာလဲ"

ဘယ်တော့မှ စိတ်ကူးနဲ့ပင် မမျှော်လင့်ထားဖူးသော ဝတုတ်ဖက်တီးမ ကြီးက ကြည်ပြာအသိဖြစ်နေသည်။ ထိုပေါင်ချိန်စက်ကျိုးကျမည့် ဟာမကြီးက အိမ်သစ်လမ်းက ဒေါ်ဥယျာဉ်ပန်းဆိုင်ပိုင်ရှင် မမကြီးဖြစ်နေသည်။ နန်းကျော့ ကေသွယ်ဆိုပြီး တလောကလုံးကို ဒလိမ့်တုံးနဲ့ လိမ့်နေသူပင်။

"ဒီလိုပဲလေကွာ ... တို့က ဒီလိုလှပကျော့ရှင်းတဲ့ ခန္ဓာကိုယ် အချိုး အစားကို ထာဝရထိန်းသိမ်းထားချင်တဲ့ သူဆိုတော့ ပုံမှန်ရေကူးကန်ကို ရောက် နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စတော့ကင် အောက်ခံ၊ ရေကူးဝတ်စုံ ဘစ်ကနီ မဆန့်မပြဲကြီးနှင့် လက်တွေကို အထက်အောက်လှုပ်ရှားကိုယ်ဟန်ပြရင်း ရှင်းချက်က ထုတ်နေသေးသည်။ ဒီခန္ဓာကိုယ်ကြီး၊ ဒါကြီးကိုများ ဘော်ဒီထိန်းပေလို့ဆိုပဲ။ ဘော်ဒီများမထိန်းရင် ကွန်ကရစ်လမ်း ဘယ်လောက်ချွဲ့ချွဲ့ သူ့ကြောင့် ကားပိတ်လောက်သည်။

"ဘယ်သူလဲလို့ ကြည့်နေတာ ... သိသလိုလိုပဲနော်"

သောင်းကျော်ဘက်လှည့်လာကာ အကြည့်ချင်းဆုံမိစဉ်မှာပဲ ဆုံတွေ့ခဲ့စဉ်အချိန်အခါက ဒေါင်ဥယျာဉ်မှ ပုံရိပ်များကို ပြန်မြင်ယောင်မိတော့သည်။

ဒေါင်ပျိုးခြံကား ပန်းမျိုးစုံ မာလာပွင့်ဖူးလို့ ဝေဆာမွှေးမြကာ လန်းစွင့်မှုတော့ အရှိသားပင်။ သောင်းကျော်တို့နှစ်ယောက်ကို မြင်လျှင်မြင်ချင်းပင် အသာတကြည် ဖော်ရွေစွာ ဆက်ဆံပါသည်။

"ဘာပန်းတွေ လိုချင်ပါသလဲရှင့်"

ချိုသာသောအသံက ဝဝတုတ်တုတ် ပြည့်ပြည့်ဖြိုးဖြိုး သူမထံမှ ဆီးကြိုထွက်ပေါ်လာသည်။ ခန္ဓာကိုယ် ပုတ်လောက်ကြီးပေမယ့် စိတ်က နို့ဆီဗူးလောက် ဖျော့တော့သိမ်မွေ့ပုံမရပြီး ဆက်ဆံဖော်ရွေမှုမှာ ဘော်ဒီနှင့်လိုက်ဖက်စွာ တစ်တုံးတစ်ခဲကြီးရှိတတ်သူပင်။ "ချန်းပီး" ရှိသလားဟုတော့ မမေးကြသလို မမေးမိအောင်လည်း ပါးစပ်ကို လက်ဝါးဖြင့်အုပ်ကာ အရှိန်သပ်ထားကြရဟန် ရှိလေသည်။

"မင်္ဂလာပါ မမလေး ... ကျွန်တော့်နာမည် မင်းမင်းအောင်ပါ၊ သူ့နာမည်ကတော့ သောင်းကျော်လို့ ခေါ်ရစေသော် ... "

"အို ... တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီကနာမည်က နန်းကျော့ကေသွယ်လို့ အမည်တွင်ပါတယ်"

ကျော့ကေသွယ်သည် ဒေါင်ဥယျာဉ်နှင့်ပန်းအရောင်းဆိုင်ကိုလည်း တစ်ဦးတည်းအမွေခံ ဦးစီးလုပ်ကိုင်နေသူတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပန်းတွေလိုချင်လဲ စွယ်တော်၊ သစ်ခွ၊ သဇင်၊ စပါယ်၊ နှင်းဆီ၊ ... ရွှေ ငွေ၊ အစုံရှိပါတယ် ... ဝယ်စိုက်မှာလား လက်ဆောင်ပေးဖို့လား"

"ချစ်သူကို လက်ဆောင်ပေးဖို့ ပန်းစည်းလိုချင်တာပါ"

တရုတ်မသာလို မျက်နှာသနပ်ခါးအဖွေးသားနှင့် ကောင်လေးက လျှာ ...သာခံကာ ပိုင်ပိုင်နိုင်နိုင် ကြွားဝါပြောသည်။

"ကျွန်တော်က ပန်းစည်းလည်းသူယူသလိုယူမယ်၊ ပြီးတော့ ဒီပန်းပင် ...လည်း နယ်က အဖေတို့ခြံကို လက်ဆောင်ပေးချင်လို့ ကြည့်ဦးမယ်"

"ဩော် ... ဟုတ်ကဲ့၊ ရပါတယ် ... ကြည့်ပါ"

ကျော့ကေသွယ်မှ လိုလိုလားလား နှစ်ခြိုက်စွာ ရက္ခဗေဒဆိုင်ရာ အခေါ် ...ခေါ်များဖြင့် ပန်းများကို တစ်မျိုးပြီးတစ်မျိုး မိတ်ဆက်ကာ ရှင်းလင်းပြသည်။ ...ချင်မမဆိုတော့လည်း ဝယ်သူအကြိုက် စိတ်ကူးယဉ်လို့ကောင်းအောင် စိတ် ...မြဲ့အောင် လမ်းညွှန်ပေးသည်။

သူရှင်းလင်းပြောပြသမျှ သောင်းကျော် ခေါင်းထဲရောက်သည်ကတော့ ...ကြီးနဲ့ဆိုမကောင်းတဲ့ပန်းပင်၊ အိုးလေးနဲ့မှ လိုက်ဖက်တဲ့ပန်းပင်၊ အိုးသေးလို့ ...ဆောင့်တယ်တဲ့ပန်းပင်၊ အိုးကြီးမှ ခန့်ညားတပ် မက်ဖွယ်ကောင်းတဲ့ပန်းပင်တို့ ...လေသည်။

ထိုသို့ဖြင့် အိုးမျိုးစုံလင် ပန်းလက်ာ ဋီကာချဲ့ကာ စိတ်ကူးယဉ်နေ ...တော့သည်။

မိန်းကလေးအမြင်ဆိုတော့လည်း မိန်းမအကြိုက်ကို အလိုက်အထိုက် ...ငှငှသိထားတာမို့ အလှဆုံး၊ အကောင်းဆုံး ပန်းများအကြောင်း ညွှန်းဆို ...ပြနိုင်သည်။

"တစ်ပိုင်တစ်နိုင် အိုးလေးတွေနဲ့ဆိုတော့ အမြင်ပန်းတင် ကြည့်လိုက် ... အသည်းယားစရာလေး ချစ်စရာလေးဖြစ်တာပေါ့"

"ခက်ရင်းခွကိုင်ပြီး ပန်းအိုးကို အနီးကပ်လက်ညှိုး ရှင်းပြနေရာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးကို မမြင်သာဘဲ အသွားအနှောင့်မလွတ် သူ့ကိုသာ မြင်သာထင်သာ ရှိလာစေတော့သည်။ ထို့ကြောင့်လည်း သောင်းကျော်က သူမြင်တာကို သူပြော မိသွားသည်။

"အစ်မအိုးလောက်ဆို လေးမယ်"

"ဘာရှင့်"

"မဟုတ်ဘူးလေ ... အစ်မပြတဲ့အိုး၊ ပန်းအိုးလောက်ဆိုလေးမယ် ကျွန်တော့်အဖေက အသက်ကြီးပြီ၊ အဲလိုအိုးကြီးရင် နိုင်မယ်မထင်တော့ဘူး"

ပြတုန်းကတော့ ပန်းအိုးတွေလိုက်ပြတာပါပဲ။ အမြင်စူးရှတစ်ကြိမ်မြင် သော သောင်းကျော်က ဘယ်အိုးတွေထိ ထွင်းဖောက်မြင်သလဲမသိပေ။ ကျော ကေသွယ် ရှိုးတိုးရှန်းတန်းဖြစ်ကာ နောက်ကျောမလုံတော့၍ ခပ်ခွာခွာနောက် ဆုတ်ကာ အဝေးမှပင် ရှင်းချက်ထုတ်ရသည်။

တော်သေးတာပေါ့။ အလျှောက်ကောင်းလို့ အသက်ကြီးတဲ့ သူ့အဖေ ဝင်ကယ်ပါမှ မထိခလုတ် ပန်းအိုးရဲ့လမ်းချော်ချေဖယ်မှု တည့်မတ်တော့၏ ကျော့ကေသွယ် မျက်နှာလေး ပန်းသွေးရောင်ရဲပြီး ရှက်အမ်းကာ နှုတ်ခမ်းတင်း တင်း ထော်လန်စူ၍ မျက်လုံးပင် မီးဝင်းတောက်မိတော့သည်။ ခါးထောက်ပြီး ကက်ကက်လန်ပြန်ပြောကာ မြေဆွသည့် ခရင်းခွဖြင့်လိုက်ထိုးရန် စိတ်ကူးပေါ် သော်လည်း ဝယ်သူအမြဲမှန်ဆိုတဲ့ ထုံး နှလုံးမူကာ အာရုံပြောင်း၍ အပြုံးမပျက် ဆက်ဆံရပြန်သည်။

ရှေ့ဆက်ပြီး ပန်းတွေကို လိုက်လံပြသရာတွင် ဆိုင်ရှင်မမ သူတို့ရှေ့ လတ်လျား၊ လတ်လျားပင် မသွားရဲတော့ပေ။

သူတို့ခြေဦးတည့်ရာ လျှောက်သွားသမျှ နောက်ကလိုက်ပြီး ရှင်းပြကာ အပင်၊ အိုး အကောင်းစားတွေနှင့် ပန်းကလေးတွေ ရွေးပေးလိုက်သည်။

ထိုနေ့က မင်းမင်းအောင်မှာ နှင်းဆီပန်းအဝါတစ်စည်းကို လှပသေ သပ်စွာ ထုပ်ပိုး၍ သောင်းကျော်က သစ်ခွပန်း အခက်အပွင့်လေးတွေကို ပလပ်



www.burmeseclassic.com

www.burmeseclassic.com



စ်လေအိတ်ဖြင့် စိတ်တိုင်းကျ ပြင်ဆင်ထုပ်ပိုးသည်။

နှလုံးသားကပွင့်တဲ့ပန်းကို မည်သူမှ မနှစ်မြို့ချင်နေပါစေ၊ လက်ဆောင် တဲ့အခါ ချစ်သူလေးက သဘောကျဖို့ပင် အဓိကကျသည်မဟုတ်ပါလား။ ချစ်သူရဲ့ကေသာဆံမြတ်အထက်မှာ ပန်းကလေးတွေ လှပဖူးပွင့်ဝေဆာရဖို့က သူတို့အတွက် အိပ်မက်စိတ်ကူးကမ္ဘာမှ ပီတိလွှမ်းချိန်ဖြစ်ပေမည်။

ကိုယ့်စိတ်ကူးနဲ့ကိုယ် ကြိတ်ရူးကာ ပြုံးရွှင်တက်ကြွနေသူ နှစ်ဦးကို မြင် အားကျကာ အပျော်တွေ ကူးစက်မိစေတော့သည်။

မနာလို မရှုစိမ့်သော အခြားတစ်ဖက်မှာ မြင်သူသာရှိလျှင် တော် ာ်ရူးကြသည်ဟု ပြောကောင်းပြောလိမ့်မည်။ အမြင်ကပ်စွာ အပြစ်တင်နိုင် တက်သည်။

ဒါကို သူမကတော့ ရူးတာမဟုတ်သော ချစ်တာဟုပင် ရိုးရှင်းစွာ မိသည်။ တကယ်လို့များ ရူးသွားလျှင်တောင်မှ အချစ်ရူး ရူးတာပဲဖြစ်မည် ချစ်စရာ အရူးလေးအဖြစ်သာ တွေးထင်မိသည်။

ပန်းသည်ဆိုတော့လဲ သာသာထိုးထိုး ရောင်းကောင်းအောင် ဝယ်သူ မြှောက်ပေးရတာ သဘာဝပင်။ ဟိုနှစ်ယောက်ကတော့ ပြုံးဖြီးဖြီးဖြစ်ကာ မြှောက်ပေးတိုင်း ဟိုဟာတက်အောင် ကချင်နေကြသည်။

“ပန်းကိုလိုချင်ရင်တော့ အပင်ကို ပျိုးရမှာပေါ့ရှင်”

“ပျိုးမှာ မမဘာမှမပူနဲ့ ... အိမ်က ဖားသားကြီးကလည်း ပျိုးတွေ တွေ သိပ်စိတ်ဝင်စားတာ အိမ်ပြန်ဖြစ်မှ နောက်တစ်ခေါက်လာဦးမယ်”

သောင်းကျော် အားပါးတရ ပြောပုံကြီးက မျက်ခုံးလှုပ်ဖွယ်ရာ ခပ် နှုံလန့်ဖြစ်ဖွယ်ကောင်းတော့သည်။

ကျော့ကော့သွယ် ပန်းခြံမှာ ဆုံခဲ့စဉ်က ပုံရိပ်ယောင်များကို ပြန်မြင်ကာ တွေးလွင့်နေမိစဉ် ကြည်ပြာဖြိုးဖေါ်အသံကြောင့် စိတ်အသိ ပြန်ဝင်နိုးထ လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကိုသောင်းကျော်တဲ့ ကြည်ပြာတို့ အလုပ်ကပဲလေ၊ ကိုသောင်းကျော် ... ဟော့ဒါ ကြည်ပြာ့သူငယ်ချင်း မိတ်ဆွေ မမကျော့ကေသွယ်"

တစ်ဆက်တည်းဆိုသလို တော့ဆိုင်ပြီး သူတို့နှစ်ဦးကို မိတ်ဆက်ပေးလေသည်။ သိပ်မှတ်မိတာပေါ့။ ဒီရုပ်ကြီးကို သောင်းကျော် ဘယ်မေ့ပါ့မလဲ။ မဆံမပြဲ ရုပ်ကြီးပဲ မဟုတ်လား။

ရုံးက မန်နေဂျာမေးတုန်းကတောင် ပန်းစည်းကို သူက ဆိုင်ရှင်ထိုမှ ထံမှဝယ်ပြီး ထိုဟာမကြီးကို ပြန်ပေးမည်ဟု ခုတုံးလုပ်ကာ ပြောခဲ့ဖူးလေသည်။

"ပြန်ဆုံကြပြန်ပြီနော်"

"ဟုတ်တယ် ... မမပန်းကေသွယ်"

တကယ်တော့ ပန်းကေသွယ်ဆိုတာထက် ဖလန်း ဖလန်းထနေသဖြင့် ဖလန်းကေသွယ်ဟုပင် ခေါ်မှသင့်ပေမည်။

"ဩော် ... မမနဲ့ကိုသောင်းကျော်က သိနှင့်ပြီးသားကိုး"

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အတွေ့အထူး အစပ်အဟပ်တည့်အောင် မိတ်ဆက်ပေးစရာမလိုသဖြင့် ကျော့ကေသွယ်နှင့်သူ ရေကူးဖြစ်သွားသည်။

လိုချင်တာ မိဖုရားညားတော့ ဘုရင်မဆိုသလို ဖီလင်အောက်ကာ ဒီးလ်ကြီးတော့ ဖြစ်ရသည်။ လက်စသတ်တော့ ကြည်ပြာနှင့်ဒီဖက်တီးမကြီးက နေမှုကို။

ဒါကြီးနဲ့များ ကြည်ပြာက အမျိုးတော်နေမလားပဲဟု အတွေးပင် ဝင်လာသည်။ ဒါကြီးဟူသော မမကျော့ကေသွယ်ကတော့ ရေကူးဝတ်စုံဒရက်ဆင် ပြည့်နှင့် ကောက်ညှင်းထုပ် ဝဝဖီးဖီး ကျပ်စည်းထားသလို ကြည့်ရဆိုးနေသည်။

သောင်းကျော်တစ်ယောက် သူတို့နှစ်ယောက်ရှေ့တွင် မျက်ကလူး ပြာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ချိတုံချတုံ ဖြစ်နေရပြီ။

ကျော့ကေသွယ်ကတော့ ကလူသလို မြူသလို မျက်ဝန်းနှင့်ဆွဲဆွဲငင် င် ညှို့ဓာတ်ပေးသေးသည်။ ကျော်တော့လှေသူကြီး၊ ညားတော့လှေထိုးသား သလိုပင် ကံကြမ္မာကြိုလ်ဆိုးနဲ့ တည့်တည့်တိုးပြီး ကြည်ပြာဖြူကလည်း ငါးကြင်း နှင့်ငါးကြင်းကြော်ကာ အရောက်ပို့ရာ၌ ထူးချွန်ရှာပါသည်။

"ကဲ ... ရေကူးကြတော့လေ၊ နေမြင့်လာရင် ကူးမကောင်းဘဲနေ

www.burmeseclassic.com



ဦးမယ်''

ကြည်ပြာနှင့်နှစ်ကိုယ်တူ ချစ်ရည်လူးကာ ရေကူးချင်ပါတယ်ဆိုမှ ဖက်တီးမနှင့်သာ နှစ်ပါးသွားရသည်။ ဘယ်လိုနည်းနှင့်မှ အသက်ရှူချောင်ဖွယ်ရာလမ်းစမရှိပေ။ စကားတွေလည်း ကျွံထားပြီးသားဖြစ်သည်မို့ ရေကတော့ ကူးရတော့မည်။ ရေကူးကန်ထဲ မျက်လုံးစုံမှိတ်၍ ဒိုင်ဗင်ထိုးချခုန်ဆင်းမိတော့သည်။

ရေထဲမှာ ချောက်တီးချောက်ချက် လေးငါးပတ်လောက် ရေကူးအစွမ်းပြလိုက်သေးသည်။

လိပ်ကူး၊ ဖားကူး၊ ခွေးကူးတွေ ဘာမှန်းမသိ အပြတ်အသတ် စိတ်ထဲမှာ အဲဒီအကောင်တွေကို မြင်ယောင်ကြည့်ရင်း လျှောက်ကူးနေမိသည်။ သူ့ဥပမိရုပ်နှင့်တော့ ကွက်စတိပင်။ သဏ္ဍာန်လုပ် သရုပ်တူကာ ဘယ်လိုပုံစံပေါက်နေလဲတော့ မသိပေ။

ရေကူးရတာ ညောင်းပြီး လက်ပန်းကျလာသဖြင့် ဒိုင်ဗင်စင်ပေါ် ကိုယ်လက်ဆန့်တန်း ရေစက်များခါပြီး ခပ်ရွရွလေး တက်လိုက်သည်။

အားပေးကာ အခန့်သားငေး၍ ကြည့်ရှုရင်းပြုံးနေသော ချစ်စရာကောင်းသည့် နတ်သမီးလေးကို စူးရှစွာ ကြည့်မိသည်။ ကြည်ပြာက လက်ခုပ်တီးကာ အားပေးအားမြှောက်ပြုသည်။ သူမန်ဘေးရှိ ဖက်တီးမကလဲ မသတီဖွယ်ရာကောင်းလှစွာ လက်လှမ်းပြသည်။

ဒါကြီးကိုကြည့်ပြီး ကိုယ့်ကိုယ်ကို သတ်သေချင် စိတ်ပေါက်ကာ ရေကူးကန်ထဲသို့ အလျှင်အမြန် ခုန်ဆင်းလိုက်သည်။

''ဗွမ်း''

ရေပြင်ပေါ် ဦးစိုက်ကာ စွေစွေကလေး ကျသွားသည်။ ရေရေလည်လည် စပ်ဖျင်းဖျင်း ခံစားလိုက်ရသည်။

ရေမွန်းလှသဖြင့် ရေမျက်နှာပြင်အထက် ဘွားခနဲ ပေါ်အောင် ခေါင်းဖော်လိုက်ရာ ရေကူးကန်အစပ်တွင် ထိုင်နေသော ကျောကေသွယ်နှင့် ဖက်တီးမပင်း



www.burmeseclassic.com

www.burmeseclassic.com


ဘိုးသဖြင့် လန့်ဖျားပင် ရုတ်တရက်ဝင်ကာ အော်မိတော့သည်။

"အမလေး"

ကျော့ကေသွယ်က ရေကို လက်ဖြင့်ယက်ကော်ကာ သူ့မျက်နှာပေါ် စင်အောင် မှန်အောင်၊ ရေမွှန်းအောင် ကလူကျီစယ်ဆော့ကစားနေသေး၏ ရေမရှိတဲ့ချောင်းမှာ နှာခေါင်းဖော်ပြီး သေချင်စိတ် ထပ်မံပေါ်လာပြန်သည် ထို့ကြောင့် ရေရှိတဲ့ကန်ထဲ ငုပ်လျှိုးမိပြန်သည်။

"ဝါး ..."

ကြာကြာလည်း ရေမငုပ်နိုင်။ မွန်းလာတော့ ခေါင်းပြန်ဖော်ရသည် မောဟိုက်လာသဖြင့် အပေါ်ပြန်တက်ကာ လေကိုတစ်ဝကြီးရှူရင်း အမောဖြေ ရသည်။

ဘယ်လိုမှ ထင်မထားသော ကျော့ကေသွယ်က အလိုက်တသိ သူ့ကို မျက်နှာသုတ်ပဝါကြီး လာပေးသည်။ မျက်နှာက မချိမချဉ် အီစီကလီ မျက်နှာပေးနှင့်ပင်။

သွားပါပြီ ... သူပါးစပ်ထဲရှိရာ လျှောက်ပြောမိတာ အခုတော့ ပါးစပ်နတ်စီးသလိုဖြစ်ပြီလား မသိပေ။ မတွေးဝံ့စရာကြီးပင်။ သူပန်းပေး မည် ခန်းနေဂျာကို ပြောခဲ့သော ကျော့ကေသွယ်ကို တကယ်ပင် ပေးရတော့ ည့်အပေါက်မျိုး ကြုံနေလေပြီ။

ပေးလာသော သဘက်ကို လှမ်းယူခြုံလိုက်ပြီး နောက် ရေစက်များ သုတ်မိသည်။ သဘက်တွင် ချန်နယ် ရေမွှေးနံ့ကလေး စွဲငြိယစ်မူးဖွယ် သင်း နေသည်။

"ကျေး ... ကျေးဇူးတင်လိုက်တာ မမကေသွယ်ရယ်"

မသက်မသာ ဟန်ပန်ကြီးနှင့် မချိတင်ကဲ ကျေးဇူးစကားဆိုရသည် ထင်ကြီးပတ်လျှက် နောက်ကျောမလုံသလို ဖြစ်ရသေးသည်။ မမကေသွယ်က ချိုနေသော သူ့ခန္ဓာကိုယ်ကြွက်သား အဖုအထစ်၊ ရင်အုပ်၊ လက်မောင်းများ



www.burmeseclassic.com

 www.burmeseclassic.com 

ကို စားတော့ ဝါးတော့မတတ် ကြည့်နေသောကြောင့်ပင်။

"မောင်သောင်းကျော် မောသွားရောပေါ့ ... အမောပြေ တစ်ခုခု သောက်ကြရအောင်"

ဖက်တီးမက အမောဆို့အောင် ဆီးကြို၍ အမောပြေစကားဆိုသော ကြောင့် ရင်ထဲမှာ ဒိန်းတလိန်းနတ် ဖမ်းစားခံရသလို လှုပ်ရှားတွန့်လိမ့်သွား သည်။ ရှက်တာတွေနဲ့အတူ ပူရှိန်းရှိန်းဖြစ်နေခြင်းတွေပါ ရောပြွမ်းလျှက် ဒုက္ခ ပေါင်းစုံ ပဒေသာတပ်ပေါင်းစုကြီး ကိုယ်တွင်းစခန်းဝယ် နေရာယူတော့၏။

"ကျွန်တော်က တစ်ခုခုသွားစားရင် ကောင်းမလားလို့"

"ကောင်းတာပေါ့၊ ချောင်းသာအမှတ်တရ Sea food သွားစားကြမယ် လေ"

သောင်းကျော်အတွက် အကြိုက်တွေ့ရလေပြီ။ ပင်လယ်စာကတော့ အီဖေကိုယ်အကြိုက်ပင် ဖြစ်သည်။

ဘေးဘီဝေ့ဝဲကြည့်တော့ ကြည်ပြာတစ်ယောက် ရှိမနေပေ။ အစား ကောင်းစားဖို့ မိတ်ဆွေကောင်းကို သတိရလို့ ကြည့်မိကာမှ ပျောက်နေသည်။

"ကြည်ပြာ ဘယ်ရောက်သွားလဲ၊ သူ့ကိုပါ ခေါ်မယ်လေ"

"ကြည်ပြာ ပြန်သွားပြီရှင့်"

"ဟောဗျာ ... "

ငှက်ဆိုးတိုးသံ၊ မိုးခြိမ်းသံအလား တုံ့ပြန်သံကြားရသဖြင့် ထိတ်လန့် ကာ တအံ့တသြ ညည်းတွားမိသည်။

"ဟုတ်တယ် ... သူ နေမကောင်းဖြစ်နေတယ်လေ"

သောင်းကျော် ဘူပိတ်သွားသည်။ ဘာ Sea မှလည်း မ food ချင် တော့ပေ။ မောရပန်းရ အနေကျပ်လှသည့်အထဲ ဒီဟာမကြီးနဲ့ မျက်နှာချင်းဆိုင် ကြည့်ကာ စားနေရဦးမည်။ အမြန်ရှောင်ထွက်ရန် ကြံစည်မိသည်။

"ဟိုလေ ... ကျွန်တော်လည်း ပြန်ရင်ကောင်း ... ကောင်းမလား



www.burmeseclassic.com

www.burmeseclassic.com



ဒို့ ... အဲဒါ ... ”

ကြည်ပြာ့မျက်နှာနဲ့ မလွှဲမရှောင်သာ မျှော်လိုက်နေမိတာ။ အခုတော့ ဒီအတားအဆီးကို မကျော်လွှားနိုင်ရင် ကြည်ပြာလေးက ဟိုခွေးသူခိုးနဲ့ ခြေသွက်လက်သွက်ကောင် လက်ထဲပါဖို့များနေပြီ။

အခွင့်အရေးလေးတစ်ခါရလို့ ဟုတ်လှပြီမှတ်ပါတယ်။ လွဲချက်ကယ်နှာ သွားတာ မအီမသာဖြစ်ဖွယ်ရာ ကြုံပါပေါ့။ တစ်ခါဆို ဆိုသလောက် နောက်ကောက် ကျိုးပင် ဖန်လေပြီ။ မစခင်ကတည်းက ဆုံးလေပြီ။

“ဘာပြန်ရမှာလဲ ... ဒီက တကူးတက ကျွေးမဲ့ဟာကို မငြင်းရဘူး ဘာ ... သွားမယ်”

ဝတုတ်မကြီး ချုပ်သမျှ လှုပ်မရတော့ပေ။ ဗလအားကိုးနှင့် အနိုင်ကျင့်ကာ ငေါက်ငမ်းဟောက်ဟမ်းသံကြောင့် သူ ကျက်သီးထ တုန်တက်သွား သေးသည်။

“ရပါတယ် ... နောက် ကြုံမှပဲ ဆုံကြစားကြတော့ပေါ့”

“နောက် ကြုံရင်လဲ နောက်ထပ်တစ်ခေါက်ပေါ့ကွာ၊ မရဘူး ... အခုဟာက အခုပဲ၊ စေတနာနဲ့ကျွေးမှာကိုများ အဲလိုပဲ စိမ်းကားတာလား ဘာလဲ ... သူက တို့ခင်သလို မခင်ဘူးပေါ့လေ”

လူဝသလောက် တော်ကီတွေဖောင်းကားနေပုံဖြင့် အပြတ်အသတ် ပြောသည်။ လွှတ်ကောသည်။ ဘယ်လိုမှ ဖျောင်းဖျလို့မရတော့။ တစ်ဖန် ပြန်ခင် ပါလားဟု မပြောတာပဲ သက်သာလှုပြီ။ ကျော့ကောသွယ်က ဖွတ်တရွတ်ကြီး လုပ်နေတော့ပြီ။ နာမည်နဲ့မလိုက်အောင် ကိုယ်လုံးမသွယ်သည့် ဟာမကြီးက သူ့လက်မောင်းကို အတင်းလှုပ်ကိုင်ဆွဲ၍ ခေါ်ချေပြီ။

ပတ်ဝန်းကျင်က ခပ်ညံ့ညံ့ လူသူတကာကလည်း ဖွတ်တရွတ်တွေ မြင်ကာ တစ်မျိုးတစ်မည် အဓိပ္ပါယ် ပေါက်ပြီး ကြည်ကြည်နူးနူးကြည့် ပြုံးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေရောက်မှတော့ မထူးတော့ပြီ။ သူသိပ်ကြိုက်သော Sea food အတွက် ဒါကြီးခေါ်ရာ ချစ်အဏ္ဏဝါ ကို လိုက်ရတော့မှာပဲ။ ပင်လယ်စာ တစ်မျက်နှာတစ်ရှာထင်လို့။

"နေဦးဗျာ လိုက်မယ် ... အဝတ်အစားသွားလဲလိုက်ဦးမယ် ခဏ လေး"

"ဒီအတိုင်းပဲ ကြည့်ကောင်းပါတယ်၊ ဒါပဲနော် ... မလိုက်ရင် စိတ်ဆိုးမှာ အဝတ်လဲခန်းရှေ့က ပိတ်ပြီး စောင့်နေမှာပဲ"

အရေးထဲ သူက ကြွက်သားအဖုဖုအမြှောင်းမြှောင်းတွေကို တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့်ကြည့်ချင်နေသေးသည်။ မောပါရဲ့။ စိတ်ပျက်လက်ပျက် အဝတ် လဲလှယ်ရချေပြီ။

✣ ✣ ✣

ဆိုင်ထဲတွင် နှစ်ယောက်သီးသန့်တစ်ဝိုင်း ထိုင်ရတာမို့ စိတ်ကျဉ်း ကျပ်လှသည်။ မတတ်နိုင်ဘူးလေ။ သူက ကျွေးချင်မွေးချင်မှတော့ အစားပက်စက် ရမှာပေါ့။ အမျိုးသမီးတွေဟာ အကျွေးအမွေးဝါသနာပါလို့ ယနေ့ခေတ်လူဦးရေ တိုးပွားပြီး ရှင်မွေးလွှန်းဖြစ်နေကြပေသကိုး။

ရေသတ္တဝါ အဏ္ဏဝါအစားအစာ ကျောက်ပွင့်သုပ်၊ မာလာငါးဟင်း ပျားပြောင်း သလင်းခါသွားပြီ၊ ဂဏန်းပေါင်းလည်း အခွံတွေနှင့် အမိုက်ပွလောက် အောင် တပြွတ်ပြွတ် စုတ်ပြုပြီးပြီ။ ကိုယ်က ဘာရွတ်ခနဲ စုပ်လိုက်တိုင်း သူက ကိုယ့်ကိုကြည့်ပြီး တုန်တုန်သွားလိုက်သေးသည်။ မထူးဓာတ်ခင်းကာ စားနိုင် သောက်နိုင်၊ မြိန်ယှက်အပင်းဆို့နေနိုင်တာကိုကြည့်ပြီး ကျော့ကေသွယ် ကြည်နူး ပြုံးပြနေသည်။

ပြီးမှ တိုက်စစ်ကို စဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသောင်းကျော်မှာလေ … ဟိုလေ … ချစ်သူတွေ ဘာတွေရှိ …ဘာင်"

စကားကိုက ဘာကြီးတုန်း။ အသားလိုလို့ အရိုးတောင်းနေချေပြီ။ …ရော၊ မမိမိရော ဖမ်းနေသည့် ဝတုတ်မအပျိုကြီးနှင့်မှ ကြုံရလေပြီ။

"ရည်းစားထားရတာ ပျင်းစရာကြီးပါဗျာ၊ ဒါတွေဟာ အပူတွေချည်း …စ်ခုမှလည်းမကောင်းဘူး၊ ကျွန်တော်က ဘုန်းကြီးဝတ်မှာဗျ"

ကျော့ကော့သွယ် မျက်နှာတစ်ချက်ပျက်သွားပြီးမှ မချိပြုံးလေး ပြုံးတော့ …ည်။

"ကောင်းသားပဲ၊ ဒါပေမဲ့ … သီးချိန်တန်သီးပြီး ပွင့်ချိန်တန်ပွင့်ချင် …မှ မနိုင်မနင်းဖြစ်ကုန်ရင် မခက်ဘူးလား … တစ်ခါတလေတော့လဲ တိုင် …ဖော်တိုင်ပင်ဖက် ရှိသင့်တာပေါ့"

"မရှိတာဘဲ ကောင်း … အား … အား … ဆောရီးဗျာ၊ …နတော် ဗိုက်နာလာလို့ အရေးထဲ ဒီဗိုက်ကတစ်မျိုး"

မျက်နှာကြီး ရှုံ့မဲ့၊ ဗိုက်ကိုနှိပ်ကာ မဟန်နိုင်ဘဲ ညည်းတွားမိတော့ …ည်။ နင်းကန်မျိုဆို့ထားသမျှ ဗိုက်ထဲမှာ ပြောင်းဆန်နေပြီ။

"တွိုင်းလက်မေးပြီး သွားလေ"

အခုတော့ ဒီလိုပဲလုပ်ရတော့မှာပေါ့။ သောင်းကျော် နောက်ပိုင်းကလေး …န်းပြီး လိမ်ကျစ်လိမ်ကျစ်ဖြင့် ပြေးရပြီ။ ဝမ်းက မခိုင်ဘဲ ဗိုက်အမြဲမကောင်း …အကျင့်ရှိပါလျှက်နှင့် ဂဏန်းသက်မတွေ သွားစုပ်မိတာ။ အခုတော့ အစား …စ်လုတ်အတွက် တအားသုတ်ရတော့မည်။

တွိုင်းလက်ထဲရောက်မှ အသက် ရှူချောင် ပေါ့ပါးဝမ်းသာရွှင်မြူးရ …တော့သည်။

"အခုမှပဲ ပေါ့ပါးသွားတော့တယ် … ဟီး … "

စိတ်လွတ်ကိုယ်လွတ် အေးအေးလူလူ သက်သာရာရစွာ လွှတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ "အား ... ကောင်းမှကောင်း"ဟုပင် ဖွင့်ဟမြည်တမ်းမိသေး၊ အခုမှ သက်သာသွားတော့သည်။

"ဟိုက်"

ကိစ္စပြီးလို့ ဘေးဘီကြည့်မိကာမှ ပြဿနာက ကွက်တိပင်။

အိမ်သာထဲမှာ စိမရှေ့ ရေမရှိ။ တစ်သျှူးမရှိ။ အိမ်သာဘေးခန်းတက်မည့်လူကို စောင့်ရတော့မည်။ ကြာလျှင်တော့ ပေနေတဲ့ မစင်တွေခြောက်သွားလို့ အတော်နူး ယူရလောက်သည်။

အိမ်သာက ဆင်းနားရွက်တံခါးလေးဖြစ်ပြီး အောက်ပိုင်း နည်းနည်းလွတ်နေသဖြင့် လူမြင်ရနိုးနိုး လှမ်းကြည့်မိသည်။ အပြင်လူလာရင် ခြေနှစ်ချောင်း ဖိနပ်တစ်ရံတော့ တွေ့ရမှာပင်။

ဟော ... တွေ့ပြီ။ လူတစ် ယောက်။

"အ ... အစ်ကိုလေး ... ကျေးဇူးပြုပြီး ရေလေးတစ်ပုံးလောက် ကူညီပါလားဗျာ"

တစ်ဖက်လူမှ အတန်ကြာအောင် တွေဝေစဉ်းစားသွားဟန်ဖြင့် ငြိမ်သက်သွားသည်။ ပြီးမှ သဘောပေါက်သွားဟန်ဖြင့် ရယ်ကျဲကျဲအသံစွက်ကာ ပြန်ပြောပါသည်။

"ရပါတယ် ... လုပ်ပေးရမှာပေါ့"

ကူညီတဲ့ အဲဒီလူ။ ကျေးဇူးရှင်။ ကူညီပုံက ဘယ်လောက်နုံသလဲဆိုတာ ကြည့်ဦး။

စိတ်ကောင်းရှိသလောက် မဆိုင်းမတွ ဖေးမတာပါပဲ။ ရေပုံး(အိမ်သုတ်ဆေးပုံး)အသေးလေးကို အပေါ်စီးကနေ ပေးသည်။ သောင်းကျော်ကကွတ ကွတနဲ့ပင် လှမ်းအယူမှာ လက်ချော်ပြီး ရေပုံးက သူ့ခေါင်းပေါ်ကျသည်။

ဖောက်ထိုးမိုးမျှော်ရေပုံးမှ ရေများ ကိုယ်ပေါ်သကြန်ကျကာ ရေပုံးနှုတ်ခမ်းနှင့် သူ့ချိုစောင်း မိတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗွမ်း"

"ခွက်"

"အောင်မငီး"

ချိုစောင်းခမျာ ပူထူလို့၊ ရွှဲနဲ့စို အိပ်သာထဲမှာ ချမ်းလိုက်တာ အသည်း တုန်ရောပင်။ ကြွက်စုပ်မိုးမိ ဖြစ်ရပါပေါ့လား။

"သွားရှာပြီ ... ငါ့နှယ်နော် ... သေချင်တော့တာပဲ"

စိတ်ပျက်လက်ပျက် ညည်းတွားမိသည်။ သူ့အဖြစ်ကို အပြင်ကလူမှ ဆင်က အူနှိပ်နေချေပြီ။ ဒုတိယမွှဲ နောက်တစ်ကြိမ် ဆင်ခြင်ပြီး သတိထား အဆီအငေါ်တည့်တော့သည်။

ဟိုလူလဲ လုပ်စရာရှိတာ မြန်မြန်ဖြတ်ပြီး လစ်ပြေးလေတော့မှ သူ သာထဲက ထွက်ရဲလေတော့သည်။

"ဂျူး ... ဒီကနေ့ ပြဿဒါးပေါင်း(၂၀၀)ကျော်ကြီးနဲ့ တွေ့နေရပါလား"

တွိုင်းလက်ဝင်ခဲ့တာ အတော်ကြာခဲ့ပါပြီ။ မတတ်သာ။ လူလဲမှေ့မှေ့ ဖျော့သာ ကျန်တော့သည်။

စိတ်ရှည်လက်ရှည် ပျင်းရိကာ အိပ်ငိုက်သည်အထိ ထိုင်စောင့်ပေးရှာ သော ကျော့ကေသွယ်က စကားတစ်ခွန်းဆိုသည်။

"တွိုင်းလက်ထဲမှာ အပင်ပေါက်လို့ အမြစ်တွယ်နေပြီ မှတ်တယ်"

✣ ✣ ✣


www.burmeseclassic.com

www.burmeseclassic.com

## …န်း (၁၀)

မင်းမင်းအောင်တစ်ယောက် ဝီရိယကြီးစွာဖြင့် အစောကြီးရောက်နေ…ည်။

အမြင်ကာတ်လောက်စရာကောင်းအောင် မျက်နှာတစ်ခုလုံး ဖြူဖွေးဝင်း…နေ၏။ အသားဖြူသနပ်ခါးကို ပိုမိုလှပနိုက်ကဲ့စွာ လိမ်းကျံထားခြင်းက မျက်နှာကို …ည်ကျဲ အခဆီဝေ့သော မှန့်ဟင်းရည်အရောင်ပေါက်စေသည်။ ဝတ်ထားသော …ဥ်ရောင်တောက်တောက် ဟာဝေယံရှပ်အင်္ကျီက ပြောင်လက်နေသလို …ပုဆိုးကလည်း မီးပူခေါက်ရိုးကျိုးအောင် ထိုးထား၍ ကော့နေသည်။

ကြည်ပြာ ဦးလေးအိမ်မှ တီဗွီကို လိုက်ကြည့်ပေးရန် ချိန်းထားသည်။ …ကြောင့် သူမကို မျှော်နေပေမယ့် အတော်ကြာ ပေါ်မလာသေးပေ။

"ဟာ … အစ်ကို၊ ဟိုလေ … မင်္ဂလာဆောင်က ပြန်လာတာ …ဘယ်နားမှာလဲ မင်္ဂလာဆောင်က"

"ကြီးကြီးစည်ရာ မဟုတ်ပါဘူးဗျာ၊ ဓာတ်ကပြီး ပြန်လာတာ"

လက်ဖွဲ့ထုပ်ကိုင်ကာ လိပ်စာပျောက်နေသော လူတစ်ဦးက သူ့ကိုမေး… ခပ်ရွဲ့ရွဲ့ပြန်ဖြေလိုက်သည်။ သနပ်ခါး အဖွေးသားရဲ့စွမ်းပကားတွေကြောင့် … ပွဲတက်ဧည့်သည် အထင်ရောက်နေလောက်အောင် အပြင်အဆင်က



www.burmeseclassic.com

www.burmeseclassic.com



အပြတ်သားနားနေလေပြီ။

"ဆောရီးနော် ... ကျွန်တော်က မင်္ဂလာဆောင်က ပြန်လာတဲ့ ထ
ထင်နေတာ လက်စသတ်တော့ ဟန်ဇာမိုးဝင်းဇာတ်က လူရှင်တော်ကြီးကိုဖ

အရေးထဲ ကပ်သပ်ပြီး ယုံထင်ကြောင်ထင် ခံနေရသည်။ သူ့ပုံစံ
လည်း အလှူသွားစားပြီး ပြန်လာတဲ့ပုံစံဆိုတော့။ ကြည်ပြာဖြူကို စောင့်ရတာ
အဲဒီလို စိတ်ဒုက္ခအရောက်ခံပြီးတော့ စောင့်ရတာပါ။

လာပါပြီ။ အာဇာနည် နတ်မယ်အသွင်ကြွ မယ်မင်းကြီးမ။ ပါတိတ်
ဝမ်းဆက် အစိမ်းဖောက်အရောင်လေးနှင့်။ ဒေါက်ဖိနပ်အမြင့်လေးနှင့် လှပစွာ
သပ်ရပ်စွာ လျှောက်လာသည်။ မယ်စကြာဝဠာ ရွေးပွဲဝင်ပြိုင်ရင်တောင် ပထမဆု
ဆွတ်ခူးသွားနိုင်သည်။

"ကိုမင်း စောင့်ရတာ ကြာပြီလား"

"မကြာပါဘူး ... ခုနလေးတင်ကမှပါ၊ ကားတောင် ရှေ့ဆင့်နောက်
ဆင့်ရောက်တာ ထင်တယ်"

တစ်ဖက်သား အားမနာရအောင် စိတ်ပေါ့ပါးစေမည့်အဖြေဖြင့် ထွ
ပြန်ပေးလိုက်သည်။ ပလီပလာ ဗလောင်းဗလဲ မောင်းကွဲပင် မြည်စေတော့

"ဦးလေးအိမ်ဆိုတာက ဝေးသေးလား၊ ဆိုက်ကားစီးသွားရင်ကောင်း
မယ်ထင်တယ် ... ကြည်ပြာ ပင်ပန်းနေမှာစိုးလို့"

"ရပါတယ် သိပ်မဝေးပါဘူး၊ နှစ်လမ်းကျော်လောက်လေးတင်ပဲ"

ဒါလည်း တစ်မျိုးကောင်းတာပဲ၊ စကားပြောရင်း လမ်းလျှောက်၊ ထ
တွေက ဝိုင်းကြည့်။ ဘာပဲပြောပြော အထင်ခံရနည်းတာမှတ်လို့။

"ကြည်ပြာ အလုပ်မှာအဆင်ပြေရဲ့လား"

"ပြေပါတယ် ... ပန်းသရဲမလေးလို့ ဝိုင်းခေါ်ကြတာကလွဲရင်ပေါ့"

ကြည်ပြာ အရွှန်းဖောက်ကာ သပ်သပ်ရပ်ရပ်ရယ်သည်။ ပန်းစည်း
တစ်ပွေ့ကြီးလက်ခံရရှိပြီးနောက် ပန်းသရဲဂိမ်းကို စွဲစွဲမြဲမြဲ ကစားသော သူ



www.burmeseclassic.com

www.burmeseclassic.com



နံ့သူ ရုံးသားအချင်းချင်းက ထိုသို့ခေါ်ဝေါ်ကာ နာမည်ပြောင်ပေးထားသည်။

"ဦးတင်မောင်သန်းကြီးက အရမ်းပျော်တတ်တာပဲနော်"

"အင်း ... ဟုတ်တယ်၊ ကိုယ့်လူကြီးက ဒီလိုသဘောကောင်းတော့ အလုပ်လုပ်ရတာ ပိုအဆင်ပြေတာပေါ့"

စကားတွေက အဆက်အစပ်မဲ့ ဟိုဟိုဒီဒီရောက်ကာ ဆော့စကားမြီး ပြောနေမိသည်။ မျက်နှာချင်းဆိုင် အနီးအနားမှ သူ့အကြောင်းကို မပြောပါဘဲ နောက်ကွယ်ရာမှာ အခြားသူ့အကြောင်း အရေးတယူပြောသလိုဖြစ်နေတာက တော့ မတင်မကျဖြင့် အောင့်သီးအောင့်သက် နိုင်လှသည်။

လမ်းချိုးလေး အကွေ့ကိုရောက်တော့ အိမ်တစ်အိမ်ရှေ့တွင် ကြည်ပြာ ရပ်လိုက်သည်။ အိမ်ရှေ့မှာ ဆိုင်းဘုတ်တင်ထားတာက "မာမီကြည် ဗျူတီပါလာ" ဟူ၍ ဖြစ်သည်။

"ဟိုက်ရော ... မာမရှိန်းကြီးပါလား၊ ကြည်ပြာ့ဦးလေးဆိုတာက" ဟု တီးတိုးရေရွတ်မိကာ မင်းမင်းအောင် မျက်လုံးပြူးသွားသည်။ သူမက အိမ်ထဲကို လှမ်းအော်ခေါ်သည်။

"တီတီကြည်ရေ ... ကြည်ပြာလာတယ်လေ"

"ဟယ် သမီးလေး ... ချစ်စရာ အသည်းမလေး၊ မတွေ့တာကြာပြီ"

"တီတီကလဲ၊ သမီး တီတီ့ကို လွမ်းနေတာ"

ပလူးပလဲ အူယားဖားယားနဲ့ အလွမ်းကသယ် နေကြသေးသည်မှာ ကွန်တိန်နာပင် မဆန့်လောက်ပေ။

"ဟဲ့ ... သမီးလေးနောက်က ဘယ်အပိုင်ကိုကျက်စားတဲ့ဟာမလဲ ဟဲ့"

"ဟာ ... တီတီကလဲ လုပ်ပြန်ပြီ၊ ဒါ ... တီတီ့ တီဗွီကိုပြင်ဖို့ ခေါ်လာတဲ့ သမီးတို့ အလုပ်က အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com


ကြည်ပြာဖြူ ပြုံးစစနှင့် မိတ်ဆက်ပေးတော့သည်။ မိတ်ဆက်ဖော် ရလို့သာ အရှိန်တန့်သည်။ နို့မဟုတ်ရင် သူကပဲ ဘာလိုလိုကြီးဖြစ်နေဦးမည်။

"ဟယ် ... အဆင်လေးက လန်းတယ်နော်"

မင်းမင်းအောင် သေချင်စော်နံသွားသည်။ မာမီကြည်ဆိုသူက သူ့ကို မာယာပလိန်းရှိုး အပြတ်အသတ် ရှိုးတော့သည်။

"သားလေး ... မိုးကျရွှေကိုယ်လေး ... မာမီ တီဗွီကို သေချာ ပြင်ပေးနော်၊ ကျသလောက်ပြော၊ မာမီရက်ရက်ရောရောကို တန်ရာတန်ကြေး ပေးပေါ့ပေါ့မယ်"

အသံကို ပြာအက်တုန်တက်နေတာပဲ။ ပဲတွေအများကြီး ချွဲပစ်ကပ် စေး ထူနေတော့တာပဲ။ မနိုင်လို့ နှစ်ခေါက်ခွဲသယ်ရမယ့် ကိန်းဆိုက်ပြီ။

"ဟုတ်ကဲ့ ... ဦး ... အဲလေ တီတီ ... "

"အမလေး ... တီတီကြည်ရေ၊ ကိုမင်းက·တကယ့်ဆရာသမားနော် ဆက်ဆံရေးကောင်းသလို အလုပ်လုပ်တဲ့နေရာမှာလည်း အပြတ်ကိုင်တာ"

"ဟမ်မလေး ... ဒီကလဲ ကောင်းကောင်းဆက်ဆံတာပါ၊ အပြတ် ကိုင်တာကို မျှော်နေတာ အတော်ပဲ ... "

ဘာတွေလဲ။ ဘာများ အားရပါးရ ပြန်ပြောနေပါလိမ့်။ ကြည်ပြာဖြူ အိတ်စပို့ကုမ္ပဏီမှ ဝန်ထမ်းပီပီ ပို့ဆောင်နေပြန်ပြီ။ ယာဉ်ပေါင်းစုံ ပို့ဆောင်ရေး နဲ့ဆို ရာထူးကြီးကြီးရလောက်ပြီ။ သူလဲ ရေဝေးကိုရောက်လောက်ပြီ။ ဒါကြီးနဲ့ မှ ခုတုံးလုပ်ပြီး လာတည်ပေးသည်။ ဦးလိုလို တီတီလိုလို ဦးတီကြီးနဲ့ သူကတော့ သောက်ဂွပဲ။

မင်းမင်းအောင် အရေးစိုက်နှစ်လိုမျှောပါသွားဟန် မပြဘဲ တီဗွီ အဖုံးကို ကျွမ်းကျင်စွာ ဖွင့်ရတော့သည်။

အိမ်တစ်အိမ်လုံးမှာလည်း အမွှေးတိုင် ရေမွှေးနံ့တွေ မွှေးကြိုင်နေ သည်။ မိန်းမလျှာ ဂေဟာမှန်း သိသာစေ၏။ အထူးခြားဆုံးနှင့်စိတ်ဝင်စားဖို့မှ


www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကတော့ ကိုကြီးကျော်စင်တွင် တင်ထားသော စကော့ချ်ဝီစကီ ပုလင်းကြီးပင်။ အဖြူတွေချည်း မှိဝဲသုံးဆောင်နေသော သူ့အဖို့ ဂလုထချင် စရာပဲ။

ပစ္စည်းကိရိယာ တန်ဆာပလာတွေ ထုတ်ပြီး ပြင်နေချိန် ကြည်ပြာတို့ သုဝိုးကတော့ စကားကောင်းနေသည်။ အရက်နဲ့ကြည်ပြာကို တစ်လှည့်စီ အချင်း တီဗွီထဲစိတ်က မရောက်ချင်တော့။ ဆားကစ်ပြားပေါ်တောင် ခွေးနဲ့ သွားချည်များ ယိုကျကုန်လေပြီ။

ကြည်ပြာက ကြိုမပြောထားသဖြင့် စိတ်စနိုးစနောင့် ဖြစ်ရသေးသည်။

"သားလေး ... လိုတာရှိရင် ပြောနော အားမနာနဲ့"

အမလေး တ,ချင်စိတ်တွေ ပေါက်လာသည်။ ကျက်သီးတဖြန်းဖြန်း ထပြန်သည်။ အသံဝါဝါကြီးကိုက အသည်းယားချင်စရာ။

တီဗွီကို ပေါက်ကရတွေ လုပ်လိုက်ရဟု စိတ်ကူးပေါက်မိသေး။ ဒါလည်း မကောင်းပြန်ဘူး။ ပညာမာန မကောက်ကျစ်ရဘဲ သစ္စာထားမှ တော်ကာကျမည်။ ထိုရှည်မှာ ခဏခဏ ခေါ်ပြင်ခိုင်းမှ ကြည်ပြာ့ကို အားနာပြီး ဒီအိမ် ခဏခဏ ရောက်နေရဦးမည်။ ဒီဟာကြီးနှင့် အကျွမ်းဝင်လို့ မဖြစ်။ မင်းမင်းအောင် စိတ်တွေ ညစ်နေသည်။

"ကိုမင်း ... ပြီးပြီလား၊ မပြီးသေးရင် ခဏထား၊ ဒီမှာ တီတီက မင်းကျွေးမလို့တဲ့၊ တစ်ခါတည်းဝင်စား ..."

အဲဒီအစီအစဉ်ကတော့ ကောင်းသည်။ ကြည်ပြာ့အသံလေးက အစား အသောက်သတင်းအထောက်အပံ့နှင့်မို့ နားဝင်မှာ ပိုမိုချိုရသည်။ ဗိုက်ဖြည့်ရမယ့် အစီအစဉ်။

တီဗွီပြင်တာကို ကမန်းကတန်း လက်စသတ်လိုက်ရပြီ။ ထမင်းဝိုင်းက သည်း ရှိတာလေးနဲ့ စိုစိုပြေပြေ။

"ခေါက်ဆွဲကြော် အသည်းအမြစ်နဲ့ တစ်ပွဲဝယ်ထားတယ်၊ သားလေး



www.burmeseclassic.com

www.burmeseclassic.com



ထည့်စားနော် ... ထည့်စားမှ မာမီတို့ကကြိုက်တာ''

''ဟုတ်ကဲ့''ဟု ရိုကျိုးယဉ်ကျေးစွာ ပြန်ဖြေရသည်။ စိတ်ထဲမှာတော့ ''ငါတယ်လေ ... ထည့်ပြီး စားလိုက်ရ မကောင်းရှိတော့မယ်''ဟု တွေးနေမိသည်။

''ကိုမင်း အားမနာနဲ့နော်၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား၊ တီတီကြည်က တစ်ကိုယ်တည်း အပျိုကြီးသမားဆိုတော့ အဆင်မပြေရင်လဲ သည်းခံပြီး ခွင့်လွှတ်ပေးပါ''

''အို ... အပြစ်ရှိရင်၊ မကျေနပ်ရင် ပြောသာပြောလိုက်၊ မာမီတို့က သည်းသည်းမည်းမည်းကို သည်းခံနိုင်တယ်''

ကြည်ပြာတို့ကတော့ အထပ်ထပ် အကြိမ်ကြိမ်ကို ပို့ဆောင်နေလေပြီ။ မာမီကြည်ရဲ့ အကြည့်စူးစူးတွေက အော့နလုံးနာချင်စရာ။

ဟင်းတွေလဲ ထည့်ပေးလိုက်တာ သုံ့ပန်းကန်ထဲဖောင်းပွပြီး အိမ်တကာ လှည့်စုထားသော ဟင်းအသိုးစုံလင် ဝက်စာဖြစ်နေပြီ။ သူလည်း အားနာပါးနာနဲ့ သိပ်မစားနိုင်ရှာပါဘူး။ သုံးပန်းကန်တိတိ ထမင်းတစ်စေ့မလျော့လောက်ပါပဲ။

သူ့မျက်စိထဲမှာတော့ နိုင်ငံခြားဖြစ် အရက်ကိုမှ ခေတ်မှီမှီ အကပ်ခံတဲ့ ကိုကြီးကျော်နတ်နန်းမှ ဟိုစကော့ချ်ဝီစကီဆိုတာချည်းပဲ မြင်မိနေသည်။

''ဟိုလေ ... သားလေးရယ်၊ တီတီလေ ဒီတီဗွီနဲ့ အမျိုးအစားချင်း တူမဲ့ ဒီဗွီဒီစက် တစ်လုံးလောက် ဝယ်ချင်လို့ ... အဲဒါ သားကိုမေးမလို့ ဈေး ဘယ်လောက်ရှိလဲဟင် တီဟုမ်းမှာ ရနိုင်မလား''

''တီတီ''

တစ်တီတီနဲ့ တီချင်းကို ထပ်နေရတဲ့ကြားထဲ အိမ်ရှေ့မှဖြတ်မောင်း သွားသော ကားဟွန်းသံကလည်း တီတီဆိုပဲ။ တီတီနဲ့ တီဗွီရှုပ်ကုန်ပြီ။ တီဘီ ရောဂါသည်သာ ဖြစ်လိုက်ပါတော့ ကြီးတော် ... အဲ ... ဦးတီရယ်။

''အမျိုးအစားလိုက် ဈေးခွဲထားပါတယ်၊ သုံးသောင်းကနေ သုံးသိန်း



www.burmeseclassic.com

www.burmeseclassic.com

င် အစားစားရှိတယ်လေ”

“အဲဒါလေ … တီတီ့ကို မော်ဒယ်လ်အကောင်းဆုံး စက်တစ်လုံး တ် Show Room မှာ လိုက်ဝယ်ပေးပါလားဟင်”

“ဟုတ်ကဲ့ … ဟုတ်ကဲ့ … ”

ပြောင်ချော်ချော် ယဉ်ကျေးပျူငှာလိုက်ရသည်။ သေပြီ။ တွင်းနက်ထဲ ချော်ကျသလိုပဲ။

ကြည်ပြာနှင့် အီစီကလီဖို့ စိတ်ကူးတွေယဉ်ထားသမျှ မှန်းချက်နှင့် ထွက်မကိုက်တော့။ ကြည်ပြာ့ကို မငြိ ငြိအောင် ဆွဲထည့်ရပေမည်။ မရှယ်တဲ ကဲမင်းအဖြစ်မခံနိုင်။ စိုင်ကော်လို့ ကြည်ပြာလို ချုပေါ်ရောက်ဖို့က ရေးကြီးသည်။ အဓိကဟာ အဓိကပါဖို့ပဲ လိုသည်။

“ရပါတယ် အန်အဲလေ တီတီ … ကြည်ပြာနဲ့အတူသွားတာပေါ့”

“အံမယ် … ကြည်ပြာက အားမှလိုက်နိုင်မှာနော် ကိုမင်း”

ကောင်းရော။ ပါးပါးလှုပ်လှုပ်နဲ့ကို ငေ့ပြီး ရှောင်သွားတာ။ တီတီလဲ က်ပိုင်းအတွင်း အလုပ်တွေရှုပ်နေလို့ မသွားနိုင်သေးလို့သာ အသက်ရှူချောင် ။

“နောက်များကျမှပဲ သားလေးနဲ့အတူသွားတာပေါ့”

အောင်မလေးလေ။ နှစ်ပိုင်းတစ်ပိုင်းဟာမကြီးက မအားပေးလို့။ အား အခါ ကိုယ့်ဟာကိုယ် သွားလိုက်လဲရရဲ့သားနဲ့။ သွားပေါ့ … ရေဝေးကို ကိုများ အတူခေါ်ပြီး ဖာလူဒါရေခဲ ပလုပ်တုပ် သောက်ချင်ရသေးတယ်။

ပြင်လက်စ တီဗွီကိုတောင် ပေါက်ခွဲပြီး ရာဇာနေဝင်းစတိုင်လ် တူနဲ့ ချင်မိတယ်။ အမြန်လက်စသတ်ကာ ပြင်ပေးလိုက်ရသည်။

“ဟယ် … သားလေးက သိပ်တော်တာပဲ ဘယ်လောက်ကျလဲ”

“ဟို ပစ္စည်းဖိုးပဲ ပေးပါ၊ လက်ခမယူတော့ဘူး”

“ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ သားလေးရယ်၊ လက်ခငွေမယူ[illegible]ဘဲ


www.burmeseclassic.com

www.burmeseclassic.com



နေပါ၊ ဟိုလေ ... ကိုကြီးကျော် ဆက်ထားတဲ့ ဝီစကီပုလင်းလေးပဲ ယူသွားပါ ... စွန့်ပေးလိုက်မယ်လေ၊ စေတနာတွေ မေတ္တာတွေ ပို့လွှန်းလို့''

''ကျွန်တော် မသောက်တတ်ဘူးဗျ''

နွားငတ်ရေတွင်းထဲကျဆိုသလို ဝမ်းသာအူမြူးမဲ့ကိန်း ဆိုက်ပေမယ့် ကြည်ပြာရှေ့မှာမို့ ဖြောင်လိမ်ဖြောင်စား မုသားဆိုမိသည်။

အတိုင်းထက် အလွန် မုတ်ဆိတ်များစွဲတာကြီးပဲဟာကို၊ မိန်းမရှင်မူလေး မူရသေးသည်။ မလိုချင်ဘဲ ဘယ်ရှိမှာလဲ။ ဝီစကီနဲ့အားနာပြီး အလိုက်အထိုက် ဆက်ဆံနေရမှာကိုလဲ စိုး ရသေးသည်။ ပြီးတော့ ... သောက်ဖူးနေကျမဟုတ်သည့် စကော့ချ်ဝီစကီကြီး။

''ဩော် ... သား မသောက်တတ်လဲ သားပါပါကို ပေးလိုက်ပေါ့ကွယ်''

မြွေမြွေချင်း ခြေမြင်ဆိုသလို အရိပ်အကဲနားလည်စွာ အတင်းထိုးပေးလေရာ သူလည်း နှစ်ခါမငြင်းဘဲ ပုလင်းလက်ထဲ ရောက်လာခဲ့သည်။

လာရင်းကိစ္စ တီဗွီမြင်တာလဲ ပြီးပြီမို့ မာမီကြည့်ကို နှုတ်ဆက်ကာ ပြန်လာခဲ့သည်။ အပြန်လမ်းတွင် ကြည်ပြာက အရက်မကောင်းကြောင်းတွေကို အားတက်သရော ပြောသည်။

ကြည်ပြာ မကြိုက်တဲ့ အရက်တွေကို သူမကြိုက်တော့ဖို့ ဆုံးဖြတ်မိသည်။

သူ ကောင်းကောင်းထိန်းထားနိုင်ပါသည်။ စံပြဈေးလဲ ရောက်ရော နေညိုချိန်မှာ ပြားကြီးတစ်ပြား ဝင်ဆော်မိတော့တာပဲ။

သူမ လက်ညှိုးထိုးမျက်စ တစ်ပစ်ပစ် မကောင်းကြောင်းပြောကာ လက်ဆောင်ရ ကိုကြီးကျော်စွန့်စကော့ချ် ဝီစကီကိုတော့ မသောက်ပါဘူး နှမြောလို့ နောက်မှသောက်ရန် သိမ်းထားလိုက်သည်။

✣ ✣ ✣

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

န်း (၁၁)

ဦးတင်မောင်သန်းကြီး တည်ပေးသော ပွဲက သုံးယောက်လုံးအတွက် ည်ရှယ်ဖြစ်နေသည်။ အကောင်းစား ရွှေဘဲဆိုင်ခွဲရက်စ်တရင့်တွင် ချစ်လှစွာ ာ တပည့်ကျော်သုံးယောက်ကို အထိမ်းအမှတ် အထူးအဆန်းပြုကာ ကျွေး လသည်။

ဆေးကုမ္ပဏီတစ်ခုတွင် ရှယ်ယာဝင်ထားရာမှ မြိုးမြိုးမြတ်မြတ် းတာရယ်၊ ရုံးမှ ဆုကြေးငွေဘုတ်ထားတာရယ် စုပေါင်းစပ်ပေါင်း၍ ပွဲတစ်ပွဲ ည်း ဖြစ်သွားသည်။

ဒစ္စကိုဆလိုက် မီးရောင်တွေအောက်က ကျောက်စားပွဲကြီးမှာ သူ့ရဲ ာင်းသုံးယောက်ကတော့ အယ်လ်ကိုဟောခါတ်တွေနှင့် မူးငြိမ့်ငြိမ့်မြူး ကြသည်။

"မင်းတို့သုံးယောက်ကို ခေါ်ရတာ အကြောင်းရှိတယ်"

ရေခဲထည့်ထားသော လင်းဇော်ထက်၊ ဂဏန်းလက်မဖွဲ့နေသော ာင်းကျော်၊ အရက်ငှဲ့ပေးနေသော မင်းမင်းအောင်တို့ ချက်ချင်းကျောက်ဖြစ် ကြွင်းများ ဖြစ်သွားသည်။ အကြောင်းတစ်စုံတစ်ခု ထူးပြီကော။

"အကြောင်းထူးရင် တန်ပေါင်းတန်ခူးမှာ မြောင်းတူးပြီး ပြောင်းဖူး


www.burmeseclassic.com

www.burmeseclassic.com



စိုက်ရမှာပေါ့"

ဆရာသမားဆိုပေမယ့် လုပ်ငန်းချိန်ပြင်ပမှာ ညီအစ်ကိုလို ပွင့်ပွင့်လင်းလင်းဆက်ဆံဖို့ ဦးတင်မောင်သန်းက အရေးပေးထားသည်။

"အကြောင်းမှန်ရင်တော့ ပေါင်းလှန်ပြီး ခေါင်းခံရမှာ၊ အဲဒီအခါကျ မောင်းသံကြားပြီး ပြောင်းပြန်စကားတွေနဲ့ တောင်းပန်သွားရမယ်နော်"

အားကျမခံ လင်းဇော်ထက် ကာရံကို သောင်းကျော်က ပြန်ထွေသည်။ ဒါပဲအကွက်ချောင်းနေကြတာ။ တစ်ယောက်အမြီးတစ်ယောက်နင်းဖို့ကသာ မဖြစ်ပေါင်းဖော်နည်း ဖြစ်နေသည်။

"အဓိက ပြောရမယ်ဆိုရင်တော့ အကြောင်းရှိဖို့ပဲ၊ အကြောင်းရှိအော ပေါင်းကြည့်မှ နှောင်းအထိ အကောင်းသိမယ်"

"ဟော့ကောင်တွေ ... မင်းတို့ ကာရံညှပ်ပြီး နဘောကဗျာမဆ စကားတွေနဲ့ စလေဆရာ မယားပါသားတွေလို သံတော်ဦးတင်မနေကြနဲ့"

"အပျော်ပါဆရာရယ် ... ဘာအကြောင်းများလဲဆိုတာ လင်းဇေ ပါဦးဗျာ၊ ရွှေနားပန်ဆင်တော်မူလျှက်ပါပဲ"

ပုလင်း၊ ဖန်ခွက်၊ အမြည်းဟူသော စိန်သုံးစိန်မင်းသားများနှယ် ဇာ သံကို နှောနေတော့တာပဲ။ ဦးတင်မောင်သန်း စိတ်ညစ်တဲ့အထဲမှာ အဲဒါ ပါတယ်။

"အတင်းလင်းခိုင်းမနေနဲ့၊ ငါက အီးပိစီကမဟုတ်ဘူး၊ မင်းတို့ ယောက်လုံး ကြည်ပြာဖြူကို ကြိုက်နေတယ်မို့လား"

"ဟာ ... ဆရာရယ်၊ ကြံကြီးစည်ရာ"

"ဟုတ်ပ့ါ ပေါက်တတ်ကရ ... ဆီနဲ့ရေ ဖြစ်နိုင်ပါ့မလားဆရာရယ်

သောင်းကျော်က ပါးစပ်ပြင်ကာ ဘူးကွယ်ဖို့ကြိုးပမ်းရုံရှိသေး ယောက်က တစ်ယောက်တစ်ပေါက် လိုမ့်ကာငြင်းတော့သည်။ လေသံတွေ တော့ အင်တင်တင်နှင့် မပီရိဘဲ လိမ်ညာကာ ဝန်မခံရဲဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြားဦးက သူတို့ဘက်လှည့်လာတော့ မလိုမ့်တစ်ပတ်ခေါင်းရှောင်ပြီး ာကြတာပေါ့။

ဒီရုပ်တွေ။ ဒီစိတ်တွေနဲ့များ မြောင်လိမ်မြောင်စားက လုပ်ချင် သည်။

"မင်းတို့ကွာ ... ပဲမြစ်လောက်လေးတွေနဲ့ ကန်စွန်းဥကို ဗလတိုင်း င်းသေးတယ်၊ မင်းတို့ဆရာပါကွ၊ အကုန်သိတယ် ... ပန်းစည်းဝိုင်းပေး ည်းက ရိပ်မိတယ်"

ဘယ်ရမလဲ။ ဘယ်မှမရဘူး။ ထောင်းမောင်းကို တုလို့ ကျူရှိုးထခုန် သွင်ကျိုးရုံပဲ ရှိပေမပေါ့။

"မင်းမင်းအောင်က မာမိကြည်နဲ့ ဝိစကီနဲ့ ဝိနေတဲ့အဆင့်ရောက်ခဲ့ ဟုတ်လား။ သောင်းကျော်ကလေ ကျော့ကေသွယ်နဲ့ ကိုကာဆူကီသွားတီး အရသာရှိခဲ့ပြီလေ"

"အမ် ... "

ပါးစပ်ထဲ ယင်ဝင်ဥလို့ရလောက်အောင် ဟောင်းလောင်းအငေးသား ယ်ကုန်သည်။ ရုတ်တရက် ဖမ်းမေးလိုက်တော့ အငိုက်မိပြီး အမူးပြေချင် လို ဖြစ်တာပေါ့။ မူးနေတာလေးတွေတောင် ဖိလင်ပျက်ကုန်ပါပြီဟု ထင်ကာ မိကြသေး၏။

"ဗျာ ... ဆရာ ဘယ်လိုသိ"

"မင်းလည်း ဝန်ခံလိုက် လင်းဇော်၊ သူခိုင်းတဲ့ ပုံတူပန်းချီဆွဲပေး ပြီ မဟုတ်လား"

"အိ ... "

သုံးယောက်လုံး ချည်ပြီးတုတ်ပြီး ရိုက်သလို ကွဲခနဲမိကာ လေသံ ကျယ်ပင် မဟာရဲ။ ပခုံးကျုံ့ဇက်ပုပြီး အမြီးကုပ်နေရသည်။

ဘယ်လို ရိပ်မိပြီး သိလဲဆိုတာက တုန်လှုပ်အံ့ဩစရာကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငယ်ရာက ကြီးလာတော့လဲ အကဲခတ်တာပေါ့ကွာ၊ စိတ်အိုင်အေနဲ့ အက်ဖ်ဘီအိုင်မှာ ငါ့စပိုင် ခုနစ်ယောက်ရှိတယ်"

"သိမှသိပါ့မလားလို့ ဝမ်းသာလိုက်တာဆရာရယ် ... အသိမပေးဘဲ လုပ်မိတော့၊ ဟို ... မရှိသေးရာကျမှာ စိုးနေတာပေါ့"

မင်းမင်းအောင် လက်နှစ်ဖက်ဖြင့် ဦးတင်မောင်သန်းလက်ကို တင်းတသေ ဆုပ်ကိုင်ကာ ပြောသည်။ မထူးတော့ပြီ။ ဘူးပေါ်သလိုကို ပေါ်နေမှတော့ မျက်နှာပြောင်တိုက်ပြီး ပြောရတော့သည်။

"တစ်ခုတော့ရှိတယ် ... ကြည်ပြာ့ကို မင်းတို့တင်မကဘူး အဟီး ... ငါလည်း ကြိုက်နေတာကွ"

"ဟာ ... ဆရာရယ်၊ မကြိုကောင်း မစည်ရာဗျာ၊ ပေါက်ကရမလုပ်ပါနဲ့"

"ဆရာ့အဆင့်အတန်း ရှိသေးတယ်လေ ... ဆရာကလဲဖွတ် ... လူဆိုး"

တစ်ယောက်တစ်ပေါက် ကျိုးကန်းတွေလို ဝိုင်းအာကြသည်။ သူ့အတွက်တော့ ကြိုကောင်းစည်ရာ လုပ်သင့်ဖြစ်သင့်သော လိုက်ဖက်မှုအခြင်း ကိုယ့်ဘက်ကိုယ်ယက် တွေးကြသည်။

"တော်ကြပါတော့ကွာ ... ငါကြိုက်တဲ့သဘောက သူ့အလှအ အရည်အချင်းကို ပြောတာပါကွ"

"အဲလိုကြီး ရုံးပတီသီးချိုး၊ ပဲသီးချိုးတော့ မလုပ်နဲ့လေဗျာ၊ ရောင်း ဝယ်သူ အသံတူရင်တော့ ဝယ်လိုက်"

"မှိုချိုး မျှစ်ချိုးပါကွ"

မင်းမင်းအောင်စကားကို အထင်တသေးဟန်ဖြင့် သောင်းကျော် ဝင်ထောက်လိုက်သေးသည်။ ဒီတော့လည်း ပြန်ခံပက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


"လျှာမရှည်နဲ့ သောင်းကျော် ... ငါက စျေးထဲမှာရတာ၊ စျေးပေါ်ဘာကိုပဲ ဆိုလိုတာ၊ ရည်ရွယ်ပြီးပြောတာ"

"တယ် ... ငါ့ရှေ့မှာလာပြီး ဖက်ကိုက်နေကြပါလား၊ ငါတစ်ခု ထပ်ပြောမယ်၊ ငါတို့ထဲက ကြည်ပြာ့အချစ်ကို ရရှိခဲ့ရင် တစ်ယောက်သောသူရဲ့ မင်္ဂလာဆောင်မဲ့စရိတ်ကို ကျန်လူတွေက မျှခံကြေးကွာ ... မကောင်းဘူးလား"

"ဟာ ... ကောင်းတယ် ဆရာ"

"ကောင်းလှချည်လား၊ မိုက်ဒလယ်ကွာ"

အားတက်သရော ငွေကုန်ပေါက်ကို ဝိုင်းဝန်းထောက်ခံကြသည်။ တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်ပြီး ဂုဏ်ယူဝင့်ကြွား မာန်ထည်မိကြသည်။

မုန့်ဆီကြော်က ဘယ်မယ်မသိသေးဘဲ နှုတ်ခမ်းနာနှင့်ငည့်ပါ့မလားဟူကြသည့်နှယ်။ မျက်နှာတိုင်းတွင် မက်လုံးတွေ အဆီဝေလျှံတက် ပြုံးပြုံးလို့နေကြတော့သည်။

"အဲ ... မရတဲ့သူအတွက်လည်း စိတ်မာတ်မကျနဲ့၊ ငါတို့မနဲ့ ဒစ်ကောင့်ချပြီး ကံစမ်းမဲလုပ်ပေးမယ်"

"ဂွတ်တယ်ဆရာ၊ ဂွတ်တယ် ... အစီအစဉ်မဆိုးဘူး၊ အဲ ... ဆရာတူမ ကြည့်ပျော်ရှုပျော်ကော ရှိရဲ့လား၊ အားနာနာနဲ့ပဲ ကြိုမေးထားရတာ"

လင်းဇော်ထက်က ပျော်ပျော်ကြီး နောက်ပြောင်ပြောနေသော မန်းအောကို ပြုံးပြုံးကြီး အရွန်းဖောက်လေ၏။

"ဒါက မင်းတို့သမိုင်းလေ၊ နိုင်သူစံ ရှုံးသူခံပဲ"

ယခုမှ တကယ့်ကို ပြိုင်ဘက်တွေလို ကြည့်မြင်မိတော့သည်။ ပြိုင်ပွဲသော့ အရှိန်အဟုန် ပြင်းထန်လာပြီ။

"ကျွန်တော်ကတော့ ကြည်ပြာ့ကို ရအောင်ယူမှာ"

လင်းဇော်ထက် ပိုင်ပိုင်စီးစီး ပြောလိုက်သည်။ ထို့ကြောင့် မန်းခင်း


www.burmeseclassic.com

www.burmeseclassic.com



အောင်တစ်ယောက် ကဖျက်ယဖျက် ဝင်ပြောပါသည်။

"မင်းပုံစံနဲ့များ ရပါလိမ့်မယ်၊ တစ်မျှော်တစ်ခေါ်ကြီး ဝေးပါသေးတယ် ညီလေးရယ်"

"ခင်ဗျားတို့ အသည်းအမည်း အရမ်းကြောင်နေပုံနဲ့လည်း ကြည်ပြာက လက်ခံပါလိမ့်မယ် အားကြီး ... အဝေးဆုံး လကမ္ဘာထိပဲ"

သုံးယောက်သားကတော့ ဝီစကီအရှိန်လေးတွေနဲ့ အမူးဒီကရီ တစ်ရှ ရစ်တက်သလို စားမာန်ခုတ်ချင်စိတ်တွေလည်း တစ်ဖွားဖွားပေါ်နေပြီ။

✣ ✣ ✣

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်။

အနောက်တိုင်းဝတ်စုံဖြင့် မင်းမင်းအောင်က လင်းဇော်ထက်ကို လာကြိုသည်။

စက်ဘုပ္ပမှ ရှယ်ယာဝင် ကုမ္ပဏီ၏ ကမ်းလှမ်းမှုအရ လေ့လာရေးခရီး လည်ပတ်ခွင့်ရသော ဦးတင်မောင်သန်းနှင့်လင်းဇော်ထက်တို့ ပြန်လာသည်။ ဦးတင်မောင်သန်းမှ ကြည်ပြာ့အား လာကြိုဖို့ အကူအညီတောင်းသည်။

နိုင်ငံ ခြား ပြန်လက်ဆောင်ဖြင့် မျက်နှာပန်းလှ နှာတစ်ဖျားသာမည့်အရေးကို ကြိုတွေးကာ မင်းမင်းအောင်က ကြည်ပြာ့ထံခေါင်းခံပြီး ဖြတ်ဝင်လာသည်။ ကြည်ပြာ့အလုပ်ကို သူလုပ်မည်ဆိုတော့ အမှတ်လည်းပိုရနိုင်သည်။

ထို့ကြောင့် အကြို တောက်ရောက်နေခြင်းပင်ဖြစ်သည်။ မြန်မာဘော အသင်း ရွှေရတုန်းကတောင် မှ ကြိုရကောင်းမှန်း မသိခဲ့တဲ့ ယခုမှာမူ လေဆိပ် တက်ကြွနေ၏။

အခါအခွင့် သင့်တုန်း လင်းဇော်ထက်ကို ဒုက္ခဆင့်ကဲ ဆင့်ကာပေး ကြံမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်ဆိုသော နေရာက အဝင်အထွက်ရှုပ်သော နေရာဖြစ်သော ကြောင့် မျက်စိသူငယ်နားသူငယ် ဖြစ်လာရသည်။

နိုင်ငံရပ်ခြားမှ ဆိုက်နေသော လေယာဉ်တွေ ဘယ်နှစ်စီးရှိနေပြီလဲ သိ။ သွားမေးနေလို့ကလည်း မကောင်း။

နာရီကိုကြည့်တော့ ညနေလေးနာရီ ခွဲနေပြီ။ (၄)နာရီဆိုက်သည့် လေယာဉ်ဖြင့် ရောက်လာမည့် ဦးတင်မောင်သန်းနှင့်လင်းဇော်ထက်၏ အရိပ် အယောင်မျှပင် မမြင်ရသေး။ မကြိုဘဲပြန်ရင်လည်း နေရင်းထိုင်ရင်း အထင် သွဲခံရဦးမည်။

"အစ်ကို ... အစ်ကို ... အစ်ကို့နာမည် မင်းမင်းအောင်လား"

"အမ် ... "

လေဆိပ်အရှေ့ဝန်းမှ တက္ကစီ ဒရိုင်ဘာဖြစ်ဟန်တူသူ ကောင်လေးက ားသော့လေး ပတ်ချာလှည့်ဖွေပြီး လာမေးသဖြင့် သူခေါင်းညိတ်ပြီးပြရသည်။

"ဟိုလေ ... လေဆိပ်အပြင်မှာ အစ်ကိုကြိုရမယ့်လူ ကိုလင်းဇော် ရောက်နေတယ်ဗျ။ အစ်ကို့ကို လာခေါ်ခိုင်းလို့"

ကြောင်စီစီနိုင်ပြီး ကြောင်တလွဲတွေတော့ ဖြစ်ကုန်ပါပြီ။ တန်တော့ င်းဇော်ထက် လေယာဉ်မဆင်းခင် လေထီးနဲ့ ခုန်ဆင်းလေသလား။ မျက်နှာ ဖွပ်ပြီး လေဆိပ်ထဲက ထွက်လာလေသလား မသိပေ။

ကားသမားလေးကတော့ ရယ်ကျဲကျဲဖြင့် ပြုံးပြသည်။ လေယာဉ်နဲ့ ာတဲ့ငနဲက လေဆိပ်အပြင်မှာ လာကြိုသူကို ပြန်စောင့်သတဲ့။ လာကြိုသူကို ပြန်ကြိုရတဲ့အဖြစ်က ဘယ်နှာပါလိမ့်။

လေဆိပ်အဝင်ဝ ရေပန်းကန်ဘောင်နားတွင် ပက်လက်ကြီးလန်ကာ ားယားကြီး အကြည့်ရအမြင်ရ ဆိုးသူကို တွေ့ရသည်။ အနောက်တိုင်းဝတ်စုံ ကြီးက ဖရိုဖရဲ အကျီစတွေ ဘောင်းဘီအပြင်ထွက်လို့။ အတက်ချိုကျော်စနင်းလို ာလည်း တောင်နဲ့မြောက် တကွဲတပြား ဖြစ်ချင်းတိုင်းကို ဖြစ်လို့ပင်



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှာ သောက်ရက်မဲ့စွာ ပက်လက်လှန်လဲနေတာ လင်းဇော်ထက်မှ ဟုတ်ပါရဲ့လား သံသယဖြစ်ဖွယ်ရာပင်။

အနားရောက်သွားတော့ မင်းမင်းအောင် နှာခေါင်းရှုံ့ ရပြန်ပါသည်။ အရက်နံ့လှိုင်လှိုင်ထကာ လူမှာလည်း အလွန်အကျွံမူးနေပြီ။

"လင်းဇော်ထက် ... မင်းငါ့ကိုမတွေ့ဘူးလား"

"တွေ့တယ် ... ခင်ဗျားကိုနောက်ချင်လို့ အတက်သီကျေစ်နဲ့ကွယ်ပြီး ကျော်လာတာ၊ ဆရာက ကျွန်တော့်ကို စားသောက်ဆိုင်မှာဘတ်ပြီးထားခဲ့တယ်လေဗျာ၊ မူးအောင်တိုက်ပြီး ခင်ဗျားကို သွားခေါ်ခိုင်းတယ်"

"နို့ ဒါဖြင့် ... ဆရာ ဦးတင်မောင်သန်းကော"

"သူက ပြန်နှင့်ပြီလေဗျာ၊ ခင်ဗျားနဲ့ကျုပ်ပဲ အတူပြန်ရမှာ"

မန်နေဂျာကတော့ သူတို့ကို နှစ်ပေါက်တစ်ပေါက်ရိုက်ကာ ပညာခန်းပြီး ရုံးကိုပြန်နှင့်ပြီ။ ကြည်ပြာလေးနဲ့ စက်ဘူပြန်လက်ဆောင်တွေနှင့် လုံးလားထွေးလား နာနစ်ဖျားသာနေလောက်ပြီ။ သူ့နှာခေါင်းက အလိုလိုနေရင်း အောင်ဂျင်နယ်ပွပြီးသားမို့ နှစ်ဖျားသာ ဖြစ်ရပြီပေါ့။

"ဆရာကတော့ လုပ်ချလိုက်ပြန်ပြီဗျာ၊ ငါတို့နဲ့အတူပြန်ရင် ပြီးရောငါ့မှာစောင့်လိုက်ရတာ၊ ခြေသလုံးတောင့်လို့ ... မျှော်လိုက်ရတာ ပဒေါင်းလည်ပင်း ဖြစ်နေပြီ"

"အေ့ ... ရန်ကုန်မြေကြီးကို သတိရလွမ်းဆွတ်လို့ ပျော်တတ်တဲ့နောက်သွားတာ နေမှာပေါ့ဗျာ"

လင်းဇော်ထက် တော်တော်မူးပြီး စကားတွေက မူမမှန်တော့ဘဲ ဗလုံးဗထွေးဖြစ်နေသည်။ သူ့ခန္ဓာကိုယ်ကို မနည်းမ,ပြီး ပြန်ဆွဲထူရသည်။

"ကြည်ပြာက ရုံးမှာစောင့်နေတယ်ဗျ"

"စောင့် ဘရောင့်ဗျာ၊ အရေးလုပ်စရာမှတ်လို့၊ ရှုပ်ကိုရှုပ်တယ်"

"ရှုပ်တာက မင်းကွ၊ ကြည်ပြာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အင်း ... ထားပါတော့၊ ကျုပ်နည်းနည်းအမူး
ပြေသွားပြီဗျာ၊ တစ်ခွက်တစ်ဖလားလောက် ကစ်ရအောင်"

ဇက်က ကျိုးနေပြီ။ မူကလည်း မမှန်တော့။ ဒါကို ထပ်သောက်ဦး
တော့။ သူမူးပြီး ကိုယ်မမူးတဲ့အချိန်မှာ အရစ်ခံရတာ သိပ်ခံရဆိုးဝါးလှသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကန်ဘောင်ပေါ်မှာ လေပြေညှင်းက ကြည်ပြာရဲ့ ဆံနွယ်များကို လွင့်မြောရွှေ့လျားလှုပ်လှဲ့အောင် ကျီစယ်နေသည်။ ပျားပိတုန်း ဝေ့ဝဲကျီစယ်မှုကြောင့် ပန်းကလေး ရှက်သွေးရွှန်းစို နီရိပ်ယောင်သန်းနေသည်။ သစ်ပင်တိုက်တန်းတွေ ကင်းရှင်းရာ အကာအကွယ်မဲ့ ဟင်းလင်းပြင်အမြင့် ကန်ဘောင်ဖြစ်သောကြောင့် ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေအေးက ပွတ်သပ်ချွေးသိပ်သည်။

ကြည်ပြာ့အနားမှာ သပ်ရပ်တောက်ပပြီး နူးညံ့သည့်အပြုံးဖြင့် ရစ်ဝဲဝေ့သီနေသော ရွှေလိပ်ပြာ လင်းဖော်ထက်လေး ကပ်တွယ်နေသည်။

"လူရှိန်းတွေမှာ ဒီလိုပန်းပေါင်းစုံ ပွင့်လန်းနေတဲ့ ကန်ရေပြင်နဲ့အေးမြတဲ့ လေပြည်တွေ ရှိပါ့မလားတောင် တွေးမိတယ်"

"ဘာဖြစ်လို့လဲ ရှိမှာပေါ့"

သဘာဝကပေးတဲ့ ကန်ရေပြင်နဲ့ ခိုက်ခိုက်တုန်အောင်ချမ်းတဲ့ ဆောင်းလေကြမ်းတွေတော့ ရှိမှာ သေချာသည်။ ဒါကြောင့် သူတို့ကျောက်ဂူထဲမှာ ခိုပြီး အနွေးဓာတ်ယူခဲ့ကြရတာပင် မဟုတ်ပါလား။ စိမ်းလဲ့ကြည်လင်သော ရေပြင်နှင့်ပန်းနွယ်ပင်များ ယှိမ်းလှုပ်စည်းချက်ညီနေတာကိုကြည့်ပြီး ရင်ခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသော စကားကို ဆိုလေသည်။

"အဲဒီလူရိုင်းတွေဟာ သဘာဝကို မလွန်ဆန်နိုင်ကြဘူးနော်"

"ကိုလင်းဖော်ကလဲ ... လွန်ဆန်ကြံဆ ပြုပြင်နိုင်လို့ ဒီလောက်ယဉ်ကျေးမှုတွေ ဖြစ်ထွန်းလာနိုင်တာပေါ့"

ချည့်နဲ့နဲ့ အကြောင်းတရား မခိုင်လုံမှုဖြင့် လိုရင်းဆီရောက်အောင် ဆွဲယူတည်ကြက်လုပ်သမျှ ပျက်ပြယ်နေရသည်။ လင်းဖော်ထက်က သူမကို ရင်ခုန်မြတ်နိုးသမျှ ဖွင့်ဟဖို့ ခတ်ကွင်းပြင်ကာ ခြေလှမ်းစနေခြင်းဖြစ်သည်။ တော်ကီအလန်းတွေ ပေါက်ကာ တိုက်စစ်ဆင်ဖို့ ကြိုးစားရုံရှိသေး။ ကြည်ပြာက နာမည်ကြီးမှ နောက်တန်းကစားကောင်းတစ်ယောက်လို အသာအယာဖြတ်ထုတ်လိုက်သည်။ ဒဲ့တိုးပြောရန်ကလည်း အခက်အခဲတွေ့နေသည်။ ဘတ်စ်ကား မစီးရဘဲ အကျပ်အတည်း ဆိုက်ရောက်နေရသည်။

သူကပြောရန်စကား အစပြုကာ ဟန်ပြင်လိုက်၊ ကြည်ပြာက ထင်မြင်ယူဆချက်ကို လေအေးအေးလေးနဲ့ စိတ်အေးသက်သာစွာပြောလိုက်နှင့် သူဟန်ပြင်သမျှ ကန့်လန့်ကာချ ပျက်ကိန်းတွေချည်း ဆိုက်ရောက်နေသည်။

ကြည်ပြာ့အနေနဲ့ သူ့ရင်ထဲကို မျက်ဝန်းအကြည့်နဲ့ ထွင်းဖောက်မြင်သူများ ဆင်ဖေ့ရန်ရှောင် ဝေ့လည်ကြောင်ပတ်လုပ်နေသလား တွေးတောစရာပင်။ ကြည်ပြာ့ဘက်က ဘာမှဟန်မပျက် ရဲရင့်စွာ ပွင့်လန်းလို့နေဆဲ ဖြစ်သည်။

"ကြည်ပြာပြောတာက ၇၅ရာခိုင်နှုန်းလောက် မှန်ပြီး ကျွန်တော့်အယူအဆကတော့ ၂၅ရာခိုင်နှုန်းလောက် မှန်တယ်လေ"

"ဒါတော့ မငြင်းပါဘူး၊ နှစ်ဖက်မျှ ခြေဒွန်တွဲတာပဲ"

"အဲဒီလူရိုင်းတွေနဲ့ ဆက်နွယ်ပြီး ဖြစ်ပေါ်လာတဲ့ အထူးအဆန်းတစ်ခု ကျွန်တော့်မှာ ရှိနေတယ်"

"ဟုတ်လား ... ဘာများလဲ၊ အဲ ... ကြံကြီးစီရာတော့ မဖြစ်စေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com


လင်းဇော်ထက် ဖွင့်ပြောရန် အဓိကကျ အရေးပါသော ပစ်မှတ်နား ရောက်လေ နလုံးတုန်ရင်ခုန်ကာ နှုတ်မှဟမထွက်ဘဲ ပြောရေးခက်နေသည်။

"ဟို ... ဟိုလေ ... ကြံကြီးလည်း စီမရပါဘူး၊ ဒီအထူးအဆန်း ကလည်း ကြည်ပြာနဲ့တွေ့မှ ရှေးလူရိုင်းတွေနည်းတူ ပေါ်ပေါက်လာတာမို့ပါ"

"လုပ်ပြီ ... သူများက ဘယ်ကဘယ်လိုလုပ် ပါလာရတာလဲ"

လင်းဇော်ထက်အတွေးထဲမှာ ကျောက်ဂူဝ၊ မီးပုံတွေနံဘေး လူရိုင်း လင်းဇော်နှင့် လူရိုင်းမလေး ကြည်ပြာတို့၏ ခပ်မိုက်မိုက်စတိုင်လ်ကို မြင်ယောင် နေမိသေးသည်။ ကြည်ပြာ့အတွေးထဲမှာ နတ်ပြဟ္မာပြည်မှ လူရိုင်းလင်းဇော်ကို မြားကြီးဖြင့် ခြောက်လှန့်ပစ်ချမည့် နတ်သမီးကလေးဖြစ်လို့နေသည်။

"ကြည်ပြာက လူရိုင်းအုပ်ထဲမှာ မရှိဘူး၊ လင်းဇော်ရဲ့ နတ်ပြဟ္မာပြည် မှာ စံမြန်းနေတာ၊ နတ်သက်ကြွေလို့ ဒီဘဝ လူလာဖြစ်တာ"

"ထားပါတော့ ... အဲဒါကို လက်ခံပါတယ်၊ ဘာပြုလို့လဲဆိုတော့ ကြည်ပြာက သာမန်လူတွေထက် ပိုထူးကဲပြီးလှလို့ပဲ"

မြှောက်ပင့်ကာ ကျေနပ်စေလိုက်သည့် စကားကြောင့် နှုတ်ခမ်းစေ့ကာ တည်တုံ့သွားသော ကြည်ပြာရုက်မျက်ဝန်းလေး တောင့်ကပ်ပြီး ခေါင်းငုံ့လွဲသည်။

"အဲဒီတော့ ကျွန်တော်ပြောချင်တာက ဟို ... ဟို ... ဟိုလေ"

လင်းဇော်ထက် မပြောဖြစ်ဘဲ ပျက်ပြယ်မှာကို အစိုးရိမ်ကြီးကာ အစ မြိုက်ပြီးမှ တစ်ဆို့ဆို့ဖြစ်သွားရပြန်သည်။ အမူအရာပျက်ယွင်းထစ်ငေါ့နေသော သူ့ကို ကြည်ပြာကမော့ကြည့်ကာ မျက်မှောင်ကျုံ့ကျုံ့မှုံ့ကုပ်ကုပ် ချစ်စရာ အမူ အရှုပ်ပြလေသည်။ လင်းဇော်လည်း ကယောင်ကတမ်း ရှက်အမ်းယောင်ယမ်း ပြီး အငြိမ်မနေသော လက်က ကားလမ်းမရှိရာ ပလက်ဖောင်းဘက် ဝေ့ဝဲထိုး နေလေသည်။ ပါးစပ်မှ တဟိုဟိုဖြစ်ကာ လက်ညှိုးထိုးမိသည်က ဗယာကြော် အသားလေးကို ဦးတည်မိလျှက်သား ဖြစ်နေတော့သည်။

"ဘာလဲ ... ဗယာကြော် စားချင်လို့လား"


www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုး ... မစားချင်ပါဘူး၊ ဗယာကြော် နှမ်းစေ့လောက်နဲ့ နံကြား တောင် မကပ်လို့၊ ပြီးတော့ ငရုတ်သီးကလဲ ညှော်သေး ... "

နှာခေါင်းနဲ့အပေါ်နှုတ်ခမ်း သောင်ခုံကြားက ဝက်ခြံအမြုံလေးကို လက် ခုံဖြင့် တစ်ချက်ဖိပွတ်လိုက်သေးသည်။ အဖြစ်ကတော့ မနှစ်ကနဲ့ မတူအောင် စိတ်ကူးပေါ်လာသမျှ အာရုံအလွှဲခံနေရသည်။

"ကျွန်တော် ပြောချင်တာက ဒီလိုလေ"

ဟိုလိုနှင့် အဆင်မပြေတော့ ဒီလိုဘက်ပြောင်းပြီး ပြောမိတာပေါ့။ ဒီတစ်ကြိမ်မှာတော့ တစ်လှုပ်လှုပ်ခါပြီး အသက်ဝင်နေတဲ့ လက်ညှိုးက စာ ကလေးဗေဒင် လက်ချိုးမီးဆီ ပြောင်းလဲပြီး ထိုးမိပြန်သည်။

"ညှော် ... သိပြီ၊ စာကလေးဗေဒင် မေးချင်လို့လား"

လင်းဇော်ထက် ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုပ်ရင်း အကျ ရှိက်သွားရသည်။ စာကလေးဗေဒင် မမေးဘဲ စာကလေးကြော်၊ ဂျိုးကြော် စန္ဒကူကြော်တွေ စားချင်စိတ်ပင် ပေါက်သွားလေတော့သည်။

ဒီနေရာမှာ စိတ်ပျက်လက်လျှော့နေလို့ မဖြစ်ပေ။ ချစ်ဖွဲ့မဟာကြီးမော ရမည်။ ထို့ကြောင့် စကားလမ်းကြောင်းထဲ ရောက်အောင် ပြန်ဆွဲခေါ်ရသည်။

"ပြန်ဆော်ခွဲ ... အဲလေ ... ပြန်ဆွဲခေါ်ပြီးပြောရရင် ... "

စိတ်နဲ့ကိုယ်နဲ့မကပ်လို့ ဒိန်းတလိန်းနတ်ဖမ်းစားကာ စိတ်နဲ့ကိုယ်နဲ့ ညစ်နေရတော့သည်။

"စာကလေးဗေဒင် မွေးချင်၊ ဟာ ... မေးချင်တာမဟုတ်ပါဘူး၊ စာ ကလေးနှစ်ကောင်လို မင်္ဂလာဆောင်ချင်တာပါ"

ကြည်ပြာဖြူ နှုတ်ခမ်းလေးပြင်ပြီး ပြုံးယောင်သန်းသွားလေသည်။ လင်းဇော်ထက် ကိုယ့်စကားကိုသဘောကျကာ ကန်ဘောင်တစ်ဘောင်လုံး ဥဒဟို သွားလာနေသမျှ အဖက်မလုပ်ကြသော်ငြား ကိုယ့်ကိုယ်ကို အထင်ကြီး တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူရိုင်းတွေလဲ မလွှဲမရှောင်သာ ကြုံရသလို၊ စာကလေးတွေလဲ ကြုံ တာပဲ၊ အဲဒီလို တူစုံမောင်နှံ တွဲဖက်ခွင့်ရဖို့ လိုအပ်နေတဲ့ အချစ်ဆိုတာကြီး ရှိနေတယ်၊ ကျွန်တော်နဲ့ ကြည်ပြာ့ကြားမှာရှိလာတော့ ကျွန်တော် ကြည်ပြာ့ ကိုချစ်တယ်"

စိတ်ကူးဖီလင်တက်ပြီး ပြောချလိုက်သည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် မေးထားခုတ်မောင်းသလို ဆိုင်ဆိုင်မဆိုင်ဆိုင် ရတနာမိုင်သီချင်းသာ ဂလိုင် ခေါက်ပြီး ဆိုချင်မိတော့သည်။ စာကလေးနှစ်ကောင် ပကျိပကျိအခါတော် ပေး ၍ ရေခဲမုန့် ကျွေးနေတာလဲ မျက်စိထဲက မထွက်တော့ပေ။

ကြည်ပြာက ရေငုံနှုတ်ပိတ် ခေါင်းကလေးငုံ၍ ရှက်ရိပ်တွေဖွင့်ဝေသွား သော ပန်းနုရောင် နှုတ်ခမ်းအပြုံးလေးကို ဖွက်(ဖွက်)လိုက်သည်။ ဉစ္စာရှုး ဉစ္စာ ခြောက်မလေးနှင့်ပင် တူနေတော့သည်။ သူ့နှုတ်ခမ်းလေး အခိုးခံရမှာ ကြောက် နေပြန်တော့သည်။

"ကြည်ပြာ့ကို ကျွန်တော် မေတ္တာရှိတယ်၊ ကျွန်တော် ချစ်နေတာ ကြာပြီ၊ ဘတ်စ်ပေါ်မှာ ဘေးချင်းကပ်ထိုင်ရတဲ့ အချိန်ကတည်းကစပြီး ချစ်နေ တာ"

ကြည်ပြာက လှိုင်းကြပ်ခွပ်လေးများ ပြေးလွှားလှုပ်ရှားနေသည်ကို ငေးမောကြည့်ပြီး ရင်ခုန်စိတ်ကို ထိန်းချုပ်ငြိမ်သက်နေသည်။

"ကြည်ပြာ ကျွန်တော်ပြောတာ ကြားတယ်မို့လား၊ ကြည်ပြာ့ကို ကျွန်တော် ရင်ထဲက မေတ္တာအစစ်နဲ့ ချစ်နေမိပြီဆိုတာ"

"ဟုတ် ... ကြားပါတယ်၊ ကျွန်မ နားမလေးဘူးရှင့်"

ကြည်ပြာ့နားထဲ ဝွမ်းဆို့နေသလား ယောင်ယမ်းပြီးကြည့်မိသေးသည်။ ဒုမ်းမပြောနဲ့ နဖာချေးတောင် ရှိမည့်ပုံမပေါ်ပေ။ ကြည်ပြာက အမြဲတမ်း ရှင်း သန့်လှပသပ်ရပ်သူ တစ်ယောက်ဖြစ်သည်။

"ဒါဆို ကျွန်တော့်ကို ဘယ်လိုသဘောထားလဲဆိုတာ သိခွင့်ရချေ



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ဘက်က ကြည်ပြာ့အပေါ်မှာ ချစ်နေမိသလို ကြည်ပြာ့အနေနဲ့ ကျွန်တော့်ကို ပြန်ချစ်ပါနော်"

ချစ်ချင်တိုင်းသာ ချစ်ခွင့်ရနေမည်ဆိုပါက တစ်ကမ္ဘာလုံး သိမ်းကျုံးပြီး ချစ်ပစ်လိုက်ချင်သည်။ ရင်ထဲမှာ ကြည်နူးလွန်းလို့ မန်နေဂျာ ဦးတင်မောင်သန်းကို သူငယ်ဖော် ခုနစ်ထွေအကပင် ကခိုင်းပစ်ချင်မိတော့သည်။

"အဲဒါတော့ ကြည်ပြာစဉ်းစားရဦးမယ်၊ တစ်ဘဝလုံးနဲ့ဆိုင်တဲ့အရေးကိစ္စနဲ့ ကြုံလာပြီဆိုတော့လေ"

လင်းဇော်က ဖွင့်ဟချဉ်းကပ်ဖို့ ခွင့်တောင်းလာသည်။ ကြည်ပြာက တွေးတွေးဆဆ တုန့်ပြန်ပါသည်။

"စဉ်းစားမနေပါနဲ့ ကြည်ပြာရယ် ... အချိန်တွေ နှမြောဖို့ကောင်းတယ်၊ တစ်ခါတည်းသာ အဖြေပေးလိုက်ပါတော့"

"အို ... ဘယ်ဖြစ်မလဲ ... တစ်သက်တာလက်တွဲရမယ့်သူဆိုတော့ ရွေးနိုင်မှ ချင့်ချိန်နိုင်မှ တော်ကာကျမှာပေါ့"

လင်းဇော်ထက် စိတ်ထဲမှာ ခိုးလို့ခုလုဖြစ်သွားရာ သောင်းကျော်ခေါ် ခြေသလုံးကြွက်သား တုတ်တုတ်ခိုင်ခိုင်ကြီးတွေကိုသာ ခွေးရူးနဲ့ ရှူးတိုက်ပြီး ပြေးကိုက်ခိုင်းချင်စိတ် ပေါက်သွားတော့သည်။

"ဆောရီးပါ ကြည်ပြာ ... ကျွန်တော် စိတ်လောသွားတယ်၊ စဉ်းစားပါ ... လက်တွဲရမယ့် ဖူးစာအရေးမို့ စဉ်းစားသင့်ပါတယ်၊ ကျွန်တော့်ကို စဉ်းစားပေးရင်ပဲ ကျေနပ်လှပါပြီ၊ တစ်ခုတော့ရှိတယ် ... မေတ္တာစေတနာထားပြီး စိတ်ထားဖြူသလို လှပလွန်းတဲ့ ဟောဒီက ကြည်ပြာလေးက ကျွန်တော့်အပေါ် လျော့ပေါ့ပြီး မေတ္တာတုန့်ပြန်နိုင်အောင် စဉ်းစားပေးစေလိုပါတယ်"

လင်းဇော်ထက် အသနားအစီအရင်ခံ မျက်ဝန်းလေးများဖြင့် ငုံ့လင့်နေသည်။ ဒါကိုပင် ကြည်ပြာကမြင်ဖြစ်အောင်မြင်ပြီး သတိထားကာ ဂရုဏာသက်မိသွားလေ၏။

---

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုကြီး မကြည့်ပါနဲ့လား ကိုလင်းဇော်ရယ်"

"ဘာဖြစ်လို့လဲ ... ဌါန်နီဒတ်(ပ်)နဲ့ တူသွားလို့လား"

လင်းဇော်ထက် ပါးစပ်ထဲရှိရာလျှောက်ပြီး လွှတ်ခနဲပြောမိပြီးကာမှ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းပုံပေါက်နေပြီလားဟု သတိထားမိကာ အနေရ ခက်သွားသည်။ ကြည်ပြာကတော့ သူထင်သလို တွေးမိပုံမရပေ။ မဟာတဟာ ဟား တစ်ချက် အသံထွက်အောင်ရယ်မောပြီး မျက်နှာတစ်ခုလုံး ကြည်လင်နေ သည်။ ပျော်စရာတွေ မျှဝေရယူသွားနိုင်သူတစ်ယောက်ပမာ ကြည်နူးရွှန်းလဲ့နေ သည်။

"ရှင်ကကြည့်တော့ ကျွန်မနေရထိုင်ရခက်တယ်၊ ကျွန်မရှက်တယ်"

ကြည်ပြာ တိုးတိုးတိတ်တိတ်လေး ချိုချိုသာသာပြောပြီး ခေါင်းငုံ့သွား သည်၊ သူမရဲ့မျက်ဝန်းတွေကို ရင်ဘတ်ထဲမှာ ပြန်လည်သိုဝှက်သိမ်းဆည်း (ဝှက်)လို့ နှလုံးသားတံခါးကို ဣန္ဒြေရရ စေ့ထားပြန်သည်။

"ကြည်ပြာ့လက်ပေါ်မှာတင် သေသွားတဲ့အဖိုးရဲ့ နောက်ဆုံးအကြည့် နဲ့တူနေလို့ပါ"

"ဟမ် ... "

လင်းဇော်ထက် အတော်လေးဖိုးလ်ငုတ်ကာ အောင့်သွားသည်။ တူပဲ ပြောလွန်းတဲ့ သူ့အကြည့်။ ကဗျာမဆန်၊ မနု၊ မရွ၊ မလှ၊ မပဲ့ပြီကော။ သေခါနီး အဖိုးအိုတစ်ယောက်ရဲ့ ဆာလောင်မှုကို မျှော်ငေးနေသော မျက်ဝန်း တွေနဲ့ ကြုံဖန်ပြီး တူပါလေရောလား။ ကိုယ့်မျက်လုံးကိုယ်သာ ခါးနဲ့ကလော် ပြီး "သနားကြပါဗျာ" ဟူ၍ ရင်ထုမနာ ဟစ်ချင်မိတော့သည်။

"ကြည်ပြာ စိတ်အေးအေးထားပြီး စဉ်းစားပါနော်၊ ဘယ်တော့လောက် ဘော့ကို အဖြေတုန့်ပြန်မလဲဟင်"

"သိပ်အကြာကြီးမဟုတ်သလို ချက်ချင်းအမြန်လဲ မဖြစ်နိုင်သေးပါ ဘူး။ အခုနေမှာတော့ ပြောသင့်တာကို ကျွန်မပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကြည့်ပြာရယ် သိုင်းကျူးဘဲမြီးပြတ်"

သူမ ကျေနပ်ပြုံးပြပြီး စိတ်ပေါ့သွားအောင် ရွှတ်နောက်လိုက်သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

လင်းဖော်ထက် သီချင်းလေး တအေးအေးဖြင့် အထူးတက်ကြွလ် လန်းနေသည်။ ယခင်နေ့များနှင့်မတူ။ ထူးမခြားနားသည့် အထူးကားစီးလ ပြီး ထူးသွားကာ ရှူးကာနီးပြီဟု ထင်မြင်စရာ ကောင်းနေသည်။

"ပျော်သည် xxx ပျော်သည် xxx ချိန်းတဲ့နေ့မှာ ပျော်ရသည် xx စနေနေ့ည xxx ကိုးနာရီ xxx ပဲခူးနာရီ xxx နိုးပါသည် xxx"

"ဟဲ့အကောင် ... ဘာဖြစ်နေတာလဲ အူမြူးနေပါလား"

သောင်းကျော်က မှုမမှန်သော သူ့ရိုးသေးလှုပ်ပြီးတိုက်လိုဖော်ဖြင့် သဘ ပြုကာ မေးလိုက်သည်။

"ပြိတ္တာတို့သွားရည် မြေပေါ်ကို မယိုကောင်းဘူးနော်၊ ဘာလဲ ဘာချိ တာလဲ သေမင်းနဲ့လား၊ ရွှေရွှဝံနဲ့လား၊ ဒါမှမဟုတ် အကြွေးရှင်ကို မရှိမဲ့အချိ မှာရွေးပြီး ချိန်းထားမိလို့ လွှတ်ပျော်နေတာလား"

"ဟား ဟား ... ပျော်သပေါ့ဗျာ၊ ကြွေးရှင်ကိုရှောင်နိုင်တာထ တောင် အဆတစ်ရာလောက် ပိုပျော်မိသေးတယ်၊ ချစ်သူလေးနဲ့ ချစ်ခွင့်ရ အရေးမို့ မပျော်ဘယ်သူရှိမလဲ၊ ခင်ဗျားတို့သာဆို ဝက်လိုမြူးပြီး အမြီးနှံ လောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းအောင်နှင့် သောင်းကျော် အတွေးထဲမှာ ကြည်ပြာဖြိုးရဲ့ ပြုံးဟန်မူရာကျော့လေး ပေါ်လာသည်။ မသထာရေစာ အသပြာရသွားတဲ့ ခွေးခါးပြတာစ်ယောက်ကိုကြည့်သော အကြည့်မျိုးဖြင့် ပေစောင်းစောင်း တုန့်ပြန်ကြည့်ကြပါသည်။ မနာလို တိုရှည် မျက်ဝန်းတွေဆိုပါတော့။ သစ်ပင်မြင့်လို့ လေတိုက်ခံရတာမျိုးမို့ လင်းဇော်အတွက် အပာန့်အတားမဖြစ်သည့်အပြင် အသာစီးယူကာ ပိုမိုပြုံးပျော်နိုင်သေး၏။

ကုမ္ပဏီဝန်ထမ်းတစ်ယောက်ရဲ့ နာရေးကို သွားရောက်အားပေးပြီး ပြန်လာကြခြင်း ဖြစ်သည်။

"နာရေးမှာ အားပေးရတာလဲ သေ့ခြောက်ခြောက်ကြီးနော်"

"ဪ ... နာရေးပါဆိုမှပဲ အိုးစည်ဒိုးပတ်နဲ့ လက်ခုပ်လက်ဝါးတီးလှောင်ပြောင်ပြီး အားပေးတဲ့ ဘောပွဲမှ မဟုတ်တာ"

အရေးထဲမှာ အရာပေါ်ဆိုသလို သောင်းကျော်က နာရေးသွားပြီးလက်ခုပ်တဖြောင်းဖြောင်းတီးကာ ညာတံပေးချင်နေသေး၏။ ဘယ်တော့မှ မနိုင်တဲ့ ဘောလုံးအသင်းအောင်ဖျာလိပ်ပွဲကို သွားအားပေးရန် စေလွှတ်ဖို့ကောင်းတော့သည်။ အိမ်ပြန်နောက်ကျလှသဖြင့် ညဥ့်အချိန်မတော် ဖြစ်နေသည်။ လင်းဇော်ထက် အိမ်မှာပင် အားလုံးစုအိပ်ကြရန် ဆုံးဖြတ်မိသည်။ ရပ်ကွက်ထိပ်ရောက်လာတော့ လူခြေအတော်တိတ်ပြီး ငြိမ်သက်နေသည်။

လမ်းထိပ်ဆိုက်ကားဂိတ်မှ ဆိုက်ကားပေါ် အိပ်ပျော်နေသော ဆိုက်ကားသမားကို နှိုးလိုက်သည်။

"ဗျို့ ဆရာကြီး ... ထပါဦးဗျ၊ ဥက္ကာလမ်းထဲလိုက်ပို့ဦး"

"ဟွန်း ... ဟဲ ... "

အတော်အအိပ်ဆတ်ပြီး နှိုးကြားပုံရသော ဆိုက်ကဲ့ဒိုးဒရိုင်ဘာက အသံခြွေတာသောအားဖြင့် ညည်းညူသံ နှစ်ချက်ပေးကာ ပြန်အိပ်သည်။

"ဟေ့လူ ... ထဦးလေဗျာ၊ ဥက္ကာလမ်းသွားမယ်၊ ဟာဗျာ ...

---



www.burmeseclassic.com

www.burmeseclassic.com



ဒီလူတော့ အတော်ကြီးပွားတိုးတက်ဦးတော့မှာပဲ"

ကိုယ်ကို ကိုင်လှုပ်၍နိုးလေမှ ဆိုက်ကားဆရာ အိပ်ချင်မူးတူးဖြင့် မြန်ထူးကာ ယောင်တောင်ယမ်းတမ်းဖြင့် ပြန်မေးသည်။

"ဘယ်သွားမလို့လဲ"

"ဥက္ကာလမ်းလေဗျာ၊ သဲကား ကျောက်ကားလမ်း မဟုတ်ဘူး"

"ဟာ ... ဥက္ကံမှာအခြေအနေမကောင်းဘူး၊ မလိုက်ဘူး ... ဆက်အိပ်မယ်"

ဆိုက်ကားဆရာက မျက်လုံးများကို ပွတ်ကာ ပြန်လှဲရန်ပြင်သည်။ သုံးယောက်သား ပြူးပြူးပြာပြာ ဖြစ်ကုန်သည်။

"ဟာ ... ဟေ့လူ၊ ဥက္ကံမဟုတ်ဘူးဗျ၊ ဥက္ကာ ... ဟာ ဒီလူနဲ့တော့"

ဆိုက်ကားဆရာက အဖက်မလုပ်ဘဲ အိပ်ဖို့သာဦးစားပေး မှေးနေတော့သည်။ လမ်းလျှောက်ပြန်ရမှာလဲ ဝေးသေးသည်။ ရပ်ကွက်ချောင်ထဲဝင်နေသည်။ ပြီးတော့ ဟိုလမ်းက ညဘက်ဆိုလျှင် သရဲတစ္ဆေကြမ်းသည်ဟု နာမည်ကြီးလှသည်။

သုံးယောက်သား ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ဘာဆက်လုပ်ရမှန်းမသိပေ။ ကားမရှိတော့သဖြင့် လင်းဖော်ဟို့အိမ်လိုက်ပြီး အိပ်ပါမှ အဆင်ပြေဖြစ်နေသည်။

"နေစမ်းပါဦး ဥက္ကံမှာ အခြေအနေမကောင်းရအောင် ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမလဲ၊ ဥက္ကံမှာ အုတ်ကန်ပေါက်လို့ ရေမရှိတာဘဲနေမှာပေါ့"

တစ်ယောက်နဲ့တစ်ယောက် ထင်ကြေးပေးကာ စိတ်ထဲပေါ်လာသမျှ ခေါက်တတ်ကရသာ ပြောနေမိတော့သည်။

"ကဲ ... မထူးဘူး၊ ဒီဆိုက်ကားဆရာကို ဇရပ်ထဲပွေ့ချခဲ့ပြီး ဆိုက်ကားကို ကိုယ်တိုင်နင်းမယ် ... ဒါမှ အိမ်ပြန်ရောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဆရာက သူအမြန်အိပ်ရဖို့အရေး သူတို့သုံးယောက်ကို အိပ်စက်ဖို့ အခွင့်အရေး ပိတ်ပင်နေတော့လည်း ဘယ်တရားပါ့မလဲ၊ ပြောပြောဆိုဆိုဖြင့် လင်းဇော်က ကောက်ပွေ့သည်။ သောင်းကျော်က ခြေနှစ်ချောင်းကို မသည်၊ ကြွရုံသာရှိသေး။ ဆိုက်ကားသမား ပြူးပြူးပြာပြာဖြင့် အော်လေသည်။

"ဟာ ... ဟော့လူတွေ ပို့မယ် ပို့ပေးမယ် ... ဒီလိုတော့ ဆိုက်ကားနဲ့လူ လင်မယား၊ ကွာရှင်းခန်းမလုပ်လိုက်ပါနဲ့၊ အုံနာကြေးတောင် အနိုင်နိုင် ဆိုက်ကားတစ်စီးလုံး မလျော်နိုင်ဘူးဗျ"

"ဒါဆိုလဲ နင်းပေါ့ ... အုံနာကြေးဖြင့်မရဘဲ ဆိုက်ကားပေါ်လာအိပ်နေတယ်၊ နင်းဖို့ဟာကို မနင်းဘူး။ နင်းရမယ့်ဆိုက်ကားပေါ်မှာ အိပ်နေတာများ သိုးလို့ ... အုံ့ဩပ"

မင်းမင်းအောင် အိပ်ချင်မူးတူး ပေမှေးမှေးဖြင့် ဗျစ်တောက်ဗျစ်တောက် ရေရွတ်ကာ ဆိုက်ကားပေါ်တက်ထိုင်သည်။ ဆိုက်ကားဆရာက မျက်နှာငုံ ပုဆိုးနှင့် ကောက်ပွတ်ပြီးနောက် အသင့်နင်းရန် ဟန်ပြင်လိုက်သည်။ သောင်းကျော်က နောက်ဆုံမှာထိုင်ပြီး လင်းဇော်ထက်က ဆိုက်ကားသမားနောက်အား ခုံ (ကယ်ရီယာခုံ)မှာ ထိုင်လိုက်သည်။

"အချိန်မရှိ အခါမရှိလာပြီး အိပ်ရေးပျက်တယ်၊ စောစောစီးစီး လာခဲ့ ကာရာအိုကေသွားပြီး ပန်းကုံးစွပ်လို့ရလောက်ပြီ၊ အခုမှလာတော့ ဘာသွားရှာ မလဲ၊ ဝူး ... အိပ်ပျက် စားပျက်၊ တယ်ခက်တဲ့လူတွေ ... "

ဆိုက်ကားသမားက ပွစိပွစိရေရွတ်ကာ မျက်လုံးနှစ်လုံး မဖွင့်ဘဲ မှေး မလည် နင်းလေသည်။

"ဟော့လူ ဥက္ကာလမ်းက အနောက်မှာလေ"

"သိပါတယ် လျှာမရှည်နဲ့၊ နောက်ပြန်လှည့်မလို့ အရှိန်ယူနေတာ"

အောက်ကလည်းနေသေး လေလည်းမလျှော့သေးဆိုတာလို ဆိုက်ကားသမားကတော့ သိပ်မလွယ်လှ။ ပိုက်ဆံရမည့်အလုပ်ကို အိပ်ရေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကောင်းခြင်း မအိပ်ရသဖြင့် မကျေမချမ်းတွေဖြစ်ကာ ရေရွတ်နေသည်။ သူ့ရည်မှန်းချက်ကလဲကြီးသပ။ စောစောသာ ပြန်ရောက်လို့ သူ့ဆိုက်ကားစီးမိခင် ကာရာအိုကေမယ်ကို ပန်းကုံးစွပ်ဖို့ ပန်းကုံးဖိုး ထည့်ဝင်စိုက်ထူပေးရာ ကျပေလိမ့်မည်။ မင်းမင်းအောင်ပင် အိပ်ချင်ပေမဲ့နေသော မျက်လုံးများပြူးအစ်ထွက်ကာ သောင်းကျော် ကြက်သီးတဖြန်းဖြန်းထ၍ ဆံပင်တွေ ထောင်ကုန်လေသည်။ ဆိုက်ကားဆရာက မျက်လုံးမဖွင့်ဘဲ နင်းလိုက်မှကိုး။

“ဟေ့လူ အိပ်ချင်လည်း နောက်ကျောမှာ လာမှီထိုင်ဗျာ၊ ကျုပ်နင်းမယ်”

“ကောင်းသားပဲ ဒီလိုအလိုက်သိမှပေါ့”

အချိန်မရှိ အခါမရှိ ဂိတ်မှာလူစောင့်ရင်း အိပ်နေသော ဆိုက်ကားသမားကို နှိုးရသဖြင့် သူတို့အလွန်ဖြစ်နေပြန်သည်။ မြန်မြန်အိမ်ပြန်ရောက်ပြီး အိပ်ရဖို့အရေးသာ အဓိကဖြစ်သည်။ ထို့ကြောင့် ချော့မော့ပြီး ဆိုက်ကားကို ခေါ်လာကာ ကိုယ်တိုင်နင်း၍ အိမ်ပြန်လာရသည်။

ကြည်ပြာလေးသာတွေ့လို့ကတော့ ရင်ကျိုးတော့မှာပဲ။ ဟိုဝက်နှစ်ကောင် ကိုယ်ခန္ဓာကြီးများအပြင် အကောင်ကြီးပြီး အချိန်မစီးသော ဆိုက်ကားဆရာကြီးသုံးယောက်ပေါင်းများတောင် တင်နင်းရရှာသော လူနံပိန်ကွဲချိလိန်လေး သူ့ကိုမြင်ရုံနဲ့ ရင်တုန်သွားနိုင်သည်။ သနားကရုဏာသက်ပြီး မျက်ရည်လည်း ဘူးသီးလုံးလောက် ကျသွားနိုင်သည်။ ခြေသလုံးစမုတ်တိုင်နှင့် အင်အင်ချက်မတတ် နင်းကာ ချွေးပြန်နေသည်။ လမ်းထဲကိုဝင်လာတော့ လျှပ်စစ်သည်အပြင် မီးတိုင်မှာ မီးချောင်းမရှိ၍ မည်းမှောင်နေသည်။

ထင်ရာမြင်ရာ ဆိုက်ကားလက်ကိုင်ဦးတည့်ရာ မှောင်မည်းမည်းထဲ ခင်းချုပ်လိုက်သည်။

“ဝုန်း ... ”

“ဂလုန်း ... ဂျုံး ... ဂျိမ်း ... ”



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်ကလွဲပြီး အကုန်မြည်သော ဆိုက်ကားအိုကြီး ကတ္တရာလမ်း အကောင်းစား၏ လပြည့်ဝန်းမျက်နှာချိုင့်ထဲကျကာ သံစုံမြည်သွားသည်။ ဆိုက်ကားဦးတည်ချက် ပြောင်းသွားသည်။

"ဘုရား ... ဘုရား ... အတိတ်မြေကို ပြန်သတိရအောင် တူးနေပြန်ပြီ"

ခဲမှန်ဖူးတဲ့ စာသူငယ်လို စက်ဘီးအမှတ်တရ ဒဏ်ရာနှင့်ဒန်သွားသုံးချောင်း လက်ဆောင်ရခဲ့ဖူးသော သောင်းကျော်က ညည်းညူလို့မှမဆုံးခင် ဆိုက်ကားမှာ လမ်းချော်၍ မြောင်းနှုတ်ခမ်းသို့ ဝှမ်းဆိုက်လေသည်။

"ဝုန်း"

ဦးစိုက်ဖင်ထောင် ဆိုက်ကားကြီး ရေမြောင်းထဲ ဒိုင်ဗင်ပစ်သွားသည်။ အမြန်ခုန်ရှောင်ထွက်ကာ လွတ်ရာသို့ ရှောင်မိရှောင်ရာ ရုန်းလိုက်သော လင်းဖော်ထက် မြောင်းနှုတ်ခမ်းအစပ် ဘောင်ပေါ်ကျ၍ အီစလံ ဝေသွားသည်။

"ဖူးဖရှူးဖူး ... ဖူး ဖူး ဖူး ..."

ရွှေပြည်နန်းသည်းခြေကြိုက် မင်းမင်းအောင်တစ်ယောက် မြောင်းပုပ်ထဲမှ သနပ်ခါးအစစ် ရွှံ့ပြည်နန်းများ ပေကျံသွားသည်။

"သောက်ခွေး ငါဘယ်လို သဘော်ပေါ်ရောက် ... "

မြောင်းထဲမှာ ပက်လက်ယက်ကန်ယက်ကန် ရေကူးရင်း သောင်းကျော် ညည်းတွားလေသည်။ ဟိုဆရာ ဆိုက်ကားသမား ကယ်ရီယာခုံပေါ်မှာ ငိုက်မျဉ်းရာက ဘေးတစ်စောင်းကျ၍ လမ်းအစပ်မြောင်းနှုတ်ခမ်းမှာ ခွေခွေကလေး ဖြစ်နေသည်။

"မွေးမေလေ့ အုံနာကြေးမရဘဲ အုံပါကြေးတော့ ထိပေါက်ပြီ"

ဆိုက်ကားပြင်ဆင်စရိတ်ကတော့ သူ့အတွက် ပစ်မလွဲသေချာနေပြီ။ ဆိုက်ကားနင်းသူ အမောင်လင်းဖော်ထက်တစ်ယောက် မြောင်းဘောင်ခါးစောင်းတင်၍ ဖင်ပူးတောင်းထောင်သွားလေပြီ။ ဆိုက်ကားတစ်စီး လှန်



www.burmeseclassic.com

www.burmeseclassic.com



သောက် (သောင်းကျော်နှင့် မင်းမင်းအောင်)မှာ လုံးချာလည်လိုက်၍ မြောင်းထဲ မှာ ပတ်ချာလှည့်နေသည်။

"ဟင်း ... ဘယ့်နှယ့်လုပ်လိုက်တာလဲ"

ဆိုက်ကားဆရာကြီး ဟန်ပင်မဆောင်နိုင်ဘဲ ငိုယိုတော့သည်။ သူ ဘက်ကပြန်တွေးကြည့်တော့ အသည်းနာစရာ။ အချိန်မရွေး အခါမရွေးလာခေါ်၊ သူ့ဆိုက်ကားကိုယူနှင်းကာ မဆန့်မပြဲတက်စီးကြသည်၊ ဖြစ်ပုံများကတော့ ခနော် နီ ခနော်ခနဲ့ ဆိုက်ကားလေး ချောက်ထဲဘီးချော်ကာ ဦးတည်ချက်လွဲပြီး ဝရုန်း သုန်းကားဖြစ်ကုန်သည်။ ဖောက်ထိုးမိုးမျှော်၊ ကျွမ်းထိုးပက် လက် မြင်မကောင်း ရှုမကောင်းပင်။

အိမ်ပြန်ရောက်တော့ အမေက မင်းမင်းအောင်၏ သွားဖြဲကြီးကိုမြင် ရာ မေ့လဲသွားသည်။

"ဟမ်မလေး ... ဝက်ပေါ်သရဲ ... "

အမေ့ကို နှာနှပ်ယူရသေးသည်။ ဖြစ်ပုံအလုံးစုံကတော့ အတောမသတ် သေး ဆိုက်ကားဆရာကြီးကို လျော်ကြေးပေးပြီး နှစ်သိမ့်တောင်းပန်လိုက်ရသည်။

"တော်ပြီ ... ဒီတစ်သက် စက်ဘီး၊ ဆိုက်ကား လုံးဝမစီးဘူး။ မလွဲ ရင် လမ်းပဲလျှောက်တော့မယ်"

သောင်းကျော် မချိတင်ဘဲ ရှေ့ရွတ်သဖြင့် ရယ်ချင်မိလိုက်သည်။ ခေါ်မိုး နီး အဝတ်အစားလဲပြီးသောအခါ နံရံမှာထောင်ထားသော စက်ဘီးဘုတ်ပြား ကို လက်ညှိုးထိုးပြမိသည်။

"မနက်ဖြန် လမ်းထိပ်ကို ဒါနဲ့သွားမှာလေ"

"တော် ... တိတ်စမ်း၊ အသေခံလိုက်မယ်၊ ရတယ် ကုန်ကြောင်းပဲ လျှောက်မယ် ... ငါကောင် ဒန်သွား(၃၂)ချောင်းတော့ မစိုက်ပါရစေနဲ့"

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူတို့အားလုံးထဲတွင် လင်းဇော်ထက်က ကြည်ပြာဖြူ၏ သိသိသာသာ အရေးပေးခြင်းကို ခံလာရသည်။

မဖြစ်တော့ဘူး။ မင်းမင်းအောင် ဝင်ပါမှရ တော့မည်။ လင်းဇော်ထက်နှင့် အတွဲများသည့် သူတို့နှစ်ယောက်ဆုံမိချိန်များတွင် ကြည်ပြာ့မျက်နှာ ပြုံးရွှင်လို့ ဆောက်ပိဘိတ်တွေ ဖြာဝေနေတတ်သည်။

လင်း ဇော်ထက်၏ မာယာညွှတ်ကွင်းအတွင်းမှာ ကြည်ပြာတစ်ယောက် သက်ဆင်းနေရပြီဟု မင်းမင်းအောင် ထင်သည်။ လင်းဇော်ထက်၏ ဇာတ်ကြောင်း အမှန်နှင့် သရုပ်သဏ္ဌာန်ကို အချိန်မီ ဖော်ထုတ်အသိပေးရန် ဆုံးဖြတ်လိုက်သည်။

လင်းဇော်ထက် နယ်မှပို့သော ပဲများကို လက်ခံရန် ရွှေပြည်သာရှိ ဂိုဒေါင်သို့ ထွက်သွားစဉ် ကြည်ပြာ့အနားသို့ မင်းမင်းအောင် သွားလိုက်သည်။

"ကြည်ပြာ အခုတလော တော်တော်ပျော်နေပုံရတယ်နော်"

"ဩော် ... ဟုတ်ကဲ့၊ ကိုမင်း သတိထားမိလား၊ အမှန်ပဲ ကျွန်မ ပျော်နေမိတယ်ရှင့်"

"ကြည်ပြာနဲ့ လင်းဇော်တို့ ဘယ်လိုပတ်သက်နေကြလဲ"

စကားဆက်စပ်၍ ရစေရန် မင်းမင်းအောင်က ဆွဲခေါ်မေးစမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

သူတို့အားလုံးထဲတွင် လင်းဇော်ထက်က ကြည်ပြာဖြူ၏ သိသိသာသာ အရေးပေးခြင်းကို ခံလာရသည်။

မဖြစ်တော့ဘူး။ မင်းမင်းအောင် ဝင်ပါမှရ တော့မည်။ လင်းဇော်ထက်နှင့် အတွဲများသည့် သူတို့နှစ်ယောက်ဆုံမိချိန်များတွင် ကြည်ပြာ့မျက်နှာ ပြုံးရွှင်လို့ ကျေနပ်ပီတိတွေ ဖြာဝေနေတတ်သည်။

လင်း ဇော်ထက်၏ မာယာညွှတ်ကွင်းအတွင်းမှာ ကြည်ပြာတစ်ယောက် သက်ဆင်းနေရပြီဟု မင်းမင်းအောင် ထင်သည်။ လင်းဇော်ထက်၏ ဇာတ်ကြောင်း အမှန်နှင့် သရုပ်သဏ္ဌာန်ကို အချိန်မီ ဖော်ထုတ်အသိပေးရန် ဆုံးဖြတ်လိုက်သည်။

လင်းဇော်ထက် နယ်မှပို့သော ပဲများကို လက်ခံရန် ရွှေပြည်သာရှိ ဂိုဒေါင်သို့ ထွက်သွားစဉ် ကြည်ပြာ့အနားသို့ မင်းမင်းအောင် သွားလိုက်သည်။

"ကြည်ပြာ အခုတလော တော်တော်ပျော်နေပုံရတယ်နော်"

"ဩော် ... ဟုတ်ကဲ့၊ ကိုမင်း သတိထားမိလား၊ အမှန်ပဲ ကျွန်မ ပျော်နေမိတယ်ရှင့်"

"ကြည်ပြာနဲ့ လင်းဇော်တို့ ဘယ်လိုပတ်သက်နေကြလဲ"

စကားဆက်စပ်၍ ရစေရန် မင်းမင်းအောင်က ဆွဲခေါ်မေးစမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြည်ပြာ မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး အေးအေးလူလူပင် ပြန်မေး သည်။

"ဘယ်လိုထင်လို့လဲ ... ရုံးသူရုံးသားအချင်းချင်းပဲမို့ အလုပ်နဲ့ ဆက်စပ်ပြီး ပြောဆိုဖြစ်ကြတာပါ"

မင်းမင်းအောင် မျက်လုံးအရောင် ဖြတ်ခနဲလက်၍ ဝမ်းတွင်းကြိတ်ကာ အူမြူးသွားလေသည်။ အူမြူးမြူးနှင့် မြူးမြူးကလေး အူချင်စိတ်ပင်ပေါက်သွား လေတော့သည်။

"ဟိုလေ ... ကြည်ပြာ့အတွက် အနှောင့်အယှက်မရှိဘူးဆိုရင် ကျွန်တော် စကားလေးနည်းနည်းလောက် ပြောချင်ပါတယ်"

"ဘာလဲ ... ဘာပြောမလို့လဲ၊ တစ်ရုံးထဲသားချင်း ညှိနှိုင်းတိုင်ပင် ရမယ်၊ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ နားလည်ပါတယ်၊ ခင်မင်စည်းလုံးမှု ရှိစွာ ပွင့်ပွင့်လင်းလင်းပြောလို့ရတာပဲ၊ ဘာလဲပြောကြည့်လေ"

သူမက သူ့အကြံကို ရိပ်မိပုံမရဘဲ ပေါ့ပေါ့ပါးပါး ခွင့်ပြုလေသည်။ သူမ၏ နဖူးပြင်ဆီ တည့်တည့်စိုက်ကြည့်၍ သူစကားဆိုလိုက်သည်။

"ကျွန်တော် ကြည်ပြာ့ကို ကမ္ဘာပေါ်မှာ လူသားတိုင်းကြုံရတဲ့အခါ ပြောကြရတဲ့ မလွှဲမရှောင်သာ စကားပြောချင်တာပါ"

ကြည်ပြာက သူ၏စကားအဆန်းကြောင့် မျက်မှောင်ကျုံ့ကာ ပြန်ကြည့် သည်။ ထင်ထားသလို မဟုတ်သောစကားအသွားအလာကို ချိုင့်သုံးသပ်နေပြီး သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ထို့အတွက် ... ဒူးတုန်၊ လက်တုန်နေသည့်ကြားထဲ နှလုံးအသည်းစိုင် တုန်ယင်စွာဖြင့် သူဖွင့်ဟလိုက်ပါသည်။

"အဲဒီစကားကတော့ ကြည်ပြာ့ကိုချစ်တယ်ဆိုတဲ့ စကားပါပဲ ... ကျွန်တော့်ကို ချစ်ခွင့်ပေးပါတော့လို့ တောင်းဆိုပါရစေ"

"ဟိုးထား ဆရာကြီး ... လက်စသတ်တော့ ရှင်က ရည်းစားစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာကို။ ဟင်းဟင်း ... ''

ကြည်ပြာက လက်ကာပြီး သွေးအေးစွာတည်တည်ငြိမ်ငြိမ် တုန့်ပြန်သည်။ မျှော်လင့်ထားပြီးသားမို့ မမျှော်လင့်တော့သည့် ချစ်စကား ကြိုက်စကားကြင်နာတဲ့စကား ဖြစ်လို့နေသည်။

''ကျွန်မမှာ ချစ်ခွင့်ပန်ထားတဲ့သူရှိတယ်၊ ရှင် ဒီစကားကို မပြောခင်ကတည်းက လင်းဇော်ထက်က ကျွန်မကို ပြောထားပြီးပြီရှင့်''

မင်းမင်းအောင် စိတ်ထဲမှ လင်းဇော်ကို ကျိန်ဆဲပြီး နှာတရှုံ့ရှုံ့မှုတ်ထုတ်မိလေတော့သည်။

''ဟုတ်လား ... ဒါဖြင့်ရင် လင်းဇော်အပေါ်မှာကော ကြည်ပြာဘယ်လိုသဘောထားမလဲ''

''ကိုလင်းဇော်က ထွေထွေထူးထူး ငြင်းစရာမတွေ့ပါဘူး၊ ဒါပေမဲ့ကျွန်မ သူ့အကြောင်း ဘာမှမသိရသေးလို့ စုံစမ်းရဦးမယ်''

''စုံစမ်းပါ ကြည်ပြာရယ် ... ကြည်ပြာ စူးစမ်းရလွယ်ကူအောင်ထောက်အပံ့လဲဖြစ်ရအောင် ကျွန်တော် တစ်ခုပြောပြပါ့မယ်၊ ဘယ်သူမှမသိအောင် သိုဝှက်ထားတဲ့ သူ့ရဲ့အကြောင်းဆိုးတစ်ခု ရှိတယ်''

''ဘာများပါလိမ့်''

လက်ကလေးနှစ်ဖက်ကို လိမ်ယှက် ပွတ်သပ်လိုက်ပြီး သူမက ပြန်မေးသည်။

''လင်းဇော်က တကယ်တော့ ရည်းစားကို ထည်လဲတွဲတတ်တဲ့လူပဲ။ ကျွန်တော် အခု အလုပ်တစ်ဖက်နဲ့ တက်နေတဲ့ သင်တန်းက ကောင်မလေးနဲ့ သူနဲ့ ကြိုက်နေတာဗျ''

''ဘာ ... ဘယ် ... ဘယ်လို''

ကြည်ပြာ မျက်လုံးအဝိုင်းသားဖြင့် မျက်နှာထားတည်ကာ ပြန်မေးသည်။ သူ့စကားကို နားမရှင်းဟန်ဖြင့် ဂဃနဏသိရှိရန် စူးစမ်းအကဲခတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

"ဟုတ်တယ် ကြည်ပြာ ... အဲဒီကောင်မလေးနာမည်က အိန္ဒြေပွင့်တဲ့လေ"

"ကိုမင်းပြောတာ အမှန်ပဲလား"

"ကျွန်တော့်မျက်လုံးနဲ့ တပ်အပ်မြင်တာပါဗျာ၊ မယုံရင် သောင်းကျော်ကို မေးကြည့်၊ မဖြစ်သင့်မဖြစ်အပ်တာ ဖြစ်မှာစိုးလို့ ပြောတာပါယုံပါဗျာ"

ကြည်ပြာ မှင်သက်မိကာ ခုံအစွန်းလေးကို ငေးမောသွားသည်။ ဖျတ်လတ်တက်ကြွမှုအားလုံး ရပ်ဆိုင်းရပ်တန့်ကာ တွေဝေငေးမောသွားသည်။

နှစ်ကျပ်ကွက်တော့ ရှိက်နိုင်ခဲ့ချေပြီ။ ငယ်ကျိုးငယ်နာ ဖော်ထုတ်လိုက်ပြီး ကျေနပ်စွာ မိမိအလုပ်စားပွဲဆီ သူပြန်လာခဲ့သည်။

အပင်အောက်ရောက်တာ ဘယ်လောက်ပဲစောစော အပွင့်ကြွေချိန်ကတော့ အတူတူပဲ ဖြစ်ရပေမပေါ့။ လင်းဇော်ထက်၏ ဇာတိအမှန်ကို သိပြီးနောက် သူ့ဘက်မြားဦးက လှည့်လာပေတော့မည်။ ဒီယုန်မြင်လို့ ဒီချုံထွင်လိုက်ပါသည်။

✣ ✣ ✣

ကြည်ပြာ့မျက်နှာ အချိုးတစ်မျိုးပြောင်းသွားသည်။ အရင်လို သူနှင့်ခုံမိတိုင်း၊ မျက်နှာချင်းဆိုင်လိုက်တိုင်း အရယ်အပြုံး သိပ်မရှိတော့ဘဲ တည်ကြည်သွားသည်။

သူမဘက်က အဖြေပေးမယ့်ရက် နီးလာလို့ ကျွန်ုပ်ဆည်က ထိန်းသိမ်းနေခြင်းပင် ဖြစ်မည်ဟု လင်းဇော်ထက် တွေးထင်မိသည်။ ကြည်ပြာ မျက်ဝန်းထဲမှာတော့ ချစ်ရည်ရွှန်းလဲ့သော အရိပ်အယောင်တွေ မြင်နေရသည်။

သူမထံမှ ချစ်အဖြေစကား မကြားရမချင်းကတော့ ရင်တမမ ဖြစ်နေပါတော့သည်။





ချိန်းဆိုထားသောနေ့ကို ရောက်သောအခါ ပြိုင်ဟောဝန်ပန်းခြံထဲမှ မြက်ခင်းစိမ်းပေါ် သူမ လျှောက်လာသည်။ ဝတ်လေ့ဝတ်ထမရှိသော အစိမ်းရောင်ဝမ်းဆက်ကို ဆင်မြန်းလာသည်။ မထိတ်သာမလန့်သာ ရှိလှစွာပင် မျက်နှာလေးကို အတတ်နိုင်ဆုံး ငယ်ထားကာ အောက်ကျို၍ မဝံ့မရဲငေးမိသည်။

သူမက တည်ငြိမ်စွာပင် အေးစက်စက် အမူအရာဖြင့် ငြိမ်သက်စွာ ထိုင်လိုက်သည်။ နှစ်ယောက်သား ချီတုံချတုံဖြစ်ကာ တိတ်ဆိတ်မှုအတန်ကြာသွားသည်။

သူမထံမှ သက်ပြင်းရှည်ကြီးတစ်ခု လေးတွဲ့စွာ ချပြီးနောက် ချိုသာသော အသံလေးပေါ်ထွက်လာသည်။

"ရှင် ကျွန်မကို ဘာမှမပြောတော့ဘူးလား"

"ပြောမလို့ပါပဲ ... ဘယ်ကစပြောရင် ကောင်းမလဲ စဉ်းစားရင်းနဲ့ အားအစရှာမရ ဖြစ်နေတာ"

သူမက မထိတရိလေးပြုံးပြီး ခနဲ့သလိုလိုပုံစံဖြင့် လှောင်ပြုံးပြုံးပြသည်။ သူ မတွေးရဲဘူး။ သူ စိုးထိတ်လွန်းလှသည်။

"ဒီနေ့ ကျွန်တော့်ကို အဖြေပေးမယ်လို့ ကြည်ပြာ ပြောထားတယ်နော်"

ကတုန်ကယင်လေသံဖြင့် ဖျော့တော့စွာ သူစကားအစဖော်လိုက်သည်။

"ဟုတ်ပါတယ် ... ကိုလင်းဇော်၊ ကျွန်မ အဖြေပေးပါ့မယ်၊ အဲဒီအဖြေကတော့ ..."

လင်းဇော်ထက် မျက်လုံးအစုံမှိတ်ကာ နားစွင့်ထားလိုက်မိသည်။ ကြည်ပြာကတော့ မာကျောသောလေသံဖြင့် မာန်တင်းကာ ဆက်ပြောပါတော့သည်။

"ရှင့်ကို ကျွန်မ လက်မခံနိုင်ဘူး ဆိုတာပါပဲ"

"ဗျာ ... "

လင်းဇော်ထက် ရုတ်ခြည်းဆိုသလိုပင် ယောင်ယမ်းရေရွတ်ကာ အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားသောနေ့ကို ရောက်သောအခါ ပြုံင်ပေဟဝန်ပန်းခြံထဲမှ မြက်ခင်းစိမ်းပေါ် သူမ လျှောက်လာသည်။ ဝတ်လေ့ဝတ်ထမရှိသော အစိမ်းရောင်ဝမ်းဆက်ကို ဆင်မြန်းလာသည်။ မထိတ်သာမလန့်သာ ရှိလှစွာပင် မျက်နှာလေးကို အတတ်နိုင်ဆုံး ငယ်ထားကာ အောက်ကျို့၍ မဝံ့မရဲငေးမိသည်။

သူမက တည်ငြိမ်စွာပင် အေးစက်စက် အမူအရာဖြင့် ငြိမ်သက်စွာ ဆိုင်လိုက်သည်။ နှစ်ယောက်သား ချိုတုံ့ချတုံ့ဖြစ်ကာ တိတ်ဆိတ်မှုအတန်ကြာ သွားသည်။

သူမထံမှ သက်ပြင်းရှည်ကြီးတစ်ခု လေးတွဲ့စွာ ချပြီးနောက် ချိုသာနေသော အသံလေးပေါ်ထွက်လာသည်။

"ရှင် ကျွန်မကို ဘာမှမပြောတော့ဘူးလား"

"ပြောမလို့ပါပဲ ... ဘယ်ကစပြောရင် ကောင်းမလဲ စဉ်းစားရင်းနဲ့ စကားအစရှာမရ ဖြစ်နေတာ"

သူမက မထီတရီလေးပြုံးပြီး ခနဲ့သလိုလိုပုံစံဖြင့် လှောင်ပြုံးပြုံးပြန်သည်။ သူ မတွေးရဲဘူး။ သူ စိုးထိတ်လွန်းလှသည်။

"ဒီနေ့ ကျွန်တော့်ကို အဖြေပေးမယ်လို့ ကြည်ပြာ ပြောထားတယ်နော်"

ကတုန်ကယင်လေသံဖြင့် ဖျော့တော့စွာ သူစကားအစဖော်လိုက်သည်။

"ဟုတ်ပါတယ် ... ကိုလင်းဇော်၊ ကျွန်မ အဖြေပေးပါ့မယ်၊ အဲဒီအဖြေကတော့ ... "

လင်းဇော်ထက် မျက်လုံးအစုံမှိတ်ကာ နားစွင့်ထားလိုက်မိသည်။ ကြည်ပြာကတော့ မာကျောသောလေသံဖြင့် မာန်တင်းကာ ဆက်ပြောပါတော့သည်။

"ရှင့်ကို ကျွန်မ လက်မခံနိုင်ဘူး ဆိုတာပါပဲ"

"ဗျာ ... "

လင်းဇော်ထက် ရုတ်ခြည်းဆိုသလိုပင် ယောင်ယမ်းရေရွတ်ကာ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မဲ့သွားရတော့သည်။

"ရှင့်မှာ ကျွန်မအရင်က ချစ်သူရှိတယ်ဆိုတာ သိပြီးသားပါ၊ ကိုရီးယား စကားပြောသင်တန်းက အိန္ဒြေပွင့်ဆိုတဲ့ တစ်ယောက်လေ"

"ဟာ ... မဟုတ်ဘူး"

သူ အကြောက်အကန် ငြင်းမိလေသည်။ ပြုံးပြာစိတ်ဖြင့် ပူလောင် ခတ်ကာ ရင်ခွင်ပြောင်းဆန်သွားသည်။ ခေါင်းထဲမှာ မှိုင်းဝေမူးမိုက်လာသည်။

"မညာပါနဲ့တော့ ကိုလင်းဇော်"

"အထင်လွဲနေတာ ... အဲဒါ ... "

"ဘာမှ လာပြီး ဖုံးကွယ်မနေပါနဲ့တော့"

သူ့စကားကိုဖြတ်ကာ သူမက ဟိန်းဟောက်၍ လေသံမာဖြင့် တိ ပိုင်းချလိုက်သည်။ သူမ သူ့ကို စွပ်စွဲချက်ပြင်းပြင်းဖြင့် အနိုင်ပိုင်းကာ အမှုန် မှိုင်းတိုက်ချလေတော့သည်။

"လှေနံနှစ်ဖက် နင်းဖို့ ကြိုးစားတာ သိပ်အောက်တန်းကျတာပဲ၊ ရှင်း ကျွန်မ ပြန်ချစ်ဖို့နေနေသာသာ မိန်းကလေးတွေကိုယ်စား မုန်းတောင်မုန်းတယ် သိလား"

စွပ်စွပ်စွဲစွဲ မာထန်စွာ အနိုင်ပိုင်းပြောချပြီး သူမထွက်သွားလေတော့ သည်။ သူက လှမ်းအော်ရင်း လိုက်ဖို့ ကြိုးစားသေးသည်။

"ကြည်ပြာရယ် ... ကျွန်တော် ရှင်းပြပါရစေဦး၊ ကြည်ပြာ ထင် သလို မဟုတ်ပါဘူး၊ တကယ်တော့ ... "

"တော်ပြီ ... ကျွန်မ ရှင့်အသံ မကြားချင်ဘူး၊ ကျွန်မနောက် မလိုက်ခဲ့နဲ့နော်၊ ဒီနေ့ကစပြီး ဘာပတ်သက်မှုမှ မရှိတော့ဘူး"

"မဟုတ်သေးဘူး ကြည်ပြာ ... အိန္ဒြေဆိုတာက ... "

"ရှင် မချစ်ဘဲ ထားရတဲ့ ရည်းစားလို့ပြောဦးမှာမို့လား ... ဒါမျိုး ခပ်ညံ့ညံ့မိန်းမတွေပဲ အယုံလွယ် အညာလွယ်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလေ ရှုပ်လေတွေတော့ ဖြစ်ကုန်ပါပြီ။ သူက ချင်းကပ်လေ သူမက အထိနာအောင် တုံ့ပြန်လေပင်။ သူ့ ခေါင်းကုပ်ကာ ထွေပွနေတော့သည်။

"ရှင် ဒီထက်ပိုပြီး အရှက်မကွဲချင်ရင် ဆက်မလိုက်နဲ့နော်၊ ကျွန်မက စိတ်တိုလာရင် ဘာကိုမှ ဂရုစိုက်တတ်တာ မဟုတ်ဘူး၊ ရှင်ဟာ ကျွန်မရဲ့ စိတ်ကောင်းဖော်မွန်လဲ မဟုတ်ဘူး၊ ရှင်နဲ့အတူဆုံခဲ့တဲ့ ဝန်ထမ်းအဖော်မွန် စိတ်ဆွေ ဘဝတွေလဲ မရှိခဲ့ဘူးလို့ ကျွန်မ မှတ်လိုက်ပြီ"

သွားပြီ။ ပြောလေ ကဲလေ မန်းလေ ပြလေ။ နှလုံးသားအနာရင်း ချက်ကြီးက ညှော်မိပြည်တည်လေပြီ။ ရက်ရက်စက်စ ် ထင်မြင်စွပ်စွဲရက် သည်။ ပစ်ပစ်ခါခါပြောကာ ချန်ထားပြီး ထွက်သွားခဲ့သ ည်။

အားအင်ဖျော့တော့ ချိနဲ့စွာ ပူဆွေးဝမ်းနည်းမှုက တုပ်ကွေးလို ကူးစက် ဆင်းရောက်လာသည်။ တန့်နှံ့ တွေးကာ ကျွန်ရစ်ရင်းမှပင် ရင်မချိအောင် နာလှ သည်။

မြတ်မြတ်နိုးနိုး မျှော်လင့်ထားသော ပန်းပွင့်ကလေး ခူးဆွတ်ရန် လက် လှမ်းကာမှ လေယူရာတိမ်းလို့ ယိမ်းကာ အလှမ်းကွာဝေးရပြီ။

ဆွေးမြေ့လိုက်လောင်မှုကြောင့် ရင်ထဲမှာ လှုပ်ရှားမွေ့ယမ်းပြီး ဂနာ ငြိမ် ဗျာဆူနေသည်။ ဝမ်းနည်းယူကျုံးမရခြင်းကြောင့်ပင် နှလုံးသွေးများ ရက်ရည်အဖြစ် မျက်ဝန်းဆီ ဆို့တက်လာသည်။

တစ်သက်လုံး ဂရုတစိုက် ယုယကာ မလွဲမချော် မတိမ်းမစောင်းအောင် ချပြုလာခဲ့ပြီးမှ သစ်စိမ်းချိုး ချိုးခံရသည်။

နှလုံးသား ကံကြမ္မာ ခေရက်ပုံကြောင့် နေမထိ ထိုင်မသာ တုန်လှုပ် ချောက်ချားရသည်။ သူ့မျက်ဝန်းထဲမှာ ချစ်အရိပ်တွေကို တွေ့မြင်ခဲ့ရပါလျှက်နဲ့ သူ့အချစ်စစ်မှန်လျှက်နဲ့ ပစ်ပစ်ခါခါ ရမယ်ရှာကာ လှည့်စားငြင်းဆိုသည်။

မာကျော စိမ်းကားသော သံယောဇဉ် ယတိပြတ်စကားတို့ကို ဆိုခဲ့ပြီး ထကြွင်သူသည်ကား မကွေကွင်းသင့်ဘဲ နှမြောတသ လွမ်းဆွတ်ကြေကွဲဖွယ်ရာ ကောင်းအောင် ကွေကွင်းစေသည့် နှလုံးသားကို မီးတင်ရှို့သည့် ရှာပန်းအခမ်း



www.burmeseclassic.com

www.burmeseclassic.com



အနား ကျင်းပသွားလေပြီ။

ထိုနေ့က အောင်ပွဲခံရန် အသင့်စောင့်နေသော ဦးတင်မောင်သန်း ဆီပင် မရောက်နိုင်ပေ။ တစ်နေကုန် ခြေဦးတည့်ရာ လျှောက်သွားမိသည်။

ခြေညောင်းလာတော့ အရက်ဆိုင်ဝင်ကာ အရက်တစ်လုံးမှာသည်။ တစ်လုံး ခြောက်ရာတန် ဖေယျဝတီကို အပိုက်ပိုင်ပြီး တက္ကစီကောင်းမှု အထော အပံ့ဖြင့် ဆုံနေကျ ဝိုင်းဆီပြန်လာသည်။

သူ့ကို မျှော်နေသူတွေက မျှော်သောက်သောက်ကြရာ အရက်ကုန်နေ ပြီ။

"ကံကောင်းလို့ ပါးရှစ်စိပ်ကွဲအောင် အရိုက်မခံရတယ်ဗျာ၊ တစ်ထုံး မှာကြအုံး ... ထပ်သောက်မယ်"

ထင်ထားတဲ့အတိုင်း ဖြစ်မလာ၍ အားလုံးသက်မချကာ စိတ်သက်သာ ရာရပြီး ကြိတ်ဝမ်းသာကြပေမည်။ သူ့အသည်းကတော့ ဟက်တက်ကွဲလေပြီ။

"မိန်းမတစ်ယောက်ကြောင့် အရက်သောက်ပြီး မှောက်တဲ့အထဲ ကျုပ်မပါဘူး။ ကိုယ်သောက်ချင်သလိုသောက်မယ်၊ ဘူတူမှ ဂရုမစိုက်ဘူး၊ ဂငယ် တစ်ချောင်းရေကို မစိုက်တာ၊ မမှောက်ဘူး ... အံ့ဖတ်ပဲဆိုမှာ"

ဗလုံးဗထွေး အသိစိတ်ကင်းမဲ့စွာ လျှောက်ပြောမိသည်။ သူ့ကိုကြည့် ပြီး သောင်းကျော် အနည်းငယ် တွန့်သွားရသည်။ ဦးတင်မောင်သန်းကတော့ ခေါင်းကို တငြင်းငြင်းမြည်အောင်ကုပ်ကာ အကြံအိုက်၍ အီစိမ့်နေတော့သည်။

မင်းမင်းအဖို့ရာတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ခဲ့ပြီမို့ လူရောစိတ်ပါ ကြည်နူးပြီး ထမကာမိအောင် မနည်းထိန်းနေရသည်။

လင်းဇော်ထက်မှာ လွတ်ထွက်သွားအောင် ဒေါင်ချာစိုင်းမူးပြီး အမူ ဒဏ်မခံနိုင်တော့သည့် ခေါင်းကြီးစားပွဲပေါ်သို့ 'ဒုန်း'ဆို မြည်သံပေးကာ ထိုးမှောက် သွားတော့သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

န်း (၁၅)

သောင်းကျော်ကို ဟိုတယ်မှာလိုက်ပြီး တစ်ခုခုကျွေးချင်လို့ ကြည်ပြာ
ာ အခေါ်တော် ဆင့်လေသည်။

ဟိုလူတွေမပါဘဲ သူတစ်ယောက်တည်း ကွက်ပြီးဖိတ်တော့ ဘာလိုလိုကြီး
သောကျမိပေသပေါ့။

လင်းဖော်ထက်ကို ကြည်ပြာက လှေနံနှစ်ဖက်နင်းသူအဖြစ် သိသွား
င် ပစ်ပစ်ခါခါ ငြင်းပယ်လိုက်သည်။

ပွဲလန့်တုန်း ဖျာခင်းချင်သော အခွင့်ကောင်းယူသည့် မင်းမင်းအောင်
ည်း သူမက ထပ်မံငြင်းဆိုမောင်းထုတ်ကာ ဂျာလကီးရှောင်းလိုက်သည်။
ဲ့ အကြောင်းပြချက်ကတော့ မည်သူ့ကိုမှ မချစ်ရဲတော့သလို၊ ပေးစရာ
တွေလည်း မရှိတော့ကာ ရင်ခွင်တစ်ခုမှ တစ်ခုသို့ မပြောင်းလိုတော့
ဆိုသော အချက်ပင်။

ထိုနှစ်ယောက်လုံး မရှုမလှ ကျဆုံးရချိန်တွင် သူက ကြည်ပြာဖြူ
ပေးခြင်းကို ခံရသည်ဆိုတော့ မပြုံးဘယ်သူရှိပါ တော့မည်နည်း။

သောင်းကျော် ဟိုတယ်သို့ အနောက်တိုင်းဝတ်စုံဖြင့် စတိုင်လ်တင်း
တ်ဆင်၍ သွားခဲ့သည်။ ခရီးရောက်မဆိုက် ကြိုမေးထားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာ နေကောင်းရဲ့လား၊ ကျန်းမာရေးကောင်းပါတယ်နော်"

တစ်ခါသေဖူး ပျည်ဖို့နားလည်စွာ မေးရခြင်းဖြစ်သည်။ မင်းသမီး နေမကောင်းလို့ မကနိုင်ရင် ရေကူးကန်မှာလို ရှေ့ထွက်မင်းသမီး ဖက်တီးနဲ့ကနေရပေတော့မည်။ ကြည်ပြာက ပြုံးစစဖြင့် တစ်ဝက်တစ်ပျက်ရယ်ကာ ပြန်ပြောသည်။

"ကောင်းပါတယ် ... ဒီကအပြန် ကာရာအိုကေဆိုင်သွားကြမယ်လေ၊ ရင်ဖွင့်လိုက်မယ် ... သက်သာသွားအောင်"

"ဟုတ်တာပေါ့ ... ကြည်ပြာ အခုတလော ရင်နဲ့မမျှအောင် ခံစားရတာ တွေ့ကြုံခဲ့ရတာကိုး၊ ကြည်ပြာ့ကို ကိုယ်ချင်းစာမိပါတယ်"

စကားအလှလေးတွေနဲ့ ဖေးမနှစ်သိမ့်ကာ အကြင်နာမီးအိမ်ထွန်းညှိနေသခိုက် ကံကြမ္မာကြိုဟ်ဆိုးဝင်လေပြီ။

"ကြည်ပြာရယ် ... ရှာလိုက်ရတာ မောလို့ ... ဟယ် သောင်းကျော် ... မောင်လေး မတွေ့တာကြာလို့ အသားနည်းနည်းလတ်လာတယ်နော်"

မြွန်းဆို အသံမြကြီးနဲ့ဝင်လာတာက ကျော့ကေသွယ်။

အသားလိုလို့ အရိုးတောင်မရအောင် မိုးမီးလောင်ပါပြီ။ သောင်းကျော်ဆယ်ကမ္ဘာဝေးသည်အထိ မတွေ့ချင် မမြင်ချင်သောသူ။ သူမခန္ဓာကိုယ်ကြီးကြည့်ကာ သိမ်ငယ်ကြောက်ရွံ့တုန်လှုပ်လာ၏။ တစ်ချက်လောက်များ တက်ခံရပြီဆိုရင် မတွေးဝံ့စရာ။ သောင်းကျော် ခန္ဓာကိုယ်အလုံးကြီးမှသည် အပြားကြီးဖြစ်သွားနိုင်သည်။

အားငယ်ကြောက်စိတ်ဖြင့် အားကိုးရလိုရငြား ကျန်နှစ်ကောင်ကိုဖုန်းခလုတ်ကောက်နှိပ်ကာ ခေါ် မိသည်။ မီးသတ်ဌာန ဖုန်းကြီးနှိပ်မိသဖြင့်ပြန်ပြောင်းနှိပ်ရသည်။

အသည်းကွဲ သမား နှစ်ယောက် ဘယ်ဆီသွားမူးနေလဲ မသိသေး



www.burmeseclassic.com

www.burmeseclassic.com



အားကိုးတကြီးခေါ်ကာမှ မရပေ။ ကယောင်ကတမ်းဖြင့် ဘာတွေလုပ်မိမှန်းကို သိတော့။

သူ့အတွက် ဝိတ်တာက သီးသန့်ထည့်ပေးထားသော ပန်းကန်လုံးထဲမှ ဟော့ပေါ့ ဟင်းရည်ကို ကောက်သောက်မိတော့ ငုံးဥကပါလာပြီး ဟင်းရည်နှင့်အတူ လျှာကျက်သွားသည်။

ကမူးရှူးထိုးဖြင့် ဟန်ဆောင်ထိန်းချုပ်ကာ မျိုချလိုက်ပြန်ရာ လည်ချောင်းဝမှာ ငုံးဥတစ်၍ နင်သွားသည်။

ကြည်ပြာနှင့်ကျော့ကေသွယ်တို့ ပြူးတိပြူးကြောင်ဖြင့် နားမလည်နိုင်စွာ ငေးကြည့်မှင်သက်မိနေကြသည်။ မချိုတင်ကဲ ဒုက္ခတွေ အဆင့်မနည်းစွာ တွေ့ကြုံရလေပြီ။

အဆင်တပြေ မရှိလှသောကြောင့် ကြည်ပြာက နေရာပြောင်းရန် အဆိုပြုသည်။

"ကဲ မြန်မြန်စားလိုက်ကြရအောင်၊ ပြီးရင် ကေတီဗွီသွား ဟဲမယ်"

မချောသသော၊ ကြည်ပြာ့အလိုကျ သူမစိတ်ချမ်း သာဖို့ကိုပဲ စတေးခံပြီး လိုက်လျောရတော့မည်။ အဲဆင်မချောသမျှ ဘဝင် သဘောမကျသော်ငြားလည်း ကေတီဗွီသွားဟဲကြရပေလိမ့်မည်။

ကာရာအိုကေခန်းထဲရောက်တော့ မိုက်ခ်ကိုသူ့လက်ထဲ ထိုးထည့်ပေးခြင်း ရမိရရာ တွံတေးသိန်းတန်သီချင်းလေးတစ်ပုဒ် ဟစ်လိုက်ရပြန်သည်။ တစ်ယောက်တည်း လက်ကျန်ကွက်ပြီး ကံကောင်းမည်ဟု အထင်ရှိသော်ငြားလည်း မှန်းချက်နဲ့ နှမ်းထွက်က မကိုက်တော့ပေ။

ကျော့ကေသွယ်တည်းဟူသော နယ်ရုပ်ဖြင့် သူ့ကိုပြန်လည်ခုခံကာ အစစ်ဆင်ခြင်း ခံရတော့သည်။

ကျော့ကေသွယ်က သောင်းကျော်ကို စုံတွဲသီချင်းဆိုဖို့ တောင်းဆိုလာ၏ တေတ်သာဘဲ ဖော်ပိုင်နှင့်ချောစုခင်တို့၏ နှစ်ယောက်တည်းကမ္ဘာ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဆိုပေးလိုက်ရသည်။

ကြည်ပြာက လက်ခုပ်တီးကာ အားပေးရင်း ပေါ့ပါးရွှင် လန်းတက်ကြွ နေသည်။ အရာရာကို မေ့ပျောက်ကာ တွယ်ငြိခြင်း ကင်းမဲ့စွာ လွတ်လပ် ပျော်မြူးနေမယ်ဆိုရင်ပဲ သူကျေနပ်ရပေမည်။ မအီမသာ မှိုင်တွေနေမည့်အစား ချမ်းမြေ့စွာ နှစ်သိမ့်ခံစားနိုင်ခြင်းက ပိုမိုအရေးပါအရာရောက်လိမ့်မည်။

"မင်းရှိခဲ့ရင် ကြည်ကြည်နူးနူးဘဝမှာ ချစ်လို့မဝပါ xxx နှစ်ယော တည်းကမ္ဘာ xxx မင်းရှိခဲ့ရင် xxx ဒါဟာ ပျော်စရာလောကနိဗ္ဗာန် xxx"

ဝသောသူများ အသံကောင်းကြသည်ဆိုတာ ကျော့ကေသွယ်နှင့်အ မှာ သူကောင်းကောင်းကြီး လက်ခံလိုက်ရသည်။ သောင်းကျော်နှင့်သူမ အဆိုကို လိုက်ဖက်သည်ဟု ကြည်ပြာက ချီးကျူးသည်။

ကြည်ပြာကလဲ သူနှင့် သီချင်းတစ်ပုဒ် တွဲဆိုသည်။ "စတော်ဘယ ချစ်သည်းရှင်" ကို ဆိုဖြစ်ကြသည်။ သူမနှင့်တိုင်ပင်မကိုက် တစ်ယော တစ်ပေါက် လွဲချော်စွာ တွဲဆိုရတာကိုပင် သောင်းကျော် ပျော်လိုက်ရ ဆတ်ဆတ်ကို လွန့်လူးနေတော့သည်။

သီချင်းဆိုကောင်းပြီး ဖီလင်တက်ကာ မျောနေစဉ် ဝမ်းဗိုက်အတွ ၌ သေးငယ်သော ဝဲဂယက်တစ်ခုထင်လာသည်။

ထို့နောက် တစ်ဆင့်တိုး၍ လှိုင်းထန်မည့်အခြေအနေ ဖြစ်ပေါ်လာသ ဟိုတယ်မှာ တွယ်လာသော ဟော့ပေါ့နှင့် ကင်းမွန်သုပ်က တန်ခိုးပြလေပြီ

ပြီးနောက် ... ဗိုက်အဆမတန် ရုတ်ချည်းရစ်ကာ အိမ်သာတက်ချင် သည်။ အရေးကောင်းရင် ဒိန်းဒေါင်း ဖျက်ဆိုသလို ဗိုက်ကမကြာခဏ ဒုက္ခပေး သည်။ ဒီဗိုက်ပြဿနာ၊ ဝမ်းမခိုင်ခြင်း ကြောင့်လည်း ဒုက္ခရောက်ပေါင်း များ

သီချင်းဆိုကောင်း၍ ကြိတ်မှတ်ထား သော်လည်း လုံးဝမသက်သ ရစ်ကာသီကာ နာလာသဖြင့် ရှုံ့မဲ့မဲ့ညစ်ကာ ကျုံ့ထားရသည်။ တဖြည်းဖြည် အခြေအနေကပို၍ ပို၍ဆိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရီဝေဝေ ကိုယ့်ခေါင်းထဲမှာ ××× ကြည်ပြာ ခဏလေးနေဦး၊ ကိုယ်
က်ထရိန် သွားလိုက်ဦးမယ်"

"ဟိုးဆရာကြီး ... သီချင်းစာသား ပြောင်းသွားပြီလား"

LED ကြီးကို လက်ညှိုးထိုးကာ ကျော့ကေသွယ်က နောက်ပြောင်
ားဆိုတော့သည်။ သီချင်းဆိုရင်း မတ်တတ် မအီမလည် ရှုမဲ့မဲ့ပြောသံကြီး
က်လာသဖြင့် ကြည်ပြာ အံ့သြသွားသည်။

သောင်းကျော်က ယခင်အခါများ နည်းတူ နောက်ကိုပင် လှည့်မကြည့်
ည့်၍ပြုံးဖြီးမအားဘဲ လိမ်ကျစ် လိမ်ကျစ်ဖြင့် ပြေးရသည်။ အိမ်သာထဲရောက်
ော့ တစ်ခါတည်း စားထားသမျှ အစားအသောက်တွေ ဒရောသောပါး ဝေါခနဲ
ဆင်းပါလေရော။

ဝမ်းပျက်သွားပြန်ပြီ။ သူကလည်း ဝမ်းပျက်တတ်မှန်းသိလျက်နှင့်
သယ်စာကြိုက်တတ်သည်။ ကြည်ပြာကလည်း ပင်လယ်စာရှိသော ဆိုင်မှာပင်
ပြီး နှိပ်စက်တတ်သည်။

အစားအသောက်ကတော့ မှားပြန်ပြီ။ ဗိုက်ကနာလာလိုက်၊ ဆက်ထိုင်
က်၊ သက်သာသွားလိုက်၊ ထွက်ရန်ပြင်ဆင်ရင်း ပြန်နာလာလိုက်နှင့် ဗိုက်
ဘဲ ရစ်တာကို လိုမ့်ပိန့်ခံရလေသည်။

ကေတီဗွီခန်းထဲ ပြန်ဝင်လာသောအခါ ကြည်ပြာ့ကို မတွေ့ရတော့ပေ။
စိတ်ညစ်ကာ ဆူသွားသည်။ သူ့ကို မစောင့်နိုင်၍ ပြန်နှင့်ပြီထင်ပါရဲ့။

ကမ္ဘာအဆုံးထိ မတွေ့ချင် မမြင်ချင်သော ကျော့ကေသွယ်ကတော့
ာင်းကောင်း စိတ်ရှည်ရှည်နှင့် စောင့်နေသည်။

"မောင်လေးသောင်းကျော် ဘာဖြစ်တာလဲ၊ သီချင်းဆိုရင်းတန်းလန်း

"အင်း ... အဲ ... ကြည်ပြာရောဟင်"

"မရှိတော့ဘူး၊ ပြန်သွားပြီ ... တို့နှစ်ယောက်ပဲ ကျန်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



နော်"

ကိုယ့်အနွံရာယ်ကို မလွှယ်ထားနိုင်လို့ သွားစွန့်တာများ.စိတ်ရှည်လက်ရှည် နားလည်မှုရှိရှိ စောင့်ပေးနေတာ ကျောကေသွယ်တစ်ယောက်ပဲရှိသည်။

✣ ✣ ✣

ဆုံနေကျ ဘီယာဆိုင်တွင် လူစုံတက်စုံဝိုင်းဖွဲ့မိကြသည်။ ဦးတင်မောင်သန်းက အရက်ကလေးတမြမြနှင့် ရှင်မြူးတက်ကြွသလောက် မင်းမင်းအောင်က အေးစက်တည်ငြိမ်စွာ ဒဏ်ရာကို ကုစားနေလေသည်။

လင်းဇော်ထက်နှင့် သောင်းကျော်တို့မှာ အထိနာကြရသူများသို့ လဒမှိုင်မှိုင်၍ မျောက်ထိုင်ထိုင်ကာ စိတ်မပါ လက်မပါ မကောင်းတတ်ဟန်ဖြင့် နှစ်ခြိုက်စွာသောက်ကြသည်။

အသည်းကွဲတဲ့ အရသာဟာ ခါးသက်သလောက်၊ အရက်ခွက်ထဲက ချိုမြိန်ပြင်းရှလေသည်။ အချစ်က သူတို့ဘက်မှာ မပါလင့်ကစား ရာသီဥတုက သူတို့ဘက်မှာ သိသိသာသာပါနေသည်။

အားလုံးရင်ထဲမှာတော့ လစ်ဟာသွားကြရတာ အမှန်ပင်။ ဦးတင်မောင်သန်းနှင့်သောင်းကျော် နှစ်ယောက်သာ ဖြေသာရောင့်ရဲဟန်ဖြင့် ခပ်တည်တည် စံပျော်ခံစားနိုင်သည်။ ခြေကုန်လက်ပန်းကျ တောက်လျှောက်ကန်လာခဲ့သော ပွဲသိမ်းခရာတစ်ချက် အမှတ်မှာမှ အရှုံးနှင့် ရင်ဆိုင်ရတော့သည်။

"ဒီလိုဆို ... ငါ့အဖို့ရာ အရှုံးကြီး ရှုံးပြီပေါ့"

မင်းမင်းအောင် တစ်ယောက် ဝမ်းနည်းပက်လက် မချိတင်ကဲဖြစ်ရာ ရေရွှတ်မြည်တမ်းသံက တိုးတိမ်ဖျော့တော့ နစ်မြုပ်သွားသည်။

သောင်းကျော်ကတော့ ကြည်ပြာ့အချစ်ကို မရရှိနိုင်တော့ခြင်းသည် သူနဲ့မထိုက်တန်ခြင်း၊ မအပ်စပ်ခြင်း၊ ကံမကောင်းခြင်းဟုသာ ဖြေတွေးယူဆသည်။ သူ့အဖြစ်က ငါးမရ၍ ရေချိုးပြန်ရသည်နှင့်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက ကေတီဗွီခန်းထဲမှာ ကျော့ကေသွယ်နဲ့ငါ နှစ်ယောက်တည်း ဆိုကြွာ၊ စားပွဲပေါ်မှာလည်း ငါတို့နှစ်ယောက်အတွက် ကြိုတင်မင်္ဂလာလက်ဖွဲ့ ကြိုးကို ကြည်ပြာက ထားသွားလေရဲ့"

ဒါသည်ပင် ကြည်ပြာက မမေးဘဲဖြေ၊ မတောင်းဆိုဘဲ ဆုံးဖြတ်ပေး သွားသည့် ခွင့်ပြုသဘောတူချက် ဆန္ဒဖြစ်နေပေသည်။

"ညီမလေးကိုချစ်ရင် အစ်ကိုနဲ့မမတို့ အိုဇအောင်မင်းအောင် ပေါင်းရ ယ်နော်လို့လဲ ရေးထားသေးတယ် အဟီး ... ဗျစ်"

ကလေးတစ်ယောက်လို ငိုပြောကလေးချွဲချွဲပစ် ဖစ်အတိုင်း အကြော ဆွာပြောရင်းက နှပ်ညှစ်လိုက်သေးသည်။ သနားဂရုဏာ သက်ဖွယ်ထက် ရှုံ့ရှာ အော်ဂလီဆန်ဖွယ်ရာပင် ကောင်းလေစွ။

"ငါလည်း မျက်နှာသာမပေးခဲ့ပေမယ့် ကျော့ကေသွယ်က အကျပ်ကိုင် ပြီး အခွင့်အရေးကို အမိအရ ဆုပ်ကိုင်လိုက်တော့ အညှာလွယ်သွားတာပေါ့"

အခုတော့ သောင်းကျော်က ကြည်ပြာပေးသည့် လက်ဆောင်တော် ဖောင်ဖက်တီးပုပ်ကြီးကို အောင့်သီးအောင့်သက် လက်ခံရတော့မည်။

"ချော်လဲရောထိုင်ပေါ့ကွာ၊ ဘာဖြစ်လဲ ... ဖက်တီးမလဲ ဟိုဟာနဲ့ ... နားကပ်ပါတဲ့ မိန်းမပဲ မဟုတ်လား"

လင်းဇော်ထက်က ကိုယ့်ကိုယ်ကို သတ်သေချင်စိတ်ပေါက်အောင် နှစ် သိမ့်အားပေးရှာပါသည်။

"ရေကန်အသင့် ကြာအသင့် ပန်းဥယျာဉ်ကြီးနဲ့အသင့်ပေါ့ကွာ"

မင်းမင်းအောင်ကလည်း ဝင်လှော်ပြန်သည်။ သူ့ခမျာ အားလုံးပိုင်း ပြောစရာကြီးကိုဖြစ်လို့။

"အမလေး ကယ်တော်မူကြပါဦး ... မောင်လေးတဲ့ ငါ့ကိုခေါ်ပုံက ... "

မတွေ့ချင် မမြင်ချင်သောသူက စန်းပွင့်ကာ ကြည်လာအောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်က နှုတ်စီးခဲ့သည်။

ပန်းပေးရန် ရည်ရွယ်သည်ဟု ပြောမိရုံဖြင့် ဒါကြီးနှင့် ဖူးစာဖက်လာ သည်။ ဒီလိုမှန်းသိရင် ခရစ္စတီးနားလေးကိုပေးမယ့် ပန်းစည်းဟု သူပြောခဲ့ ဖြစ်သည်။

"သူက ရေလာမြောင်းပေး ချဉ်းကပ်မှတော့ ငါက သူ့ရှက်အောင် ငြင်းရက်ပါတော့မလားကွာ"

ထပြေးဖို့ရာ ကြောက်လန့်တကြား သူကြံစည်ခဲ့ပါသေးသည်။ ဘယ် အချိန်ထဲက အချက်ပိုင်ပိုင် စောင့်နေသည်မသိသော ဖက်တီးမက သူ့ခါးသိမ် သိမ်လေးကို သိမ်းကျုံး၍ ဖက်ဆွဲထားခဲ့သည်။

သူ့ခမျာ မလှုပ်သာ မလူးသာ၊ ရုန်းကန်မရ ကားယားကြီးဖြစ်ရတော့ ကာ ဖက်တီးမရဲ့အလိုဆန္ဒကို လိုက်လျောရတော့သည်။

"ပြောသေးတယ် ယောက်ျားဖြစ်ပြီး သတ္တိနည်းလိုက်တာတဲ့ ဈေးကိုင် မနေနဲ့၊ ကေသွယ် အခုအော်လိုက်ရင် ရှင်ဘာဖြစ်မယ်ထင်သလဲတဲ့ကွာ"

တရားကြပါရဲ့လား ရုံးတော်ကြီး။ သူ့ယူကျုံးမရဖြစ်ကာ တစ်ကိုယ် တည်းမော့သောက်သည်။ သူ့အဖြစ်က ရုံးပေါ်ရောက်ရင်တောင် ကိုယ်ထိလက် ရောက်ပြုသူက သူပင်ဖြစ်တော့မည်။

မလှုပ်သာ မလူးသာ သောင်းကျော်က ထိုသို့ သူ့တို့ဝိုင်းမှာအောင်ဆု လိမ့်ကာ အရှုံးဘွဲ့ခံ၍ တစ်လွဲအနိုင်သရဖူ ယူလိုက်နိုင်သည်။ မချစ်သော်လည်း အောင့်ကာနမ်းရတော့မည့် သူ့ကို အားလုံးခွက်မြှောက်ကာ ဂုဏ်ပြုကြသည်။

"ဘာပဲပြောပြော ဖက်ထားလို့မရအောင် လှတာလေးနဲ့ဝေးရပေမယ့် လည်း မင်းမှာက အရှုံးမရှိ ဖက်လုံးကြီးကျန်ပါသေးတယ်ကွာ"

"ဘာအရှုံးမရှိရမှာလဲ နို့ဆီဗူးသုံးလုံးကုန်ကြီးကွ၊ အဲဒါကြီးမိတာ မင်းတို့ ငါ့အစား ဝင်ပြီး ခံကြမလား"

"အယ် ..."

---



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထဲမှာတင် တအိအိတတုန်တုန် ဖက်တီးမကြီးအလိုက်ခံရသဖြင့် မင်းမင်းအောင်နှင့်လင်းဇော်ထက်တို့ ကိုယ်ပြားကြီးများ ပန်းခြံထဲ ပတ်ပြေးနေရတော့သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

ကြည်ပြာဖြူ၏ ငြင်းပယ်မှုကို ခံရစဉ်ကာလ သွေးပူတုန်းမှာ ရှုးရှုး ရှဲရှဲနှင့် ဧရာဝတီ ဆယ်တောင့်ဝါးမိသလို အလူးအလဲ ခံစားခဲ့ရသည်။ မချိတင် ဘဲ ဖြေမဆည်နိုင်ဘဲ အိမ်ထဲက အိမ်ပြင်ပင် မထွက်ချင်လောက်အောင် ပူ လောင်ခဲ့ရသည်။

သိုင်းဝတ္ထုတွေဖတ်ရင်း ခြင်ထောင်ထဲမှမထွက်ဘဲ ဂူအောင်း သိုင်းကျင့်ခဲ့သည်။ မချစ်နိုင်လို့ ငြင်းပယ်ခံရတာထက် စွပ်စွဲပြောဆို အမုန်းပွား ဘာ အချစ်ကို ပုံစံပြောင်းလဲပစ်လိုက်ခြင်းကို ပိုမိုယူကျုံးမရဘဲ လောင်မြိုက် ခံစားရတော့သည်။

ရုံးတွင် ခွင့်တင်ပြီး စိတ်တည်ငြိမ်အေးချမ်းမှုရစေရန် ဘုရားဖူးခရီး ထွက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဘုရားရှင်တော့ မျက်လုံးတော်နောက်ပြီး နားတော်ပူနေတော့မှာပဲ"

မင်းမင်းအောင်က မှတ်ချက်ပေးကာ နောက်တီးနောက်တောက် စကား ဆိုသည်။ လင်းဇော်ထက် မချိသွားဖြဲပင် မရယ်ဘဲ မျက်နှာကြီးအတင်းတည်ကာ အားလုံး၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကိုပဲ မဲပြီး ပြိုင်ဘက်ရန်သူလို့ထင်ကြ၊ သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားကြတယ်နော်၊ ခင်ဗျားတို့ တကယ်ပြိုင်ရမှာက ကျုပ်မဟုတ်ဘူး၊ မန်နေဂျာ ဗျ''

''ဗျာ ... ''

''ဘာ ... ဘယ်လို ... မန်နေဂျာက ကြိုက်ဦးတော့ကွာ၊ ပြိုင်လောက်စရာမှ မဟုတ်တာ''

အထင်တသေး မယုံမရဲ အံ့သြရေရွတ်ပြီး လျှော့တွက်ထားမိကြသည်။

''ဟာကွာ ... ဟုတ်မှဟုတ်ရဲ့လား၊ ငါတို့တောင် ပြင်းပယ်လှည့် ပတ်ခံရတာ လူကြီးခြေကျုံကြီးက ပြိုင်စရာလိုလို့လား''

ပေါက်ပေါက်ရှာရှာ ပြောသည်ဟု အထင်ရှိကြသည်။ ဦးတင်မောင် သန်းကို သူတို့နှစ်ယောက် လျှော့တွက်ထားသည်။

လင်းဇော်ထက် မခိုးမခန့် ရယ်လိုက်ပြီး လက်ဖက်ရည် တစ်ကျိုက် ကောက်မော့လိုက်သည်။ စားပွဲထိုးလေးက ဆေးလိပ်တစ်ပွဲလာချပေးသည် ဆိုင်ထဲမှ ဘာဘူနဲ့အနုဂ္ဂသီချင်းက ပျံ့လွင့်နေသည်။

''မင်းနဲ့ငါ နှစ်ယောက်ပြိုင်ပြီး xxx ကောင်မလေးဆီက ပိုက်ဆံရေး''

''ဟုတ်မယ်မထင်ပါဘူး၊ မင်းအသည်းကွဲပြီး လျှောက်ပြောနေတာ လား၊ သွေးရှူးသွေးတန်းနဲ့ မထင်ရက်စရာ ဟုတ်ရဲ့လားကွာ''

''သိပ်ဟုတ်တာပေါ့ ငါ့ညီတို့ရာ''

''ဟင်''

အသံလာရာ ငဲ့စောင်းငေးမော့ကြည့်ပြီး အားလုံးအထိတ်တလန့် ကာ အံ့သြရသည်။

''ဟာ ... ဆရာ ဦးတင်မောင်သန်း''

မန်နေဂျာက မရို့တရိုပြုံးကာ သူတို့ဝိုင်းမှာ ဝင်ထိုင်လေသည်။ သမားကိုပင် ထောင့်မကျိုးလှစွာ အမြင်ကပ်နေကြပြီး မနာလိုဖြစ်ကြရပြန်သည်

''မင်းတို့အားလုံး အခြေအနေမကောင်းကြတော့မှ ငါလဲ ကြည်



www.burmeseclassic.com

www.burmeseclassic.com



ဆိ ချဉ်းကပ်လိုက်တယ်ကွာ"

"ဟာ ... ဒါဆို ဆရာကံကောင်းသွားပြီပေါ့"

မင်းမင်းအောင်က အားကျသောလေသံဖြင့် ကြည့်ကာမေးသည်။ မြွေ ဦးက မန်နေဂျာဘက် လှည့်သွားတာကိုး။

"ဘယ်ကလာကွာ ..."

သောင်းကျော်၏ အားတက်သရော ဝင်းလက်နေသော မျက်ဝန်းတွေ အရောင်ဖျော့ကာ တောင့်မတ်လာသော ခန္ဓာကိုယ်လည်း ပြန်လည်ကိုင်း၍ နွဲ့နွဲ့ခွေသွားသည်။

မအူမလည်ဖြင့် ဦးတင်မောင်သန်း ပြန်ပြောပြသည်။ ပြောရမှာ ချက်သလိုလိုပုံစံကြီးနှင့် မြင်ပြင်းကပ်ဖွယ်ရာ။

"ငါ့အဖြစ်က ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို နောက်ဆုံးမှာ သမ်းမှားရောက်သွားရတာမျိုးကွ" ပြောရင်း ဈေးကိုင်နေသေးသည်။

သူတို့အဖြစ်က တိုင်ပတ်ကာ ပတ်ချာလည်ရိုက်ပြီး ဝိုင်းကြီးပတ်ပတ် သဝေ ဖြစ်ခဲ့ရသည်။ ရှုံးသွပ်အောင် ချာချာလည်ရချေပြီ။

"မဟုတ်သေးပါဘူး ဆရာကလဲ ကျွန်တော်တို့ကို ငြင်းလိုက်ပြီဆို တော့ ဆရာ့လို ဘောစိတစ်ယောက်ကို ဘဝအတွက်ရည်မျှော်ပြီး လက်တွဲလိုက် မှ မဟုတ်လား"

ဖြစ်ကြောင်းကုန်စင်ကို လင်းဖော်ထက်က ထင်မြင်တွေးဆချက်ဖြင့် ခန့်မှန်းပြောဆိုလိုက်သည်။ မန်နေဂျာက ပိုင်ပိုင်နိုင်နိုင် အဓိပ္ပါယ်တစ်မျိုးဖြင့် သစ်ချက်ပြုံးလိုက်ပြီး အားပါးတရ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ကာ ခေါင်းတ ညိတ်ညိတ်လုပ်နေသေးသည်။

မန်နေဂျာ ပဲများနေပုံကိုကြည့်ကာ သုံးယောက်သား စိတ်ပိန်သွားရ သည်။

"အိုကြီး အိုမ ဗိုက်ရွဲ မျက်နှာပြဲကြီးကိုမှ ရွေးရသလား၊ ကြည့်စမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်'' ဟုပင် စိတ်ထဲမှ ရေရွတ်ကာ မချိတင်ကဲ ဖြစ်ကြရသေးသည်။

သို့သော်လည်း ... ဟန်ပြနေသော မန်နေဂျာမျက်နှာ တဖြည်းဖြည်း တစ်စစ ရှုံ့မဲ့လာသည်။ ပြီးမှ အီလည်လည် ရှုံ့တွပြီး နှပ်တရှုံ့ရှုံ့လုပ်က ညည်းပြတော့သည်။

"ငါ့ကိုလည်း မင်းတို့လို အသည်းကွဲစာရင်းဝင်အဖြစ် နာမည်တို့လိုက် ပါတော့ ကောင်လေးတို့ရာ''

အဖော်တစ်ယောက်တိုးလာသဖြင့် တစ်အားတက်သွားသည့်နှယ် မ ထဲမှာ ပေါ့ပါးလွှင့်ပြယ်စပြုလာသည်။

"တကယ်တော့ ... မင်းတို့ထင်သလို မဟုတ်ပါဘူး ညီလေးတို့ရာ''

ဦးတင်မောင်သန်းက သူတို့နှင့်တန်းတူရည်တူ မျက်နှာငယ်လေး ဝင်ရောနေရာကာ ဖြစ်ကြောင်းကုန်စင် ရှင်းရှာတော့သည်။

"ကြည်ပြာက ငါ့ကိုချိန်းတယ်၊ လိပ်စာတစ်ခုနဲ့ အဲဒီအိမ်မှာ သူရှိမ လာခဲ့ပေါ့တဲ့''

"ဟာ ... ပွတာပဲ ... တစ်ယောက်တည်းလား''

သောင်းကျော်က ထင်တစ်လုံးဖြင့် ဝင်ပြောသဖြင့် စကားအရှိန်မ ရသေးသည်။

"နေစမ်းပါဦး မင်းကလဲ ... စိတ်ကူးမယဉ်စမ်းပါနဲ့''

ယဉ်သမျှဟာ ရှုလောက်အောင် ကြမ်းတမ်းခဲ့ပါသည်။ ဒါကိုပင် အ မရှိ စိတ်အရသာခံပြီး ဇီလင်ဖြစ်ချင်ကြသေးသည်။

"အဲဒါ ငါလည်းသူပေးတဲ့ လိပ်စာအတိုင်းသွားလိုက်တာ၊ ဟိုရော တော့ သူ့အိမ်မဟုတ်ဘဲ အပျိုကြီးမသောင်းပွင့်ရဲ့အိမ် ဖြစ်နေတယ်''

"ဩော် ... ဒီလိုလား''

မသောင်းပွင့်နာမည်ကြားတော့ လင်းဇော်ထက် ဘတ်စ်ကားပေ အဖြစ်ကို တရေးရေးပြန်မြင်ယောင်ပြီး သဘောပေါက်နားလည်စ ပြုသွ



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းစားကြီးဆိုတော့ မမှတ်မိသေးပေ။ ကက်ကက်လန် ဇိဇာကြောင် အပျိုမကြီးနှင့်ကြည်ပြာဖြူတို့ကို စပ်ဆက်တွေးကြည့်မိရာမှ သတိပြုမိခြင်းပင်။ ကြည်ပြာဖြူအကြောင်း သူသိရသလောက် ပြန်လှန်စဉ်းစားကြည့်သောအခါ သောင်းပွင့် ပုံစံကိုပါ ပူးတွဲမြင်ယောင်လာတော့သည်။

သူနဲ့ကြည်ပြာ ဘတ်စ်ကားပေါ်မှာ အမှတ်မထင် စတင်ဆုံတွေ့ကာ ခုန်မွေ့လျော်စဉ်အခါက ထိုအပျိုကြီးလည်း ပါဝင်ပတ်သက်ခဲ့လေသည်ပဲ။

"ငါလည်း ကြည်ပြာဖြူနဲ့မတွေ့ဘဲ အပျိုကြီးမသောင်းပွင့်ကို အလာပ သလာပ စကားပြောမိရာက သူ့အိမ်က ကြောင်ထီးအကြောင်း စိတ်တူကိုယ်တူ ပြောမိပြီး ငြိတွယ်သွားတယ်ဆိုပါတော့ကွာ"

"လက်စသတ်တော့ ဆရာသမားက ဒီလိုအပေးအယူခွင်တည့်သွား တာပေါ့၊ ဆရာနဲ့သောင်းကျော် ရမှတ်တူပါတယ်"

အမှတ်ပြည့် ကြည်ပြာဖြူကို မရပေမယ့် အောင်မှတ်လောက်တော့ သ်စီအဖတ်ဆယ်ပြီး ရလိုက်ကြလေပြီ။ သူတို့နှစ်ယောက်မှာဖြင့် အောင်မှတ် ရဖို့ဝေးလေစွ ရမှတ်သုည ဘဲဥမကွဲသောအဖြစ်နှင့် အရှက်တကွဲအကျိုး ရချေတော့သည်။

"ကြည့်စမ်း ကြည်ပြာ ... ဒီကောင်မလေး တော်တော်မွှေတာပဲ"

"ဟုတ်ပ ... ငါတို့ကို လှလှပပ ကစားပြီး ဖယ်ရှားသွားတာ"

မန်နေဂျာကို အပျိုကြီးမသောင်းပွင့်နှင့် တွဲပေးနိုင်ခဲ့သည်။ သောင်း ကျော်ကိုလည်း ကျော့ကေသွယ်နှင့် ချိတ်ပေးနိုင်ခဲ့သည်။

တကယ့်အကျိုးဆောင် အောင်သွယ်တော်လုပ်ကာ သင့်တင့်လိုက်ဖက် သော စုံတွဲများကို ဖန်တီးပေးခဲ့သည်။

မင်းမင်းအောင်ကို လင်းဇော်အား အကြောင်းပြကာငြင်း၍ လင်းဇော် ကို အိန္ဒြေပွင့်အကြောင်းပြကာ ထပ်မံလှည့်ပတ်၍ငြင်းပယ်ခဲ့သည်။

တွယ်ကပ်နေသော နှလုံးသားအရိုင်းနွယ်ပင်လေးတွေကို ရဲဝံ့ကိုင်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သော သူမက ဖယ်ရှားရှင်းလင်းပစ်နိုင်ခဲ့လေပြီ။

✣ ✣ ✣

မန်နေဂျာနှင့်သောင်းကျော်မှာ ဘာပဲပြောပြော အဖော်စုံသွားကြ ဖြစ်သောကြောင့် ကိုယ်စီအတွဲများနှင့် ဗျာများနေရသည်။ ထိုရောအခါ လင်းဇော်နှင့် မင်းမင်းတို့မှာ ပိုမိုအတွဲမိပေါင်းဖော်မိကြတော့သည်။

ညဘက် စံပြဈေးမှာအတူသောက်၍ ညဥ့်နက်မှထကာ အိမ်ပြန်လာ သည်။ သရဲကြောက်သဖြင့် ရပ်ကွက်ထဲ တစ်ယောက်တည်း မပြန်ရဲသော မင်းမင်းအောင်က လင်းဇော်ထက်တို့အိမ်ကို လိုက်အိပ်သည်။

တစ်ရုံးလုံးက သူတို့နှစ်ယောက်ကို တပူးပူး တတွဲတွဲမြင်ပြီး စားအတူ သွားအတူ၊ လာအတူ၊ အိပ်အတူတူပဲမို့ တစ်မျိုးပင် ထင်မိကြတော့သည်။ ဆန့်ကျင်ဘက်လိင်ကို စိတ်ကုန်ကာ အချင်းချင်း စိတ်ဝင်စားနေသော နောက်ဆုံး ပေါ် အတူနေ လက်ထပ်ခြင်းမျိုးအဖြစ်သာ မြင်မိတော့သည်။

သူတို့နှစ်ယောက်ကို မြင်ပြင်းကပ်လာသဖြင့် စံပြဈေးမှာ ဘိုးတော် ရှုးအား မုန့်ဖိုးပေးကာ ကြည့်ပြာက မေးမြန်းခိုင်းသေးသည်။

"ဟော့ကောင်လေးတွေ ... မင်းတို့နှစ်ယောက်မှာ ဘယ်သူကဂေး"

"နိုးနိုး ... ကျွန်တော်တို့ ဂေးတွေမဟုတ်ပါဘူး"

မင်းမင်းအောင်က ပြုံးတူးပျာတာဖြင့် ပြန်ဖြေရှင်းသည်။ ကျေ သီးအတော်ထသွားပုံရလေသည်။ အကြောင်းသိနေသော လင်းဇော်ထက်က ဘိုးတော်ရှုးကို ပြန်ရစ်လိုက်ပါသည်။

"ကျွန်တော်တို့တော့ မဂေးဘူး၊ ခင်ဗျားကိုပဲ ဝိုင်းဂေးမလို့"

ဟုဆိုကာ နှစ်ယောက်သား ပြေးလိုက်၍ ဘိုးတော်ရှုးနောက်ပိုင်း လက်နှင့်အုပ်ပြီး ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင်ပြေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက တစ်ရေးနိုးပြီးမှ ပြန်အိပ်ရသဖြင့် အိပ်ရာထနောက်ကျသွား…သည်။ မနည်းထယူကာ တစ်ဖက်ခုတင်ကိုကြည့်တော့ ဟိုကောင် မင်းမင်း…အောင် မရှိတော့။

"တကယ့်မိုးအိုးခွက်ပျောက် ဘယ်အချိန်က ထွက်သွားတာပါလိမ့်"

အိမ်မှ ကမန်းကတန်း မျက်နှာသစ်ပြီး ဆိုင်ဘက်ထွက်လာသည်။ …မှာ မရှိရင်လည်း ရုံးပဲရောက်နေလိမ့်မည်။ ဒါမှမဟုတ် မပြောမဆိုနဲ့ သူ့…မ်လာဒုံပြန်သွားတာလည်း ဖြစ်နိုင်လေသည်။ သေချာတာကတော့ ဆိုင်…နေဖို့ ရာခိုင်နှုန်းများသည်။

ဆိုင်ထဲမှာလည်း သူ့ကိုမတွေ့။ မေးစမ်းလို့လဲ မရပေ။ လာတာမတွေ့ဟု… ဆိုင်ရှင်ကို နှုတ်ခမ်းမွှေးမှ ပြန်ပြောသည်။

ဆိုင်ဝ မှာရပ်ပြီး အူကြောင်ကြောင် အမူမပြေ ထွေတေတေ ဖြစ်နေ…ပင် နောက်ကျောမှ အောင်မြင်ခန့်ညားသော နားကလောဖွယ် အသံအော…ကို ကြားရတော့သည်။

"ဆိုင်ဝက အလှူခံပုဂ္ဂိုလ်၊ လူကြီးတွေမရှိဘူး။ ဘေးကို ဖယ်ပါဗျို့…တော့ပါသေးရဲ့ ... ညနေကျမှလာ"

အူကြောင်ကြားကာ ထွေတေတေရီဝေဝေဖြစ်နေတာလေးတွေ မျက်…လက်ကျန်ကောင်းနေတာလေးတွေကို ဆိုင်ဝမှာအနံ့ရှူရင်း ပြန်တက်ကာ…ည်ထလာတာတွေ ပျောက်ကွယ်သွားတော့သည်။

ဆိုင်ဝမှာ မိန့်မိန့်ကြီးပြုံး၍ ဝင်လာသူက မင်းမင်းအောင် ဖြစ်နေ…ပုံစံကတော့ သူ့အကိုင်း အရှိန်မပြေ ရွှဲစောင်းစောင်း ထောင့်မကျိုးပင်။ …နဲ့နွှင်းရောင်ကြီး အိမ် ပြန်လဲပြီး ဖုံးဖိတားသော်ငြား အတော်သောက်ထား…ာ ဖုံးဖိမရ ပေါ်လွင်နေသည်။

ချစ်သူမျက်နှာ လပြည့်ဝန်းပမာ ဝိုင်းစက် ဖောင်းအိဖောသွပ်နေသော…င် ဖြစ်လေသည်။

---

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမျက်ဖန်ကောင်းပြီး သောက်လုံးတော်တော်ကြီးသူ နှစ်ယောက် ရုံးတက်ရဦးမှာမို့ ဆိုင်ကလေးကို မခွဲချင်ဘဲ သံယောဇဉ်ကြီးရှာစွာ ငေးတလှည့် ဆွေးတလှည့်ဖြင့် နောက်ကျောခိုင်းလျှောက်လာရတော့သည်။

လမ်းမှာပဲ မင်းမင်းက သူ့ကို စူးစမ်းသလို တစ်ခုအထူးအဆန်းလှမ်း မေးလာသည်။

"နေစမ်းပါဦး၊ ငါက အစားထိုးစရာ ရည်းစားမရှိလို့ အသည်းကွဲတာ ကွဲသင့်ပါသေးတယ်၊ မင်းက အစားထိုးစရာ နောက်တစ်ယောက်ရှိရက်နဲ့"

"ဘယ်မှာလဲ ... ဘာရှိလို့လဲ"

"မင်းကွာ ... ငါ့ကို လာလျှိုနေပြန်ပြီ၊ ဒီကိစ္စကြောင့် မင်းကိုကြည် ပြာက ငြင်းလိုက်တာလေ၊ တစ်ယောက်ယောက်နဲ့ကွဲလဲ အပိုရှိနေတာပဲကွာ ငါ့လို အသည်းကို အရက်နဲ့စိမ်နေစရာ မလိုပါဘူး"

"ခင်ဗျား ဘာတွေပြောနေတာလဲ ကျုပ်နားမလည်ဘူး၊ ဘယ်မှာရှိလို့ လဲ"

ခါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရည်ဆိုတာကြောင့် မင်းမင်းအောင် က သူလည်းသောက်ရတာငြီးငွေ့လာပြီ၊ လင်းဇော်ကိုလည်း မဆီမဆိုင် မသောက် စေချင်တော့ပေ။

"ဩော် ... မင်းတို့ပြတ်သွားပြီလား၊ ပြန်ဆက်ပေါ့ကွာ၊ မချစ်သေး တဲ့သူကို ချစ်အောင်လုပ်ဖို့သာခက်တာ၊ ချစ်ပြီးသားလူကို မုန်းအောင်လုပ်ဦး မရသလို ပြန်ချစ်အောင် ပို၍ ပို၍ ချစ်အောင်လုပ်ဖို့က လွယ်ပါတယ်ကွာ"

မင်းမင်းက ထင်ရှာမြင်ရာ နှစ်သိမ့်စကားတွေကို အဓိပတိတွေနဲ့ ဖလော်ဆရာကြီးပုံစံနှင့် ဂိုက်ပေးကြမ်းကာပြောသည်။ မြင်ပြင်းလဲကာပ်ကာ နား ရှုပ်လာသူက လင်းဇော်ထက်ပင်။

"နေစမ်းပါဦး ခင်ဗျား ဘယ်သူ့ကိုပြောနေတာလဲ"

"အချစ်ဟောင်းလေကွာ၊ မင်းအချစ်ဟောင်းက ငါတို့စကားပြော





ဉင်တန်းက အိန္ဒြေပွင့် မဟုတ်လား"

"လာပြန်ပြီ ... နောက်တစ်ယောက်" ဟုဆိုကာ စိတ်ပျက်သွား သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ဆင်တန်းက အိခြေပွင့် မဟုတ်လား"

"လာပြန်ပြီ ... နောက်တစ်ယောက်" ဟုဆိုကာ စိတ်ပျက်သွားသည်။

✥ ✥ ✥



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

သူမ ဒေါက်ဖိနပ်အချွန်ဖြင့် အနင်းခံရ၍ နာသွားခဲ့ဖူးသော ခြေခုံလေးကို အမှတ်တရ ပြန်ကြည့်မိသည်။

ရင်ထဲမှာ လစ်ဟာ ခြောက်သွေ့လိုက်တာ။ အခုတလော ရုံးတက်ရတာ အသီးကျန်ဆန်ငြီးငွေ့သလို ခံစားရသည်။ လိုအင်ဆန္ဒတွေ မပြည့်ဝတဲ့ အလုပ်ထဲ ထိုင်နှစ်နေရတာမို့ အလုပ်ခွင်မှာ မပျော်တော့ပေ။

ရုံးဆင်းချိန် ဆိုင်ရောက်မှပဲ သက်တောင့်သက်သာရှိတော့သည်။ ရတာဆိုး လိုတာမရခြင်း သောကပွေလျှက် နေမထိထိုင်မသာ အောင့်သီးအောင့်သက် ဖြစ်နေရလေသည်။ မင်းမင်းအောင်တစ်ယောက်ကတော့ သူ့ကို အတင်းသီးထားသည့် စိတ်ဖြေသိမ့်စရာ စကားတွေနှင့် နှစ်သိမ့်ပါသည်။ သူ ဘယ်လို ချေဖြေနိုင်ပါမည်လဲ။

မန်နေဂျာနှင့်မသောင်းပွင့်တို့က မကြာမီ လက်ထပ်တော့မည်။ မန်နေဂျာလည်း ယခုမှ ပြီးပြည့်စုံသွားသူတစ်ယောက်ပမာ အဖက်ဖက်မှ ရွှင်လန်းနေကြပြီး လျှောက်လည်လိုက်၊ ဟိုသွား၊ ဒီသွား ဗျာများရင်း အမှုတော်ထမ်း ရွက်တော်ပါးလျှက် တိုင်ပတ်နေသည်။

အခုချိန်မှာ စာနာပြီး ဘေးနားတစ်ယောက်မှ ရှိမနေကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အရင်လိုလဲ ရုံးအားရက်မှာ ပန်းခြံတွေဘာတွေ လျှောက်မသွားချင်တော့ပေ။ မြက်ခင်းစိမ်း ပန်းခြံလေးထဲက ပန်းချီကားတစ်ချပ်ရှေ့မှာ သူမနှင့်ဆုံခဲ့ရတာကို ပြန်မြင်ယောင်လေ အသည်းနာကာ မြင်ယောင် လွမ်းဆွေးတိုက်စားလေလေ ဖြစ်လို့နေတော့သည်။

မခံချိမခံသာ အလွမ်းကရင့်ရော်လာသည်။ ရှင်းပြခွင့်တောင် မပေးသော ကြည်ပြာနှမကို အလိုမကျစွာ နမြော်တသရင်း ကြိတ်မှိတ်ကြေကွဲကာ အသည်းလောင်မြိုက် ပူလောင်ကျွမ်းလှပြီ။

ရုံးမှာဆုံနေကျပေမယ့် မျက်နှာလွှဲ အကြည့်လွှဲကာ မဆိုင်သလိုနေကြရတာက ပိုမိုပြီး နေရထိုင်ရ အခက်တွေ့လှသည်။

ရုံးအားရက်တစ်ရက်မှာတော့ လင်းဇော်ထက် အိမ်ထဲကအိမ်ပြင်မထွက်ဘဲ သိုင်းဝတ္ထုဖတ်နေမိသည်။ စွဲဆောင်မှုရှိ၍ ဆက်စပ်အားကောင်းသလောက် စီးမျောမိလေတိုင်း စွတ်ဖတ်နေမိသည်။ တက္ကသိုလ် နေလင်းအောင်နဲ့ နဂါးနိုင်ဓားဝတ္ထုတွဲကြီးကို သဲကြီးမဲကြီး ဖတ်နေခြင်းဖြစ်သည်။

ထမင်းမေ့ ဟင်းမေ့ တစ်ထိုင်တည်း သံမှိုစွဲမြဲနေသည်။ သူ ကြည်ပြာကိုစွဲလမ်းမိသည့် အဖြစ်မျိုးပင်။

"ဟေ့ လင်းဇော်ထက် ....မြင်းပေါ်တက်"

မျက်ကြွယ်ဆရာမကြီးက အော်မေ့ဓားသိုင်း အစွမ်းပြနေချိန်မှာ အမြဲပြုတ်ကျအောင် အနှောင့်အယှက်ဝင်လာသည်။

ကြည်ပြာနှင့် နှစ်ကိုယ်တူ လျှောက်လှမ်းခွင့်ရရန် လက်တစ်ကမ်းအလိုမှာ ဘေးစရွားတစ်ခွန်းကြောင့် အထင် အမြင်လွဲမှားခံရကာ ပြတ်တောက်ဝေးကွာသွားရသလိုပင် ခံစားမိရပြန်သည်။

ဖိလင်ပျက်အောင် သူ့ကိုလာခေါ်နေသူ စာအုပ်ကို လက်ကမချဘဲ ဘယ်သူလဲ သိရအောင် ဂူတန်ခါးသမား အသွင်နှင့် ဖျတ်လတ်စွာ အိမ်ရှေ့ထွက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် မင်းမင်းအောင်ပါလား။

သေချာတာပေါ့။ ဒီငါးမြွေထိုးကောင်ပဲ။ သူနဲ့ကြည်ပြာတို့ကြားကိုလဲ စုံစမ်းမဆင်ခြင်ဘဲ ထင်ရာစွတ်ပြောပြီး တမင်တကာ ဝင်ဖျက်တာ။

"ဆိုင်ကိုသွားမလို့လား၊ မလိုက်ဘူးဗျာ ... စာကောင်းပေကောင်း ဒိုင်းဝတ္ထုကြီးဖတ်နေတုန်းမှာ လာမဖျက်ဆီးနဲ့ ယမကာနဲ့လာမမြူဆွယ်နဲ့ ခင်ဗျား ပြန်တော့ ..."

"ဟေ့ကောင် ... မင်းအိမ်ကို လာချင်လို့လာတာမဟုတ်ဘူး ငါ ဒီနားက အိမ်တစ်အိမ်မှာ တီဗွီတစ်လုံး လာပြင်တာ"

"ပျက်နေတာကို လာပြင်တာလား၊ ပြင်မဲ့ဟာ ပျက်တော့မှာလား"

ခပ်ရွဲ့ရွဲ့စကားဖြင့် အထိနာအောင် ကလိလိုက်သည်။ သူ့တုန်းက နှလုံးသားတစ်ခုလုံး အထိနာအောင် ကလိထားတာ။

"ဟေ့ကောင် ... အာမချောင်နဲ့၊ မင်း ငါနဲ့လိုက်ခဲ့ကွာ၊ ထမင်းစားရမယ်၊ ပုလင်းဝါးရမယ် အချင်းမများရဘူး"

"တကယ်လား ... ဒီမှာဝတ္ထုက ဇာတ်ရှိန်တက်နေတာဗျ၊ ကောင်းခန်းရောက်နေပြီ၊ နဂါးနိုင်စားနဲ့ ကြက်သွန်လှီးတော့မှာ"

စိတ်ပါလက်ပါ ဖြစ်လာအောင် မြူဆွယ်နေသည့် မင်းမင်းအောင်က ခင်တင်တင်ဖြစ်နေသော သူ့ကိုမြင်ပြင်းကတ်လှစွာ နောက်ပြောင်လမ်းကြောင်း ရှာ၍ စိတ်ကိုဆွတော့သည်။

"မလိုက်ချင်လဲနေခဲ့ကွာ ... ရွှေပန်းပွင့်ဖွားဖွားက အဆိပ်အပ်နဲ့ ထိုးတာခံလိုက်ပြီး တစ်ရေးလောက်မေ့လိုက်တော့၊ ငါအတင်းမခေါ်ဘူး"

"အဆိပ်အပ်တောင် ထုတ်ချိန်မရဘူးဗျို့၊ မျက်ကြွယ်က တိမ်လွှာဓါးနဲ့ ခုတ်ချလိုက်ပြီဟ၊ ဒိုးပေတော့ ... နောက်မှဆက်ဖတ်မယ်"

"အဲဒီတိမ်လွှာဓါးပါယူခဲ့ ခရမ်းသီးအခွံနွှာရအောင်"

သူက ဘယ်သွားသွား ဘယ်ခေါ်ခေါ်လိုက်တော့မည့် ဟန်ဖြင့် နား



www.burmeseclassic.com

www.burmeseclassic.com



မယောင်ဘဲ ဆုံးဖြတ်ချက်ခိုင်မာပြတ်သားစွာချပြီး ထွက်လာသည်။ ခေါ်ချင်ခေါ်ဆိုတော့ ဈေးပေါသွားမလားဘဲ။ ခေါ်ချင်ရာတော့ မခေါ်ပေ။ သူခေါ်သွားတာက လင်းဇော်ရဲ့ နှမတစ်ဝမ်းကွဲအိမ်ရှိ တီဗွီတစ်လုံးဆီသို့ ဖြစ်သည်။

✣ ✣ ✣

ပုရွက်ဆိတ်အကောင်ငယ်လေးက သူမလက်ဖျံပေါ် ဘယ်လိုရောက်လာပြီး တက်ကိုက်လိုက်သည်မသိပေ။ စူးခနဲ နာကျင်ပြီး အခံရခက်သောဝေဒနာကို ခံစားရသည်။

တော်သေးတာပေါ့။ ဒီအဆင့်မှာတင် ကိုက်လိုက်ပေလို့သာ။ အသဲကျော်ပြီး လက်ပြတ်ချိုင်းကြား၊ ဟိုကြား ဒီကြားဝင်ကိုက်လျှင် မခက်ပေဘူးလား နာသာခံခက်လှမှာဖြစ်သလို လူရှေ့ သူရှေ့ ပွတ်သပ်ဖယ်ရှားရမှာလည်း ခက်တော်။

ကြည်ပြာဖြူအတွက်တော့ ဘုထနီရဲသွားသည့်လက်ဖျံသားအရေပြားလေးမှ အနာတရ ဒဏ်ရာထက် နှလုံးသားဆီမှ နာကျင်ခြင်းဒဏ်ရာက ပိုနာကျင်လှသည်။

တစ်သက်တာ လက်တွဲဖို့ ရင်ခုန်လှုပ်ရှားမိကာ ဆုံးဖြတ်ရွေးချယ်ထားသူက အမည်းစက်ရှိနေသည်။ လေ့နှံနှစ်ဖက်နင်း၍ ငါးရံ့နှစ်ကောင်တစ်ပြိုင်တည်းဖမ်းသည်။ ချစ်သူ ရည်းစားရှိပါလျှက်နှင့် မျက်နှာများကာ အခြားဘက်လှည့်လည်အရချိုင်သည်။

ကံသီပေလို့ သူ့လက်အတွင်းကျရောက်လုဆဲ အခြေအနေမှာ အချိန်ထိန်းလိုက်နိုင်သည်။

အခုတော့လဲ ပုရွက်ဆိတ်ကလေး ဘာမှမတတ်နိုင်တော့ပေ။ တွန့်လှုပ်ရွရွသွားနေသော ပုရွက်ဆိတ်ကလေးကိုကြည့်ပြီး သူမ သတိပေးလိုက်သ



www.burmeseclassic.com

www.burmeseclassic.com



...ပြောလိုက်သည်။

"အို ... ပုရွက်ဆိတ်ငယ် ဤအရာသည်ကား သင်၏မြေပုံမဟုတ်၊ ...င်ကျင်လည်ကျက်စားရမည့် အရပ်မဟုတ်ပေ"

ပုရွက်ဆိတ်ကို အသာအယာဖွဖွလေး ဖယ်ရှားလိုက်သည်။ ရင်ထဲမှာ ...ည်း မှိုင်းပျဆွတ်ပျံ့လာသည်။ တကယ်ချစ်သင့် ချစ်ထိုက်သူအဖြစ် ယုံကြည် ...ထားသူက အပြစ်မကင်းစင်ဘဲ သိုးရေခြုံတဲ့ ဝံပုလွေအဖြစ်နှင့် သူမဆီ ...က်လာသည်။

ကံတွေဟာ ဒီအထိတော့ လိုက်မကောင်းဖို့ မသင့်ပေ။

အခုဆိုရင် သူမအောင်သွယ်တော် မြှားနတ်မယ်လုပ်ပေးသမျှအားလုံး ...င်ပြေကုန်ကြသည်။ နှလုံးသားရှိသူတိုင်း ကြင်ဖော်ကြင်ဖက်စုံရာနှင့် ဘဝခရီး ...ပြီးပြည့်စုံစွာ လျှောက်လှမ်းစေချင်တာ သူမဆန္ဒအမှန်ပါ။

"စိတ်ကောင်းထားတဲ့ တို့ကို မကောင်းမကာန်းဘဲ ပေးရသလား နတ် ...တာတို့ရယ်"

ဝမ်းနည်းလှိုက်အက် တုန်ရီစွာ သူမငြီးတွားမိသည်။ ချစ်သူနှင့်ကွေ ...ခြင်းကြောင့် စိတ်လှုပ်ရှားမှု ပြင်းထန်ရလေပြီ။

မန်နေဂျာနှင့်မသောင်းပွင့်၊ သောင်းကျော်နှင့် ကျော့ကေသွယ်တို့မှာ ... အိုစကေပြပြီး ကျေနပ်ပီတိဖြင့် ချမ်းမြေ့သွားရလေပြီ။ သူမကိုပင် ...တင် ချစ်ခင်ကြသည်။

မိတ်ဆွေ အပေါင်းအသင်း ပေါ်များလာပေမယ့် ချစ်သူရည်းစားနဲ့ ...က်လို့ကတော့ နှလုံးသားလေးဟာ ကံမွဲလှစွာ မိုးခေါင်တုန်းပင်။

"တူသော အကျိုးသာ ပေးလှည့်ပါ၊ ညီသောရလဒ် လိုအပ်ပါ၏"

အခုတော့ ပုရွက်ဆိတ်နှင့်တူသော သူမနှလုံးသားကို တစ်ဆစ်ဆစ် ...င်အောင် ကိုက်ခဲသည့် လင်းဇော်ကို သူမ ဖယ်ရှားပစ်ခဲ့ပါသည်။

မန်နေဂျာကတော့ သူ့အချစ်ရေး အဆင်ပြေမှုကို သူမထံ မချွင်းမချန်



www.burmeseclassic.com

www.burmeseclassic.com


အားကျစေလို၍ ပြန်ပြောပြသည်။

"အလုပ်ချိန်အတွင်း အလုပ်ရှုပ်နေရင်တောင်မှ မသောင်းပွင့်မျက်နှာ လေးမြင်ယောင်ပြီး တက်ကြွနေမိတာပဲ မြူးကြွစူးရှလို့ပေါ့ ဟေးဟေး ..."

သူ့စကားသူ သဘောကျပြီး မြင်းဆပ်စလူးထသလို ရယ်လိုက်သေး သည်။ ဒီကုမ္ပဏီတော့ တော်တော်တိုးတက်ဦးတော့မှာပဲ။ မန်နေဂျာလုပ်တဲ့သူ ကိုယ်တိုင်က ဒီလောက်ဖွန်ကြောမိနေရင် လက်အောက်ငယ်သား တပည့်ဆိုတာ ဘယ်လောက်မိလိုက်မလဲ။

တကယ့်တကယ်တော့ မှိုင်တွေ အဖော်မဲ့ အထီးကျန်ငြီးငွေ့ခြင်း မဖြစ်ရအောင် မန်နေဂျာ ဖေးမကာ စကားဖြင့် လာရော ပေးခြင်းသာဖြစ်သည်။

"မသောင်းပွင့်လို့ မခေါ်နဲ့လေ၊ အစ်ကိုကြီးကလဲ ... ချစ်ပွင့်လေး လို့ခေါ်မှ ဟိုက သဘောကျမှာပေါ့"

"ဘာချက်ပွင့်လေး ဟုတ်လား ... မိကြည်ပြာ၊ ညည်း အစ်ကိုကြီး ကို ပါးရိုက်ခံရအောင် လုပ်တာလား"

"ချစ်ပွင့်ပါ ချက်ပွင့်မဟုတ်ပါဘူး၊ ဘာလဲ ... မသောင်းပွင့်က ဟိန္ဒူစတန်နီတွေလို ဗိုက်လှုပ်ပြီးတော့ ကလို့လား"

အရေးထဲမှာ နားကြားလွဲလို့ ရယ်နေရသေးသည်။

သောင်းကျော်နှင့်ကျော့ကေသွယ်တို့ကျတော့ ထိုသို့မဟုတ်ပေ။ သောင်း ကျော်က ကေသွယ့်အား နွတ်ခမ်းနှစ်လွှာကို လက်နှစ်ချောင်းထောင်ရ၍ အနမ်း သွားလေးများပေါ်ရုံ ပါးစပ်ဟာပြသည်။ ဒီတော့ ကေသွယ်က မျက်လုံးမျက်ခုံး ပြူးဖြင့် လက်ညှိုးထိုး၍ အော်တော့သည်။

"ဟာ ... သံပါးစပ်ကြီး၊ ဂျိန်းစဘွန်းခေါ်မှဖြစ်မယ်" ဟု ဆိုကာ ဟန်းဖုန်းကို ကောက်နှိပ်သည်။ မချိမချဉ်ပြုံးကာ ကေသွယ့်ကို မနည်းဖျောင်းဖျ တောင်းပန်ယူရသည်။

"ဒန်သွားမှာလဲ အချစ်နဲ့ပါ ကိတ်ဝင်းစလက်သွယ်လေးရယ်၊ ...


www.burmeseclassic.com

www.burmeseclassic.com



ဘွကောင်းတယ်နော် ... ဒန်တွေဝယ်ဒယ်၊ ကြေးတွေဝယ်တယ်၊ ရှိရှိ''

ပျော်လိုက်ကြတဲ့ ချစ်သူစုံတွဲတွေကတော့ အောက်ခြေလွတ်ကာ ပတ်ဝန်းကျင်ကိုလှည့်ပြီး ခလုတ်တိုက်ကြတော့သည်။ အခုနေများ သောင်းကျော်ကို ဘယ်အိမ်ကမှ အိမ်မိုးဖို့ အကူအညီတောင်းရမည် မဟုတ်ပေ။ အိမ်မိုးနေတုန်း အောင်သွယ်လိုက်လာလျှင် ဝမ်းသာအားရ ခုန်ချလောက်သည်။

ရင်ခွင်ထဲက လစ်ဟာလိုအပ်ချက်ကိုတော့ သူတို့က ဘယ်လိုပဲလာနှစ်သိမ့် ဖြေသာအောင်လုပ်ပါစေ၊ အချိန်တန်လျှင် သတိရ နာကျင်ခံစားမိတာ သာ အဖတ်တင်သည်။ ငေးမှိုင်အလိုမကျမှုဖြင့် ဘဝဟာ အချစ်မရှိ အဖော်မဲ့ခြင်းနှင့် လူသားမပီသသည့်နှယ် ခံစားမိစေတော့သည်။

အတွဲညီလှသော ယောက်ျားချင်းစုံတွဲ မင်းမင်းနှင့်လင်းဇော်ကို နယ်သို့ ရုံးလုပ်ကိစ္စဖြင့် လွှတ်လိုက်သည်။ ထိုအချိန်တွင် သူမတို့ရှိရာ ရုံးသို့ ဒီခြေပွင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာသည်။

''မကြည်ပြာကို ကျွန်မ စကားပြောစရာလေး ရှိလို့ပါ''

လင်းဇော်နှင့်ပတ်သက်တာ တစ်ခုခုပဲဖြစ်ရမည်ဆိုတာ သူမတပ်အပ် သိလိုက်ပါသည်။ ကင်းကင်းရှင်းရှင်းဖြစ်အောင် လုပ်ထားတာတောင်မှ လာပြီး ဆက်နွယ်ပတ်သက်နေပြန်သေးသည်။

''ကောင်းပြီလေ ... ပြောကြည့်တာပေါ့''

လေသံမှန်မှန်ဖြင့် တုံ့ပြန်လိုက်ပြီး ကင်န်တင်းသို့ နှစ်ယောက်သား ထည်ထွက်သွားလိုက်ကြသည်။

ကြည်ပြာနှင့် သူမ တစ်နာရီကျော်ကျော် ကြာအောင် စကားပြောခဲ့ သည်ကို ကော်ဖီလာသောက်သော သောင်းကျော်လည်း မြင်တွေ့ သတိပြုမိပေ သည်။ သူမက သူတို့ဘာသာစကားသင်တန်း က အလှဘုရင်မ။

ပြီးတော့ ... လင်းဇော်ထက်နှင့် ပတ်သက်ဆက်နွယ်မှု ရှိသည်ဆိုတာ သောင်းကျော် သိရှာမပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထိပ်တိုက်ဆုံပြီး အခြေအတင် ဆွေးနွေးကြသည်ဟု ထင်ပေလိမ့်မည်။ ကြည်ပြာလဲ ထိုသို့ပင် မျှော်လင့်ထားခဲ့သည်။

သူမတို့နှစ်ယောက်ဟာ လင်းဇော်ထက် တစ်ယောက်ကို ဦးတည်ပြီး ထိပ်တိုက်ဆုံလာကြရခြင်း ဖြစ်သည်။ ကြည်ပြာ့ဘက်က ဇာတ်လမ်းရှင်းပေမယ့် အိန္ဒြေဘက်က မရှင်းမရှင်းမို့ ယခုလိုတွေ့ဆုံ ရှင်းလင်းရခြင်းဖြစ်သည်။

အိန္ဒြေက ဖြစ်ကြောင်းကုန်စင်နှင့် ပတ်သက်မှုအားလုံးကို အခ ... အလက်အကိုးအကားနှင့်တကွ ရှင်းပြသည်။

"ကျွန်မတို့က မောင်နှမတွေပါ၊ လင်းဇော်အမေနဲ့ ကျွန်မအမေနဲ့ ... ညီအစ်မအရင်းတွေလေ ကြည်ပြာရဲ့"

ရုတ်တရက် ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလို ထိတ်လန့်တ ... ဖြစ်လောက်အောင်ပင် မိုးချုန်းသံ ကြားလိုက်ရသည်။

ပြီးမှ ... ကောင်းကင်မှာ မိုးသားကင်းစင်ကြည်လင်ဝင်းပ၍ ကမ္ဘာ ... သာယာစိုပြေသွားကြောင်း သတိထားမိလိုက်သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

ခန်း (၁၈)

ရွှေမန်းသူ အဝေးပြေးကားဝင်း။ ရန်ကုန်မှ ပုဂံသို့သွားမည့် Ex-
ကားပေါ်တွင် ဝေါင်စင်းစင်းထိုင်နေသူ တစ်ယောက်ရှိသည်။

ထိုသူကား လင်းဇော်ထက်ပင်။ အရှုံးသမား ဒဿဂီရိတော့မဟုတ်။
ဖူးခရီးစဉ်ကို တစ်ကိုယ်တည်း ထွက်ရချေပြီ။ စိတ်ပျက်အားငယ်ရခြင်း
င့် မွန်းကျပ်လှသောကြောင့် အပန်းဖြေရာလည်းရောက်၊ ကုသိုလ်လည်း
အောင် ဘုရားဖူး ထွက်တော့မည်။

ကားပေါ်သာတက်လာခဲ့ရသည်။ ခေါင်းထဲမှာ ထူပူရှုပ်ယှက် ခတ်ပြီး
မဆန်းဖြစ်နေသည်။ စိတ်မကြည်လင်ခဲ့ရသမျှ လတ်ဆတ်သော လေနှင့်
သော မြင်ကွင်းရှုခင်းတွေဖြင့် အတိုးချ ပျော်ဝင် ဖြေဖျောက်ရပေတော့မည်။

“ဒီနားမှာ ထိုင်လို့ရမလားရှင်”

အမျိုးအစားကတော့ ဖိုသံမဟုတ်သော မသံပေးသည့် အမျိုးကောင်း
အသံအမျိုးအစားပင်။ အမည် မသိရသေးသော မိန်းကလေးတစ်
က အတွေးမှာမျောနေသော သူ့ကိုလာမေးခြင်းပင်။

“ထိုင်ခုံလက်မှတ်မှန်ရင် ထိုင်လေ ... ကိုယ့်ခုံကိုယ်ထိုင်တာ ဘာခွင့်
ရာလိုလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မမုန်ဘဲနဲ့ ထိုင်မယ်ဆိုရင်ကော ရမလား"

လင်းဇော်ထက် မျက်မှောင်ကျုံ့ကာ စိတ်ရှုပ်သွားရသည်။ ကိုယ့်ဟာ ကိုယ် ကံကြမ္မာဂြိုလ်စီးမြွေမှတ်လို့ ထခုန်ကာ တိုင်ပတ်နေရသည့်ကြားထဲ ဒီ မျိုး လျှာကြောရှည်ခရီးသွားဖော်တွေက တစ်မှောင့်။ အမေးအမြန်း လာထူ ပြန်သည်။ စိတ်မရှည်လက်မရှည်ဖြင့် ပြစ်တင်ရေရွတ်လိုက်သည်။

"ကျစ် ... တကယ့်ကို ရှည်ကြောသူနဲ့မှ လာတိုးနေရပါ ... ဟင်"

လင်းဇော်ထက် အပြစ်ဖို့စကားဆိုရင်း အသံရှင် မိန်းကလေးကို ကြည့်လိုက်မိကာမှ မျက်လုံးပြူးသွားရသည်။

"ကြည်ပြာဖြူ ... "

အံ့သြတကြီးပင် နှလုံးသားမှ အထပ်ထပ်ရေရွတ်ခဲ့ဖူးသော စွဲလမ်း ၏ အမည်နာမကို ရေရွတ်မိသည်။ သူမကမူ ဟန်ပါပါလေး တစ်ချက်ပြုံး ပြီး ဘေးခုံတွင် ပိုင်စိုးပိုင်နင်း ဝင်ထိုင်လေတော့သည်။

"ဘယ်လိုလဲ သိုင်းဆရာကြီးရဲ့၊ တရုတ်ရိုးရာ သိုင်းပညာတွေထဲ လေသိုင်းကိုတော့ တော်တော်လေ့လာခဲ့ပုံရတယ်၊ အခုလည်း ... ဂန္ဓာရီ လှည့်လည်ဖို့ ထွက်လာခဲ့တာလား၊ အစွန်းရောက် သိုင်းပညာရှင် ဥစ္စာ မလေး ရုတ်တရက် အနားရောက်လာလို့ အံ့သြသွားပြီထင်တယ်"

သူ နဝေတိမ်တောင်ဖြင့် နားမလည်နိုင်စွာ သူမကို တွေတွေ ငေးလိုက်သည်။ သူမကတော့ အေးဆေးပေါ့ပါးသော အမူအရာဖြင့် မြ ကြွကြွလှပဆဲပင်။ တတ်လည်းတတ်နိုင်တဲ့ အလှရှင်နတ်မိမယ်လေးတစ်ယော မမျှော်လင့်ဘဲ အနီးဆုံးကို ရောက်လာလေပြီ။

"ဘာတွေပြောနေတာလဲ ... သိုင်းဆရာကြီးက ဘယ်သူလဲ"

"တကယ် မသိဘူးလား"

သူ ခေါင်းခါပြပြီး မအူမလည်ဖြင့် မေးလိုက်သည်။ ကြည်ပြ ရှက်ပြုံးကလေးဖြင့် မျက်နှာလွှဲကာ ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ကြည်ပြာ ... ကိုလင်းဖော်နဲ့အတူ ဘုရားဖူးခရီးကို လိုက်မလို့"

"ဘာ ... ဘယ်လို၊ ဘယ်လို ... ကြည်ပြာ ဘယ်လိုပြောလိုက်တယ်"

ကိုယ့်နားကိုယ်ပင် မယုံနိုင်တော့ဘဲ တုန်တုန်လှုပ်လှုပ် ကြည်ပြာ့အနားကပ်ကာ မေးလိုက်မိသည်။

"ကြည့် ... တုံးမလိုလိုနဲ့ အပြန်ပြီ၊ ရှင်နဲ့အတူ ဘုရားဖူးရင်းပြီ တူးမလို့"

"ဟာ ... ဒါဆို ..."

အပျော်တစ်ဝက်ဖြင့် ဆို့နင့်ကာ လက်သီးဆုပ်မိသည်။ ရှက်စနိုး မခို့ အပြုံးလေး သူမပါးပြင်မှာ တွဲလွဲခိုနေလေသည်။

"ဟာ ... ကျေးဇူး၊ ကျေးဇူး ... ရဲ့စ်၊ ငါကွ ... အမလေး သာလိုက်တာ ကြည်ပြာရယ်၊ ကြည်ပြာ ကျွန်တော့်ကို မမုန်းတော့ဘူးပေါ့"

ကြည့်စမ်း။ မင်းမင်းအောင် တမင်သိရက်နှင့်သူ့ကို ကလိလိုက်တာ လက်မှတ်မှာပေးစဉ်ကတည်းက နှစ်ယောက်တွဲ ထိုင်ခုံရအောင်မှာထားပြီး သိအောင် ဖုံးဖိထားခဲ့သည်။

ဒီကတည်းက သိထားရက်နဲ့ ကြို့မပြောသဖြင့် အချိန်စောပြီး ဝမ်းသာ သူမရခဲ့ပေ။ သူ့ကို ရုတ်တရက်ကြီး မထင်မှတ်ဘဲ ပျော်ရွှင်ရအောင် ယောက်ပေါင်း ကျိတ်ကြံကြခြင်းပင်။

ကြည်ပြာရဲ့လက်ကလေးကို အားပါးတရ ဆုပ်ကိုင်ရင်း ဝမ်းသာ ကြည်နူးသွားသည်။ ကြည်ပြာတော့ ကြည့်သာလာချေပြီ။

"ဒါဖြင့်ရင် အိခြွေနဲ့ကိုယ့်ကို အထင်မလွဲတော့ဘူးပေါ့နော်"

"အိခြွေက ကြည်ပြာ့ကို လာရှင်းပြလို့ အားလုံးသိသွားပြီ"

အခုတော့ အမြင်တွေအားလုံး ရှင်းလင်းခဲ့ပြီပေါ့။ မိုးကောင်းကင်မှာ သို့တိမ်မဲတွေ ကင်းစင်လို့ ဝင်းပကြည်လင်သာယာလေပြီ။

---

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ကြည်ပြာ ကျွန်တော့်ကို ချစ်နိုင်ပြီပေါ့နော်"

"ဟင်း ... မေးစရာလား ... သေဦးမယ်"

သူမက ညစ်ကျယ်ကျယ်နဲ့ ချစ်စဖွယ် ကျိန်းလိုက်သည်။

အဲဒါလေးတွေကိုက ချစ်ဖို့ကောင်းနေတာ။ အပြုံးအပျော်တွေ နှစ်ဦးသာ ဝေမျှကာ ကူးစက်သွားကြသည်။

မန်နေကျာနှင့် သောင်းကျော်တို့ကို အောင်သွယ် လုပ်ပေးခဲ့သော အစီ စီစဉ်သူမှာလည်း သူမပင်ဖြစ်ကြောင်း ရှင်းပြသည်။ အဖြစ်အပျက် အတိမ်း အစောင်း လွဲချော်မှုတွေကို စေ့စပ်ပြည့်စုံ ခြုံငုံမိအောင် တိုးတိုးဖွဖွ ပြောပြသည်။ ကြင်နာသဖြင့် ဖွင့်ဟသော ချစ်သူ့အသံကို သူ့နားဖြင့် ပန်ဆင်တော်မူရသည် မှာ ဂျေဒိုးနတ်စားရသလို ဖြစ်နေသည်။

"ကျွန်တော်ဗျာ နှလုံးသား ကုန်ရှုံးလို့ ဝေးရပြီမှတ်နေတာ"

"ရှင် မရှုံးပါဘူး၊ ပန်းမပေးပါနဲ့ ... ကြည်ပြာ အနိုင်ပေးပါတယ်"

သူ ဖြစ်သိမ့်မှု ကြုံသမှု ပျက်ခဲ့သမှုကို တွေးတောခြုံငုံ၍ သုံးသပ်ကြည့် မိတော့သည်။ ကံသီပေလို့ အဝေးဆုံးမှ အနီးဆုံးရောက်ကာ အဆိုးဆုံးမှသည် အကောင်းဆုံးတစ်ဖန် ပြန်လှည့်လာခြင်း ဖြစ်သည်။ သဘောထားကြီးကြီး တည် ငြိမ်ရင့်ကျက်စွာ ခွင့်လွှတ်နားလည်ဖြေသိမ့်ပေးရင်း သတ္တိရှိရှိ ကျော်လွှားလာ တာလည်း သူ့အကောင်း ဖြစ်စေဖို့ ကံဖန်လာခြင်းပင်။

"ကျွန်တော် ဒီတစ်သက် ကြည်ပြာ့အချစ်ကို မရတော့ဘူးဆိုပြီး ဝမ်း နည်းကြေကွဲမိနေတာ"

သူ့ထင်မြင်ယူဆချက်တွေနှင့် သွေဖယ်စွာ ပြောင်းပြန်ရလဒ်တွေ ... လွင်သွားသည်။ ကြည်ပြာ သူ့မျက်နှာကို တစ်ချက်စေ့စေ့ကြည့်လိုက်ပြီး ... မချဉ်ရယ်လေသည်။

သိပ်ဉာဏ်များပြီး မာယာများသလောက် ချစ်ဖို့ကောင်းတဲ့ ... မလေး။ အိခြွေနှင့်သူ့ကို အထင်လွဲကာ ချစ်လိုလျှက်နဲ့ အမုန်းစကား ဆိုခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုစိတ်ရှိတယ်ဆိုတာ သူသတိမပြုမိခဲ့။

အခုတော့ ... သူ့အနားမှာ မချိုမချဉ်မျက်နှာပေးနဲ့ ရစ်ဝဲလို့။ သိပ်ကောင်းလွန်းသည့် ခေါင်းကို ဆယ်ချက်လောက် လက်သီးဆုပ်နဲ့ ထုပစ်ချင်စိတ်ကို ပေါက်ရော။ တော်တော်လည်း အသည်းယားဖွယ်ကောင်းအောင် သူ့ကို ကြာရှည်အသိမပေးဘဲ လျှို့ဝှက် ကြံစည်ထားသေးသည်။ သူမကတော့ အထက်စီးရထားသူပီပီ အလှမပျက် အပြုံးကိုအထိအခိုက်မခံ သိမ်းဆည်းနိုင်တာပေါ့။

BURMESE CLASSIC

"အိပ်မက်လား၊ တကယ်လား ... မယုံသင်္ကာဖြစ်စရာပဲ၊ ကြည်ပြာချွန်တော့်ကို လှည့်စားပြီး အရှက်ခွဲမှာတော့ မဟုတ်ပါဘူးနော်"

"အရာရာကို အနုစိတ် ဂရုပြုတတ်တဲ့ မိန်းမတစ်ယောက်အနေနဲ့ ဘတိပေးပါတယ်၊ ကိုလင်းဇော် ခံစားနေရတာ မကြည့်ရက်လို့ ... "

သူမကိုယ်တိုင်ကလည်း အလူးအလဲ ကြေကွဲဝမ်းနည်း၍ မနေလိုတော့သော၊ မှန်တေတေ မျက်နှာငယ်စွာ စိုးရွံ့နေသော သူ၏လက်တွေကို ပိုမိုတင်းကျပ်စွာ ဖျစ်ညှစ်၍ အားပေးနှစ်သိမ့်လိုက်သည်။

သူမသည် ရင်ခုန်နွမ်းလျအောင် အပြုံးနဲ့ပင် စိုးမိုးပြုစားနိုင်စွမ်းသည်။ ဒီအပြုံး၊ ဒီအလှတွေကြောင့်ပင် သူရှုံးသွပ် နွမ်းလျခဲ့ရသည်။ ကြင်နာသော အကြည့်သည် ရွှန်းလဲ့သော မျက်ဝန်းချင်း ဆုံလေမှ ပိုမိုအသက်ဝင် အဓိပ္ပါယ်ဆေးနက်တော့၏။

"ဟိုကောင်ကြီး မင်းမင်းအောင်ရောပဲ ... ဒီကောင် သက်သက်မဲ့ သူကို အလွမ်းနာတာရှည် ခံစားရအောင် နှိပ်စက်ညှင်းဆဲထားတယ်"

အခုမှ မင်းမင်းအောင်ကို သတိရပြီး ထုတ်ဖော်ကျိန်းလိုက်မိသည်။ ကြည်ပြာက လက်မှနာရီကို တစ်ချက်ကြည့်ပြီး ပြုံးစစဖြင့် စကားဆိုသည်။

"အခုချိန်လောက်ဆို အိမ်ခြေကို သင်တန်းမှာ သွားကြိုနေလောက်ပြီ ... ဆယ်မနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... ဒါဆို ဒီသေနာကျက ငါ့နှမလိုချင်လို့ ကြည်ပြာ့ကို ထိုးကျွေးလိုက်တဲ့ သဘောပေါ့"

"ဒီသဘောဆိုရင်လဲ မမှားပေဘူးပေါ့ရှင်"

လင်းဇော် ခေါင်းငုံ့ ရှက်ပြုံး ပြုံးကာ ဆံပင်များကုပ်ဖွမိတော့သည်။ အဝေးပြေးကားလေးထဲမှ တစ်ခုသော ဆိုဖာနောက်မှီခုံကလေးပေါ်တွင် သူမ အမူပိုပို ရှက်ပန်းရိပ်တွေ ပြုလို့နေသည်။

"ကြည်ပြာ့အပေါ် ကျွန်တော် တကယ်အလေးအနက်ထားပြီး ချစ်ခဲ့တာပါဗျာ၊ မျက်နှာမများဘဲ ကြည်ပြာတစ်မျက်နှာတည်းကိုပဲ စုပုံပြီးချစ်တာပါ"

နားကြောစိမ့်လောက်ဖွယ် ချစ်ခွန်းဖွဲ့သီမှုကို စိတ်လိုလက်ရ ပေါ့ပါး ချိုကြည်စွာ အချွဲပိုမိတော့သည်။ ကြည်ပြာက "ကျေနပ်ပြီလား"ဆိုသည့် သဘော ဖြင့် မျက်ခုံးပင့်ပြသည်။

"ရှင်ဟာလေ ... တော်တော်အပြောကောင်း၊ တောပြောင်း ဟင်းနှံဖုန်း ရောင်းပါလား"

တိမ်စိုင်အရိပ်ခို၍ ပွင့်သော ကြာပန်းကလေးတွေက လဖ်းဘေးမြေ မြောင်းထဲမှာ ကြယ်အစင်းတစ်ရာ ဝင်းပလင်းလက်သလို လွင့်ဝေပွင့်ဖြာနေ တော့သည်။

အသက်ရှင်ရပ်တည်ရေးနှင့် အနာဂတ်ကမ္ဘာ စိမ်းလန်းရေးအတွက် နည်းပညာကြွယ်ဝလွှမ်းမိုးမှုကြားမှာ ချစ်တယ်ဆိုတာ ဘယ်လောက်အရေးပါ သလဲ။ သွားလာစားသောက် အချိန်နှင့်တပြေးညီ နောက်ကောက်မကျဘဲ အချစ် ကို လှုပ်ရှားအသက်ဝင် ပစ်ရမည်။ တူစုံညီညာ ပေါင်းဖက်ခွင့် မတွေ့ကြ လျစ်လျူရှု၍ မရတော့ပေ။

အတတ်ပညာနှင့် ဖန်တီးယူထားတဲ့ အချစ်၊ ငွေနဲ့ဝယ်တဲ့ အကြင်နာ အပြင်းပြေ အချဉ်ထုပ်ပမာ သဘောထားသည့် အိမ်ထောင်ရေးပေါင်းဖက်မှု ထက်သာလွန်လေးနက်သော အကြောင်းတရားရှိသည်။

---

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အသက်ဝင် အတောက်ပဆုံး မရှိမဖြစ် ချစ်ခွင့်ပန်ဖို့ ဝန်လေးမနေသင့်တော့သော ကမ္ဘာကြီးဖြစ်နေပြီ။ တကယ်စိတ်ထဲ နှစ်နှစ်ကာကာမပါဘဲ ပေါင်းဖက်တွဲစပ်ကြတာဟာ ကျောက်ခေတ် ယဉ်ကျေးမှုမှာ ကျကျန်ခဲ့သော ပေါ့ဆမေ့လျော့မှုပင် ဖြစ်ပေမည်။

"တော်တော်လည်တဲ့ မိန်းမလှလေး။ မင်းကို အရမ်းချစ်တယ်သိလား"

ကမ္ဘာကြီး လုံးချာလည်လှည့်ပတ်နေတာကို လက်ခံယုံကြည်လိုက်ပါပြီ။

"ကျွန်တော့်ကို ပြန်ချစ်တယ်လို့ တုံ့ပြန်တာပေါ့နော်"

ပါးစပ်နှင့်မပြောမချင်းတော့ ပြီးဦးမှာမဟုတ်ပေ။ ဒါပဲလှည့်ပတ်ပြီး နားအရသာခံဖို့ မေးစမ်းနေတော့သည်။

"အင်း ... အဲဒါကိုတော့ သေသေချာချာ မစဉ်းစားမိသေးဘူး ဆိုတော့ကာ ..."

ကြည်ပြာ ဘုတောကာ သူ့ကို မရိုးမရွဖြစ်အောင် ရန်စပါတော့သည်။ မျက်နှာထားတည်တည် ခပ်တန်းတန်းလေသံဖြင့် သူမဟုတ်တဲ့အတိုင်းပင်။ အသည်းထဲမှာ ယားကျိကျိ ကလိကလိဖြစ်လာသဖြင့် သူမကိုယ်လုံးလေးကို သိမ်းကျုံး ဖက်လိုက်သည်။

"အို ... ဘယ်သူက ချစ်တယ်ပြောသေးလို့လဲ"

"မညစ်နဲ့ကွာ၊ ပါးစပ်က မဖွင့်ဟပေမယ့် မျက်ဝန်းတွေက အပြန်အလှန်ပြောမိခဲ့တာ ကြာပါပြီ ကြည်ပြာရယ်"

"အဟင်း ... အဟမ်း"

ဘေးတစ်တန်းထဲဖြစ်သော တစ်ဖက်ခြမ်းခုံမှ ချောင်းဟန့်သံပေး၍ သမ်းနောက်သဖြင့် ကိုယ်ရှိန်တန့်သွားရသည်။ တစ်ဖက်လူမှ မျက်စိတစ်ဖက်မှိတ်ပြကာ အချက်ပေးမြှောက်ပင့်သဖြင့် ပိုမိုစီးပိုင်စွာ ဖက်လိုက်မိလေသည်။

"လွှတ်ပါဦး ... ကားပေါ်မှာ ရှက်စရာကြီး"

နှုတ်ခမ်းစူတူတူဖြင့် မကြည်မသာ ဟန်ပြုလေမှ သူစိုးရိမ်ကာ ချစ်


www.burmeseclassic.com

www.burmeseclassic.com


ကြောက်ရှိသေသမှုဖြင့် လွှတ်လိုက်ရသည်။

"သိပ်ချစ်တာပဲ ကြည်ပြာရယ်"

တိုးတိုးဖွဖွ အသက်ပါပါ သူ့ညည်းတွားရေရွတ်ပစ်လိုက်သည်။ ဒီတော့လည်း သူ့မက အကပ်ခံလိုဟန်ဖြင့် ခေါင်းကလေးစောင်းကာ သူ့ပခုံးပေါ် မှီနွဲ့လာသည်။

ရှုံးမလိုလိုနှင့် အမြတ်ပေါ်လာသော ဖူးစာရှင်နတ်မိမယ်လေး။

"ကြည်ပြာလည်း ရှင့်ကို ချစ်ပါတယ်"

အလွမ်းသံသရာ ခရီးရေယာဉ်ကြောမှာ နှစ်မျောစဉ် အသက်ကယ်ပြီး အဖတ်ဆယ်ပေးတဲ့ သူ့ရဲကောင်းမလေးအဖြစ် မြင်မိစေတော့သည်။

ခရီးသွား စုံတွဲ လတ်လတ်ဆတ်ဆတ်လေးက တစ်သက်တာအတွက် ရင်ခုန်သံမြန်လို့နေသည်။ နှလုံးသားခံစားချက်ချင်း ညီမျှဖို့ လိုအပ်ချက်တွေ ဖေးမကြသည်။

Express ကားကြီးက တရွေ့ရွေ့ပြေးကာ ရှုခင်းပသာဒ၊ မိုင်တိုင်များ ကျော်လွန်ပြီး အချစ်မရှိတဲ့ ရပ်ဝန်းနဲ့ဝေးရာသို့ ခရီးနှင်နေပါသည်။ နှစ်ယောက်သား ရင်ထဲအေးမြပြီး စိတ်ချလက်ချ ငြိမ်းချမ်းသွားရလေသည်။ အနောင့်အယှက်ကင်းကင်း အဝေးပြေးကားကလည်း အသည်းနှလုံး ကမ္ဘာမြေခေါ်ဆောင်ရာ မေတ္တာလမ်းမထက် တဝီဝီပြေးနေလေပြီ။

လင်းဖော်ထက်ဘေးမှာ ကြည်ပြာဖြူတစ်ယောက် မှီတွယ်ကွန်းခိုကာ နိုင်မြဲသောလက်ဖြင့် ချိတ်တွဲလို့ပါလာတော့သည်။

ချစ်မျှားရှင်



www.burmeseclassic.com